# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလဆန်း ၆ ရက်၊ တနင်္လာနေ့။ Monday 18 June 2018 ၉၃၂၁


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

**ကွက်ကျားမိုး**

**နေပြည်တော်**
နေရာကွက်ကျား မိုးရွာမည်။
ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**ရန်ကုန်**
မိုး တစ်ကြိမ်၊ နှစ်ကြိမ် ရွာမည်။
ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**မန္တလေး**
နေရာကွက်ကျား မိုးရွာမည်။
ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မွန်ပြည်နယ်အတွင်း ရေကြီးရေလျှံမှုများအား လိုက်လံကြည့်ရှုပြီး အားပေးထောက်ပံ့မှုများ ပြုလုပ်

မော်လမြိုင် ဇွန် ၁၇

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံတို့သည် ယနေ့ မွန်းလွဲပိုင်းတွင် မော်လမြိုင်နှင့် မုဒုံမြို့တို့မှ ရေကြီးနစ်မြုပ်ပျက်စီးသည့် နေရာများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။**

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆

# ရခိုင်ပြည်နယ် ဝန်ကြီးချုပ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့ မောင်တောမြို့နယ် သစ်တုံးနားခွဆုံကျေးရွာ၌ နေအိမ်များ ပေးအပ်ပွဲနှင့် ကျေးရွာတွင်း လမ်းဖွင့်ပွဲ တက်ရောက်



သစ်တုံးနားခွဆုံကျေးရွာ၌ မြို့တိုင်းရင်းသားများအတွက် ဆောက်လုပ်လှူဒါန်းထားသည့် နေအိမ်များကို တွေ့ရစဉ်။

**မောင်တော ဇွန် ၁၇**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်တို့သည် ဇွန် ၁၆ ရက် မွန်းလွဲပိုင်းက ရခိုင်ပြည်နယ် မောင်တောမြို့နယ် သစ်တုံးနားခွဆုံကျေးရွာ၌ ကျင်းပသည့် မြို့တိုင်းရင်းသားများအတွက် နေအိမ်များနှင့် ကျေးရွာတွင်း လမ်းသစ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ကျေးဇူးတင်စကားပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်က နေအိမ်နှင့်လမ်းများ ဆောက်လုပ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကျေးရွာမှ ပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

**၄၁၆၇ ဒသမ ၆ သိန်း**

သစ်တုံးနားခွဆုံကျေးရွာမှ မြို့တိုင်းရင်းသားများအတွက် လှူဒါန်းခဲ့သည့် နေအိမ် ၄၄ လုံး၊ လမ်းနှင့် လက်နှိပ်ရေတုံကင်များကို ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် လုပ်သားပြည်သူများ၏ ထည့်ဝင်ငွေဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳**




# ကြေးမုံ

## ပေါင်းစည်းဆက်နွှယ်မှုဖြင့် ဖွံ့ဖြိုးမှုမြှင့်တင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ(ငြိမ်း)၏ ဖိတ်ကြားချက်အရ ၂၀၁၈ ခုနှစ် ဇွန်လ ၁၄ ရက်နေ့တွင် ထိုင်းနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီးနောက် ဇွန်လ ၁၅ ရက်နှင့် ၁၆ ရက်နေ့တွင် ဗန်ကောက်မြို့၌ကျင်းပသည့် (၈) ကြိမ်မြောက် ဧရာဝတီ- ကျောက်ဖရား- မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်မက်စ်)ထိပ်သီးအစည်းအဝေးနှင့် (၉)ကြိမ်မြောက် ကမ္ဘောဒီးယား- လာအို- မြန်မာ- ဗီယက်နမ် (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။

အဆိုပါအစည်းအဝေးများသို့ နိုင်ငံတော်သမ္မတ တက်ရောက်ဆွေးနွေးဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာနက ဇွန်လ ၁၆ ရက် နေ့စွဲဖြင့် သတင်းထုတ်ပြန်ချက်အပြည့်အစုံကို ထုတ်ပြန်ခဲ့သည်။ ထိပ်သီးဆွေးနွေးပွဲများသို့ နိုင်ငံတော်သမ္မတ တက်ရောက်ပြီး မဲခေါင်ဒေသတွင်း နိုင်ငံများနှင့် ပေါင်းစည်းဆက်နွှယ်မှုဖြင့် ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်မှုများကို ဆွေးနွေးခဲ့သည်။ (၈)ကြိမ်မြောက် (အက်မက်စ်) ထိပ်သီးအစည်းအဝေးကို **"ပေါင်းစည်းဆက်နွှယ်မှုရှိသည့် မဲခေါင် အသိုက်အဝန်းတစ်ခု တည်ထောင်ရေး"** ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သည်။ (၉)ကြိမ်မြောက် (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးကို **"စီးပွားရေးပေါင်းစည်းမှုနှင့် ဆက်သွယ်ချိတ်ဆက်မှု ပိုမိုမြှင့်တင်ရေးသို့"** ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သည်။

ထိုသို့ ရည်ရွယ်ချက်ခေါင်းစဉ်များပါအတိုင်း အစည်းအဝေးများတွင် နိုင်ငံ့ခေါင်းဆောင်များက ပေါင်းစည်းဆက်နွှယ်မှုရှိသည့် မဲခေါင် အသိုက်အဝန်းတစ်ခု တည်ထောင်နိုင်ရေးကို ရှေးရှုဖော်ဆောင်နိုင်ခဲ့သည်။ မဲခေါင်ဒေသတွင်း နိုင်ငံများအတွင်း စီးပွားရေးပေါင်းစည်းမှုနှင့် ဆက်သွယ်ချိတ်ဆက်မှုတို့ကို ပိုမိုမြှင့်တင်နိုင်ရေးအတွက် ဆွေးနွေးနိုင်ခဲ့သည်ကို တွေ့ရသည်။ နိုင်ငံတော်သမ္မတသည် အစည်းအဝေး၌ အက်မက်စ် ပူးပေါင်းဆောင်ရွက်ရေး ဖြစ်ပေါ်တိုးတက်မှုအခြေအနေများအား သုံးသပ်ဆွေးနွေးခဲ့သည်။ နိုင်ငံတော်သမ္မတက အက်မက်စ်လုပ်ငန်းစီမံချက် (၂၀၁၉-၂၀၂၃)ပါ အခြေခံအဆောက်အအုံနှင့် အဖွဲ့အစည်းဆိုင်ရာ ပေါင်းစည်းဆက်သွယ်မှု၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရေးစသည့် အနာဂတ်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြောကြားခဲ့သည်။

စီအယ်လ်အမ်ဗွီအစည်းအဝေးတွင် နိုင်ငံတော်သမ္မတသည် စီအယ်လ်အမ်ဗွီ ပူးပေါင်းဆောင်ရွက်ရေး၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို သုံးသပ်ခဲ့ပြီး အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးတို့အပါအဝင် အနာဂတ်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ အစည်းအဝေး၌ ပူးတွဲကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့ရာ စီအယ်လ်အမ်ဗွီ ပူးပေါင်းဆောင်ရွက်မှုတွင် မြန်မာ၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့အကြား ဆက်သွယ်မည့် ကားလမ်းဖောက်လုပ်ရေးအတွက် ဖြစ်နိုင်ခြေ လေ့လာရေးလုပ်ငန်းများဆောင်ရွက်သွားရန် စီမံချက်ပါဝင်သည်။

အက်မက်စ်ထိပ်သီးအစည်းအဝေး၌ အက်မက်စ် လုပ်ငန်းစီမံချက် (၂၀၁၉-၂၀၂၃)နှင့် ဗန်ကောက် ကြေညာစာတမ်းတို့ကို ထုတ်ပြန်ကြေညာခဲ့သည်။ အက်မက်စ်လုပ်ငန်းစီမံချက်အသစ်အရ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့အကြား ကုန်းလမ်းဆက်သွယ်မှုတိုးမြှင့်ရန်၊ မဲခေါင်နိုင်ငံများအကြား ကုန်သွယ်မှုမြှင့်တင်ရေးအတွက် အခြေအနေကောင်းများ ဖန်တီးပေးရန်နှင့် မဲခေါင်နိုင်ငံများအကြား ကမ္ဘာလှည့်ခရီးသွားများ ခရီးသွားလာမှု ပိုမိုလွယ်ကူစေရန်အတွက် အစီအစဉ်များ ချမှတ်ဆောင်ရွက်သွားရန်တို့ပါဝင်သည်။

သို့ဖြစ်ရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီးတို့ သွားရောက်ခဲ့သည့် ထိုင်းနိုင်ငံချစ်ကြည်ရေးခရီးစဉ်နှင့် နိုင်ငံတော်သမ္မတ တက်ရောက်ဆွေးနွေးခဲ့သည့် အက်မက်စ်နှင့် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးများမှ မြန်မာနိုင်ငံအတွက် ရလဒ်ကောင်းများပေါ်ထွက်ခဲ့သည့်အပြင် မြန်မာနိုင်ငံနှင့် မဲခေါင်ဒေသတွင်း နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုနှင့်ပေါင်းစည်းဆက်နွှယ်မှု ပိုမိုမြှင့်တင်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ။

# ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စက်ရုံများနှင့် စက်မှုသင်တန်းကျောင်း ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၇**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ဇွန် ၁၅ ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်ရှိ စက်မှုသင်တန်းကျောင်း(ဆင်တဲ)သို့ ရောက်ရှိပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ သက်မွေးဝမ်းကျောင်းပညာကို အဆင့်အတန်းမခွဲခြားဘဲ လက်တွေ့ကျကျ ကျွမ်းကျင်တတ်မြောက်အောင် သင်ကြားပို့ချပေးရန်၊ သင်ရိုးညွှန်းတမ်းများကို ခေတ်နှင့်အညီ အစဉ်ပြုပြင်ပြီး ကျွမ်းကျင်ဝန်ထမ်းများအဖြစ် လေ့ကျင့်သင်ကြားပေးရန်၊ စာတွေ့နှင့် လက်တွေ့ကို ပေါင်းစပ်၍ သင်တန်းခန်းမတွင်းမှ အစပြု၍ လက်တွေ့လုပ်ငန်းခွင်အထိ ကွင်းဆင်းသင်ကြားပို့ချရန်၊ သင်တန်းဆရာ ဆရာမများကိုယ်တိုင် ပါဝင်လေ့ကျင့်စေခြင်းဖြင့် လက်တွေ့ကျွမ်းကျင်သူများကို သင်ကြားမွေးထုတ်နိုင်မည်ဖြစ်ကြောင်း မှာကြားသည်။ ထို့နောက် သင်တန်းခန်းမများ၊ အလုပ်ရုံများသို့ လှည့်လည်ကြည့်ရှု၍ လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးခဲ့သည်။

ညနေပိုင်းတွင် အမှတ် ၁၆ အကြီးစားစက်ရုံသို့ ရောက်ရှိပြီး စက်ပစ္စည်းများ၏ ကြံ့ခိုင်မှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းအိမ်ရာများ၊ အငြိမ်းစားဝန်ထမ်းများအတွက် နေရာချထားမှုများကို ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇွန် ၁၆ ရက် နံနက်ပိုင်းတွင် အမှတ် ၂၃ အကြီးစားစက်ရုံ(ညောင်ခြေထောက်)သို့ရောက်ရှိ၍ ထုတ်လုပ်ပြီး အသေးစား Rolling Machine စမ်းသပ်လည်ပတ်နေမှုအခြေအနေ၊ ကုန်ချောလက်ကျန်အခြေအနေ၊ အလုပ်ရုံအလိုက်ရှိ စက်ပစ္စည်းများအခြေအနေနှင့် စက်အရန်ပစ္စည်းများထုတ်လုပ်ရန် စက်ခုတ်စားနေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် တပ်ဆင်ရေးအလုပ်ရုံရှိ စက်ကိရိယာအမျိုးမျိုးကို ဈေးကွက်အရောက် အရည်အသွေးမြှင့်တင်၍ ထုတ်လုပ်ရန်၊ တီထွင်စမ်းသပ်ထုတ်လုပ်လျက်ရှိသော စက်ကိရိယာအမျိုးမျိုးကို လက်တွေ့ကျကျ အသုံးချနိုင်သည်အထိ တစ်ဆင့်ပြီးတစ်ဆင့်ဆောင်ရွက်ကာ နည်းပညာ၊ ဖွဲ၊ လုံ့လ၊ ဝီရိယဖြင့် ပူးပေါင်းဆောင်ရွက်ကြရန်၊ လုပ်ငန်းစဉ်အလိုက် မှတ်တမ်းဒီဇိုင်းများကို စနစ်တကျထားရှိ၍ အခြားသော စက်ကိရိယာ အမျိုးမျိုးကိုလည်းဈေးကွက်လိုအပ်ချက်အရ တီထွင်ဖန်တီးကြရန်၊ အနံချဲ့ရက်ကန်းစက် အလုံး ၅၀ ကျော် အောင်မြင်စွာထုတ်လုပ်ပြီးဖြစ်၍ အလုံး ၁၀၀ အထိ ပြည့်မီအောင်မြင်စေရန်ကိစ္စများကို အသေးစိတ်ညှိနှိုင်းဖြေရှင်းပေးခဲ့သည်။ **သတင်းစဉ်**



# မြန်မာ့သိုင်းပညာရှင်များစုံညီပွဲတော် မုံရွာပြည်သူ့အားကစားကွင်း၌ ကျင်းပမည်

**မုံရွာ ဇွန် ၁၇**

မြန်မာ့သိုင်းပညာရှင်များ စုံညီပွဲတော်ကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ပြည်သူ့အားကစားကွင်းအတွင်း လာမည့်ဩဂုတ်လတွင် ကျင်းပသွားရန် ဇွန် ၁၇ ရက်က ပြုလုပ်သည့် မြန်မာ့သိုင်းချစ်မြတ်နိုးသူများအဖွဲ့၏ အကြိုညှိနှိုင်းအစည်းအဝေးမှ သိရသည်။

**မျိုးဆက်သစ်တွေ သိရှိအောင်**

"မြန်မာ့သိုင်းပညာရှင်များ စုံညီပွဲတော်ကို လုပ်ရတဲ့ အဓိကရည်ရွယ်ချက်က ရှေးအစဉ်အဆက် ထိန်းသိမ်းလာတဲ့ မြန်မာ့သိုင်းပညာကို မျိုးဆက်သစ်တွေ မြင်တွေ့သိရှိလေ့လာခွင့်ရအောင်လို့ လုပ်ပါ။ အရင်ကမလုပ်ဖူးပါဘူး။ ဒါပထမဦးဆုံးလုပ်ဖို့ စီစဉ်ကြတာပါ။ စစ်ကိုင်းတိုင်းထဲမှာ သက်ကြီးသိုင်းပညာရှင်တွေ လက်ရှိရထားတဲ့ စာရင်းအရ ၂၀ လောက်ရှိတယ်။ နောက်ထပ်ကြားရင် သိရင်လည်း စုံညီပွဲတက်ရောက်နိုင်အောင် ဖိတ်သွားမှာပါ။ စုံညီပွဲမှာ ဆရာကြီးတွေရဲ့သိုင်းပညာအစွမ်းတွေကို လူငယ်တွေ၊ ဝါသနာရှင်တွေ လက်တွေ့ လေ့လာခွင့်ရမှာဖြစ်သလို ဆရာကြီးတွေရဲ့သိုင်းပညာသရုပ်ပြကွက်တွေကို ဓာတ်ပုံဗီဒီယိုနဲ့ မှတ်တမ်းတင်ထားပြီး နောက်ပိုင်းပညာလက်ဆင့်ကမ်းတဲ့အခါ အထောက်အကူဖြစ်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု မုံရွာမြို့နေ သိုင်းချစ်မြတ်နိုးသူများအဖွဲ့ဝင် ကိုဝင်းထိန်က ပြောသည်။

မြန်မာ့သိုင်းပညာရှင်များ စုံညီပွဲတော်အကြို ညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၇ ရက် မွန်းလွဲပိုင်းက မုံရွာမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ မြန်မာ့သိုင်းအဖွဲ့ရုံးခန်း၌ မြန်မာ့သိုင်းချစ်သူများအဖွဲ့ဝင်များ ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။ ကျင်းပမည့် မြန်မာ့သိုင်းပညာရှင်များစုံညီပွဲတော်သို့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ သက်ကြီးသိုင်းပညာရှင်များ၊ လက်ရှိသိုင်းပညာရှင်များ၊ သိုင်းဝါသနာရှင်များ၊ မျိုးဆက်သစ်သိုင်းကစားနေသူများအားလုံး စုံစုံညီညီ တက်ရောက်ခွင့်ရရန် မြန်မာ့သိုင်းချစ်မြတ်နိုးသူများအဖွဲ့က ကြိုးစားသွားမည်ဖြစ်ကြောင်း သိရသည်။ မြန်မာ့သိုင်းချစ်သူများအဖွဲ့သည် လက်ရှိတွင် အစိုးရကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများရှိ ကျောင်းသား ကျောင်းသူများကို လက်တွေ့မြန်မာ့သိုင်းပညာ သင်ကြားပေးလျက်ရှိသလို မုံရွာအားကစားကွင်းအတွင်း မြန်မာ့သိုင်းရုံး၌လည်း သိုင်းပညာများကို သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# ငပလီ ဂျိတ္တောရပ်ကွက်တွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွား

**သံတွဲ ဇွန် ၁၇**

သံတွဲမြို့နယ် ငပလီ ဂျိတ္တောရပ်ကွက်တွင် ယခုလအတွင်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူ ကလေးနှင့်လူကြီး စုစုပေါင်း ၄၇ ဦးခန့် ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ဂျိတ္တောရပ်ကွက်အတွင်း မိုးရာသီကာလသွေးလွန်တုပ်ကွေးရောဂါ အန္တရာယ်ကြိုတင်ကာကွယ်ခြင်းနှင့် ဖြစ်ပွားမှုနှုန်းကျဆင်းစေရေး ဖြစ်ပွားသည့်နေရာနှင့် ကိုက် ၁၀၀ အတွင်း ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများနှင့် (ABATE) ဆေးခတ်ခြင်းနှင့် ဆေးဖျန်းခြင်းကို ကျန်းမာရေးဌာနနှင့် မြို့အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း၍ ဇွန် ၁၆ ရက်တွင် အမှတ် ၂ ရပ်ကွက်နှင့် အမှတ် ၅ ရပ်ကွက်အတွင်း ကွင်းဆင်းဆောင်ရွက်ထားရှိကြောင်း သိရသည်။

အဆိုပါ ဂျိတ္တောရပ်ကွက် ၉ ရပ်ကွက်တွင် အများစုမှာရေလုပ်ငန်းကို မှီခိုလုပ်ကိုင်လျက်ရှိရာ ပိုက်စခန်းများဖြစ်သော အမှတ် ၂ ရပ်ကွက်နှင့် အမှတ် ၅ ရပ်ကွက်တို့မှာ ရွှေ့ပြောင်းအလုပ်သမားများနှင့် လူဦးရေထူထပ်ပြီး ပြည်သူများအနေဖြင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ဆောင်ရွက်မှုအားနည်းသဖြင့် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားရခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲသင်း

**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ဖြူးမြို့နယ်အတွင်းရှိ အောင်ချက်အကောင်းဆုံးကျောင်းများနှင့် ထူးချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်

**နေပြည်တော် ဇွန် ၁၇**

၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြူးမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံးကျောင်းများအား မန်းအောင်ငြိမ်းဖောင်ဒေးရှင်းမှ ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ဖြူးမြို့နယ် ခန်းမဥ္စကျင်းပရာ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ပဲခူးတိုင်းဒေသကြီးပညာရေးမှူး၊ ခရိုင်ပညာရေးမှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ ကျောင်းအုပ်ဆရာ ဆရာမကြီးများ၊ ကျောင်းသားမိဘများ၊ ဂုဏ်ထူးရကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



### ထူးချွန်ကျောင်းသားဂုဏ်ပြု

ရှေးဦးစွာ ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ယနေ့ကျင်းပသည့် အခမ်းအနားသည် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုသည့် အခမ်းအနားဖြစ်ပါကြောင်း၊ ထူးချွန်ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုခြင်းသည် ကျရှုံးခဲ့ရသည့် ကျောင်းသား ကျောင်းသူများအား ပစ်ပယ်ထားခြင်း မဟုတ်ပါကြောင်း။

ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအတွက် အဆင့်မြင့်ပညာများကို ဆက်လက်သင်ယူနိုင်ရန် အခွင့်အလမ်းများရရှိသကဲ့သို့ ကျရှုံးခဲ့ရသော ကျောင်းသား ကျောင်းသူများသည်လည်း မိမိတို့ဘဝ တိုးတက်အောင် ဆောင်ရွက်နိုင်မည့်အခွင့်အလမ်းများ ရရှိနိုင်ကြမည်ဟု ယုံကြည်ပါကြောင်း။

### အရှုံးမပေးကြိုးစားရှာဖွေ

ယနေ့ ကမ္ဘာပေါ်တွင် ပညာရေးနယ်ပယ်၊ စီးပွားရေးနယ်ပယ်၊ လူမှုရေးနယ်ပယ်များတွင် ထင်ပေါ်ကျော်ကြားအောင်မြင်နေကြသည့် ပုဂ္ဂိုလ်အချို့သည် အထက်တန်းအောင်မြင်ခြင်းမရှိဟု လေ့လာတွေ့ရှိနိုင်ပါကြောင်း၊ ပြည်တွင်းပြည်ပတွင် အထက်တန်းအောင်မြင်ခြင်းမရှိဘဲ သူ့နည်းသူ့ဟန်ဖြင့် ချမ်းသာတိုးတက်အောင်မြင်နေသည့် ပုဂ္ဂိုလ်များရှိပါကြောင်း၊ ထို့ကြောင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျရှုံးခဲ့ရသည့် ကျောင်းသား ကျောင်းသူများသည် တစ်ဘဝလုံးဆုံးရှုံးသွားပြီဟု တွေးတောကာ စိတ်ဓာတ်မကျစေလိုပါကြောင်း၊ အရှုံးမပေးဘဲ မိမိတို့ဘဝ အောင်မြင်ရေးလမ်းကြောင်းများကို ကြိုးစားရှာဖွေဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း၊ ဆရာ ဆရာမများကလည်း ကျောင်းသား ကျောင်းသူများ စိတ်ဓာတ်မကျအောင် အားပေးနှစ်သိမ့်ပေးရန် လိုအပ်ပါကြောင်း။

### ပူးပေါင်းပါဝင်မှုအရေးကြီး

ဒေသတစ်ခု၊ မြို့တစ်မြို့ ဖွံ့ဖြိုးတိုးတက်ရန်နှင့် တရားဥပဒေစိုးမိုးရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေးစသည့် နယ်ပယ်ကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်ရန် အခြေခံအကျဆုံးဖြစ်သည့် ရပ်ကွက်နှင့် ကျေးရွာများရှိ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုသည် အဓိကအရေးကြီးပါကြောင်း၊ ထို့ကြောင့် မိမိတို့ဒေသ၊ မိမိတို့မြို့နယ် ဖွံ့ဖြိုးတိုးတက်စေရန် ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရရှိသူ တစ်ဦး၊ လေးဘာသာဂုဏ်ထူးရရှိသူ ၁၀ ဦး၊ သုံးဘာသာဂုဏ်ထူးရရှိသူ ၂၀ ဦးအား ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ တိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ဌေး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းညွန့်နှင့် ဒေါ်ချိုချို၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြသောင်းနှင့် ဦးမင်းဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်စိန်နှင့် ဒေါ်နွယ်နီဝင်းတို့က ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ကြသည်။

### ပေးအပ်ချီးမြှင့်

ထို့အတူ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းက နှစ်ဘာသာဂုဏ်ထူးရရှိသူ ၅၉ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရရှိသူ ၂၉၃ ဦးတို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို နေရာအရောက်ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြူးမြို့နယ်မှ အောင်ချက်အကောင်းဆုံး ပထမဆုရ အမှတ် ၃ အခြေခံပညာအထက်တန်းကျောင်းခွဲ (ဇေယျဝတီ)၊ ဒုတိယဆုရ အခြေခံပညာအထက်တန်းကျောင်းခွဲ(ဖြူး)၊ တတိယဆုရ အမှတ် ၂ အခြေခံပညာ အထက်တန်းကျောင်းခွဲ (ဇေယျဝတီ)၊ အောင်ချက်အကောင်းဆုံး ကျော်ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် ဖြူးမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းနှင့် အခြေခံပညာ မူလတန်းကျောင်းများမှ ကျောင်းအုပ် ဆရာ ဆရာမကြီးများအား ဂုဏ်ပြုဆုများကို အသီးသီးပေးအပ်သည်။

### ကျေးဇူးစကားပြောကြား

ယင်းနောက် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများကိုယ်စား ဖြူးမြို့နယ် ပညာမြင့်မိုရ် ကိုယ်ပိုင်အထက်တန်းကျောင်းမှ ငါးဘာသာဂုဏ်ထူးရှင် မယွန်းဝတီကျော်နှင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံးကျောင်း ပထမဆုရ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းခွဲ (ဇေယျဝတီ)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မျိုးဖြူတို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

### တာဝန်ပေးဆောင်ရွက်

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဖွဲ့စည်းမှု၊ ရည်မှန်းချက်များနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားပြီး ကော်မရှင်သည် ပညာဆိုင်ရာဥပဒေများ၊ မူဝါဒများနှင့် မျှော်မှန်းချက်များကို လေ့လာဆန်းစစ်သုံးသပ်ရန် အဖွဲ့ဝင်များ ဖြစ်ကြသည့် ပညာရှင်များအား အထူးတာဝန်တစ်ရပ်အနေဖြင့် တာဝန်ပေးဆောင်ရွက်လျက်ရှိပါကြောင်း။

### ပညာရေးစနစ်တိုးတက်စေရန်

အကြောင်းအမျိုးမျိုးကြောင့် နိမ့်ကျလျက်ရှိသည့် မိမိတို့နိုင်ငံ၏ ပညာရေးစနစ်ကို ပြန်လည်တိုးတက်စေရန် အားနည်းချက်၊ ချို့ယွင်းချက်များကို ရှာဖွေဖော်ထုတ်ရန်၊ ပြန်လည်ပြင်ဆင်နိုင်ရေးနည်းလမ်း၊ အချိန်ကာလနှင့် ပြင်ဆင်ရမည့် အတိုင်းအတာကိုသိရှိရန် လိုအပ်လျက်ရှိပါကြောင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အခမ်းအနားသို့ တက်ရောက်လာကြသည့် ဆရာ ဆရာမများ၊ ထူးချွန်ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်း နှစ်လယ်အစည်းအဝေးနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းခွဲ၏ ပထမအကြိမ် ညီလာခံကျင်းပ




**နေပြည်တော် ဇွန် ၁၇**

မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်း နှစ်လယ်အစည်းအဝေးနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းခွဲ၏ ပထမအကြိမ်ညီလာခံ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၂ ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ သွားနှင့်ခံတွင်း ဆရာဝန်ကြီးများ၊ မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ သွားနှင့်ခံတွင်း ဆရာဝန်များ တက်ရောက်ကြသည်။

ညီလာခံဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးက ယခုအခါ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သွားနှင့်ခံတွင်းဆရာဝန်များကို ပြည်သူ့ကျန်းမာရေးဦးစီးအရာရှိများ အဖြစ်ပါ တိုးချဲ့ခန့်ထားခဲ့ပါကြောင်း၊ ၎င်းတို့အနေဖြင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးလုပ်ငန်းများ၊ မူကြိုကလေးများ၏ သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ကျောင်းကျန်းမာရေးလုပ်ငန်းများ၊ သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းများတွင် အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းပြီး တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် UHC (Universal Health Coverage) ရရှိရန်အတွက် အမျိုးသားကျန်းမာရေးစီမံကိန်း ပထမငါးနှစ် (၂၀၁၇-၂၀၂၁) ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသားကျန်းမာရေးစီမံကိန်းကို ဖော်ဆောင်ကြသည့် ကျန်းမာရေးပညာရှင်များ၊ ဝန်ထမ်းများအနေဖြင့် ပြည်သူလူထုကို အစဉ်ဦးထိပ်ထားကြရန် လိုအပ်ပါကြောင်း၊ ပြည်သူလူထု ကျန်းမာရေးအဆင့်အတန်း မြင့်မားလာစေရေးအတွက် အစိုးရ၊ ပြည်သူ၊ ပြည်သူ့ဝန်ထမ်း၊ လူမှုအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအဖွဲ့များ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့အတူ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်အသင်း ဗဟိုဥက္ကဋ္ဌ အငြိမ်းစားပါမောက္ခချုပ် ဒေါက်တာ ဦးသိန်းကြူက မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်အသင်းဗဟို (ရန်ကုန်)အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အသင်းခွဲပေါင်း ၁၅ သင်းကို အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့ပါကြောင်း၊ ယင်းအသင်းခွဲများအားလုံးက မိမိတို့ဒေသရှိ သွားဆရာဝန်များ၏ အင်အားကိုယူပြီး ပြည်သူများ၏ သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် သွားဆရာဝန်များ လက်လှမ်းမမီနိုင်သည့် နေရာများသို့လည်း သွားရောက်ကုသမှုများ ပေးနေပါကြောင်း၊ သွားဆရာဝန်များ၏ စွမ်းဆောင်ရည်မြှင့်တင်ရန် သွားနှင့်ခံတွင်းဆိုင်ရာ ဟောပြောပို့ချမှုများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုနှစ်တွင် ပြည်သူများအား သွားနှင့်ခံတွင်း ပညာပေးရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်လုပ်ဆောင်လျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်း နေပြည်တော်အသင်းခွဲနာယက ဒေါက်တာ ဒေါ်မေစိုးဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ညီလာခံဖွင့်ပွဲသို့ တက်ရောက်လာကြသူများသည် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ခင်းကျင်းပြသထားသည့် သွားနှင့်ခံတွင်းဆိုင်ရာ ဆေးနှင့် ဆေးပစ္စည်းပြခန်းများကို ကြည့်ရှုလေ့လာကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ညီလာခံကို ဆက်လက်ကျင်းပရာ သွားနှင့်ခံတွင်းဆိုင်ရာ ပါမောက္ခကြီးများက Dental Health Education နှင့် Clinical Field Trip အကြောင်းအရာများကို ဦးဆောင်ဆွေးနွေး ဟောပြောကြပြီး တက်ရောက်လာကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ သွားနှင့်ခံတွင်းဆရာဝန်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။ **သတင်းစဉ်**

# ရွှေတိဂုံစေတီတော်မြတ်ကြီး ဘက်စုံတည်ဆောက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို တက်ရောက်အမှာစကားပြောကြား



**ရန်ကုန် ဇွန် ၁၇**
ရွှေတိဂုံစေတီတော်မြတ်ကြီး ဘက်စုံတည်ဆောက်ရေး လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံစေတီတော် ဂေါပကရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အဖွင့်အမှာစကားပြောကြားပြီး သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦး၊ အလှည့်ကျ သဘာပတိ ဂေါပကအဖွဲ့ဝင် ဦးမိုးချစ်နှင့် ဂေါပကအဖွဲ့ဝင် (စီမံ/လုံခြုံ) ဦးသောင်းထိုက်တို့က ဘက်စုံတည်ဆောက်ရေး လုပ်ငန်းကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ပါဠိပထမပြန်စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇွန် ၁၇**
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပပြီးစီးခဲ့သော ၁၃၇၉(၂၀၁၈)ခုနှစ် ပါဠိပထမပြန်စာမေးပွဲတွင် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် လူပုဂ္ဂိုလ်များ ဝင်ရောက်ဖြေဆိုခဲ့ကြရာ ပထမကြီးတန်းတွင် ဖြေဆိုသူ ၁၀၂၃၆ ပါး/ဦးအနက် ၃၈၁၇ ပါး/ဦး အောင်မြင်၍ ၃၈ ဒသမ ၂၉ ရာခိုင်နှုန်း၊ ပထမလတ်တန်းတွင် ဖြေဆိုသူ ၁၀၁၄၂ ပါး/ဦးအနက် ၄၉၇၉ ပါး/ဦး အောင်မြင်၍ ၄၉ ဒသမ ၀၉ ရာခိုင်နှုန်း၊ ပထမငယ်တန်းတွင် ဖြေဆိုသူ ၁၁၂၆၉ ပါး/ဦးအနက် ၅၄၆၃ ပါး/ဦး အောင်မြင်၍ ၄၈ ဒသမ ၄၈ ရာခိုင်နှုန်း၊ အခြေပြုမူလတန်းတွင် ဖြေဆိုသူ ၁၆၁၄၉ ပါး/ဦးအနက် ၉၉၀၀ ပါး/ဦး အောင်မြင်၍ ၆၁ ဒသမ ၃၀ ရာခိုင်နှုန်း အောင်မြင်ခဲ့ကြပါသည်။

၁၃၇၉(၂၀၁၈)ခုနှစ် ပါဠိပထမပြန်စာမေးပွဲတွင် အောင်မြင်ကြသော သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် လူပုဂ္ဂိုလ်များအနက် ပထမ၊ ဒုတိယ၊ တတိယနှင့် သီလရှင်ပထမရရှိခဲ့ကြသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ကြပါသည်-

**ပထမကြီးတန်း**

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့ | ကျောင်းတိုက်နှင့်တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ (ပထမကျော်ဘွဲ့ရ) | စက/၇၇ | ဦးသာဂရဉာဏာလင်္ကာရ | မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၂။ | ဒုတိယ | စက/၆၈ | ဦးဆေကိန္ဒာလင်္ကာရ | မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၃။ | တတိယ | ဗဟ/၁၄ | အရှင်ပညာတိက္ခာလင်္ကာရ | ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၄။ | သီလရှင် ပထမ | စက/၆၉၉ | မစန္ဒာသိင်္ဂီ | သမိဒ္ဓေါဒယကျောင်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |

**ပထမလတ်တန်း**

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့ | ကျောင်းတိုက်နှင့်တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ | စက/၂၀ | ဦးဂုဏာတေဇာလင်္ကာရ | မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၂။ | ဒုတိယ | စိန်/၁၇ | ရှင်နန္ဒိယာလင်္ကာရ | ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃။ | တတိယ | မဟမ/၁၆၁ | ရှင်ပညာဝံသာလင်္ကာရ | စည်ရှင်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၄။ | သီလရှင် ပထမ | အမဇ/၂၀၅ | မစန္ဒာသိရီ | ဇိနောဒယသီလရှင်စာသင်တိုက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |

**ပထမငယ်တန်း**

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့ | ကျောင်းတိုက်နှင့်တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ | မုံ/၃၆၃ | ရှင်ပညိန္ဒ | မဟာဇောတိကာရာမကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၂။ | ဒုတိယ | စိန်/၂ | ဦးသီလာစာရ | ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃။ | တတိယ | ပခ/၆၂ | ဉူးဇာနိဿရ | သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၄။ | သီလရှင် ပထမ | စက/၃၁၈ | မထေရာစာရီ | သမိဒ္ဓေါဒယကျောင်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |

**အခြေပြုမူလတန်း**

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့ | ကျောင်းတိုက်နှင့်တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ | မုံ/၁၁၅ | ရှင်သိရီဓမ္မ | သာသနာ့ရောင်ခြည်ကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၂။ | ဒုတိယ | မဟမ/၃၀၉ | ရှင်ပညာဘောဂ | ဓမ္မဝိနယရံသီကျောင်း၊ မစိုးရိမ်တိုက်သစ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃။ | တတိယ | စက/၁၂၉ | ရှင်ပဏ္ဍိတ | မဟာခိုနန်းကျောင်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၄။ | သီလရှင် ပထမ | မြစ်/၄၈ | မက္ကန္ဒစာရီ | ပိန္နဲကုန်းကျောင်းတိုက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ် |

၁၃၇၉(၂၀၁၈)ခုနှစ် ပါဠိပထမပြန်စာမေးပွဲအောင်စာရင်းများကို နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်သံဃနာယကအဖွဲ့ရုံးများတွင်လည်းကောင်း၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်သာသနာရေးမှူးရုံးများတွင်လည်းကောင်း၊ သက်ဆိုင်ရာစာဖြေဌာနများရှိ မြို့နယ်သံဃနာယကအဖွဲ့ရုံးများနှင့် မြို့နယ်သာသနာရေးမှူးရုံးများတွင်လည်းကောင်း ကြည့်ရှုနိုင်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

၁၃၇၉(၂၀၁၈)ခုနှစ် ပါဠိပထမပြန်စာမေးပွဲ အောင်စာရင်းများကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www. mahana.org.mm၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန Website www. moragov.mm နှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**သတင်းစဉ်**

# စီးပွားဖြစ်မျိုးသန့်မျိုးစေ့ထုတ် ပေါ်ဆန်းရင်မျိုးစေ့ချပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၁၇**
စီးပွားဖြစ်မျိုးသန့်မျိုးစေ့ထုတ် ပေါ်ဆန်းရင်မျိုးစေ့ချပွဲကို ဇွန် ၁၄ ရက် နံနက်ပိုင်းက ဖျာပုံမြို့နယ် ဇင်းဘောင်ကျေးရွာအုပ်စု ငုတောကျေးရွာရှိ တောင်သူ ဦးမင်းနိုင်၏ လယ်မြေ၌ ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကို၊ ဒုတိယတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးမှူး ဦးဌေးလွင်၊ ခရိုင်နှင့် မြို့နယ်အဆင့် စိုက်ပျိုးရေးဦးစီးမှူးများနှင့် တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ဖျာပုံမြို့နယ် ကနိကျေးရွာရှိ စိုက်ပျိုးရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ဘက်စုံအာဟာရဖွံ့ဖြိုးရေးစီမံကိန်းစိုက်ခင်းသို့ လှည့်လည်ကြည့်ရှု၍ အဆိုပါဘက်စုံအာဟာရဖွံ့ဖြိုးရေးစီမံကိန်းကို ယမန်နှစ်က ဇလွန်မြို့နယ်တွင် ရှေ့ပြေးအကောင်အထည်ဖော်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုနှစ်တွင် ဖျာပုံ၊ မအူပင်နှင့် ပန်းတနော်မြို့နယ်များတွင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း ပြောကြားသည်။



ယင်းဘက်စုံအာဟာရ ဖွံ့ဖြိုးရေးစီမံကိန်းသည် စီမံကိန်းဝင်ကျေးရွာများရှိ ကိုယ်ဝန်ဆောင်မိခင်များ၊ နှစ်နှစ်အောက်ကလေးများ၊ နို့တိုက်မိခင်များ အာဟာရဓာတ်ပြည့်ဝစေရေးအတွက် မိမိတို့၏အိမ်ခြံဝင်းအတွင်း ဓာတုဆေးဝါးလွတ် တစ်ပိုင်တစ်နိုင် ဟင်းသီးဟင်းရွက်စိုက်ခင်းများ စိုက်ပျိုးထုတ်လုပ်ပြီး အာဟာရဓာတ်ပြည့်မီ၍ ဘေးအန္တရာယ်ကင်းသော အသီးအရွက်များစားသုံးနိုင်ခြင်းအပြင် ဒေသနှင့်ကိုက်ညီသည့် မွေးမြူရေးလုပ်ငန်းများ ထူထောင်ပေးခြင်း၊ ကလေးသူငယ်များ အာဟာရဓာတ်ဆန်းစစ်မှုပြုလုပ်ပေးခြင်း၊ ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ပိုလျှံရရှိသည့် ဟင်းသီးဟင်းရွက်၊ အသီးအနှံနှင့် သားငါးများကို ရောင်းချခြင်းဖြင့် မိသားစုဝင်ငွေတိုးစေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

**သပြေထွန်း**

## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

**နေပြည်တော် ဇွန် ၁၇**
ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

# ရုပ်ရှင်တီထွင်ဖန်တီးသူများ လွတ်လပ်စွာဖြင့် အစွမ်းကုန်ဖန်တီးခွင့်ပေးနိုင်အောင် အလေးထားဆောင်ရွက်

**ရန်ကုန် ဇွန် ၁၇**
ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့သစ်တို့ တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ၌ ကျင်းပသည်။

**အလေးအနက်ထားဆောင်ရွက်**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့သစ်အနေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရုပ်ရှင်တီထွင်ဖန်တီးသူများ လွတ်လပ်စွာဖြင့် အစွမ်းကုန်ဖန်တီးခွင့်ပေးနိုင်အောင် အလေးအနက်ထားပြီး ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ပတ်ဝန်းကျင် လူ့အဖွဲ့အစည်းအတွက်၊ အချို့အစိတ်အပိုင်းများနှင့် အစုအဖွဲ့များအတွက် ထိခိုက်နိုင်မည်ဟု ရှုမြင်ရသည့်ကိစ္စရပ်မျိုးရှိလာပါက ဆွေးနွေးညှိနှိုင်းပြီး သင့်တင့်လျောက်ပတ်စွာ ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့သစ်ဥက္ကဋ္ဌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့သစ်ကို တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ အဖွဲ့ဝင် ၁၅ ဦးဖြင့် ပြန်လည်ဖွဲ့စည်းခဲ့မှု၊ ရုပ်ရှင်ဗီဒီယိုဆင်ဆာအဖွဲ့ဟောင်းအနေဖြင့် ရုပ်ရှင်ဇာတ်လမ်း၊ ဇာတ်ကားများ ကြည့်ရှုစစ်ဆေးခဲ့မှု၊ ရုပ်သံဇာတ်လမ်းတွဲတွင် မြန်မာဘာသာစာတန်းရေးထိုးထားသည့် နိုင်ငံခြားဇာတ်လမ်းနှင့် ဇာတ်ကားများ ကြည့်ရှုစစ်ဆေးခဲ့မှု၊ ကြည့်ရှုစစ်ဆေးစဉ် တွေ့ကြုံခဲ့သည့် အခြေအနေများ၊ ရုပ်ရှင်ဥပဒေပြင်ဆင်ရန် ဆောင်ရွက်နေစဉ် အဖွဲ့သစ်အနေဖြင့် လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့ဝင်သစ်များဖြစ်ကြသော ဦးကျော်ဦး၊ ဒေါ်ဆွေဇင်ထိုက်၊ ဒေါ်မြကြည်၊ ဒေါ်ယဉ်မျိုးမေ တို့အပါအဝင် အဖွဲ့ဝင်များက တစ်ဦးချင်း မိတ်ဆက်ပြီး ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ဖိတ်ကြား၍ တက်ရောက်လာကြသည့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ နာယက ဦးကြည်စိုးထွန်းနှင့် ဥက္ကဋ္ဌ ဦးဇင်ဝိုင်းတို့က ဆွေးနွေးပြောကြားသည်။



**ခွင့်ပြုပေးနိုင်ခဲ့**

ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့သည် တည်ဆဲဥပဒေ၊ နည်းဥပဒေများအရ နှစ်နှစ်သက်တမ်းရှိပြီး အဖွဲ့ဟောင်းတာဝန်ယူခဲ့စဉ် မြန်မာ့ရုပ်ရှင်ဇာတ်လမ်း ၄၂၁ ပုဒ်၊ မြန်မာရုပ်ရှင်ဇာတ်ကား ၂၉၅ ကား၊ နိုင်ငံခြားရုပ်ရှင်ဇာတ်ကား ၂၇၉ ကား၊ ဗီဒီယိုဇာတ်ကား ၁၅၄၅ ကား၊ ကာရာအိုကေ ၄၂၂ ကား၊ လက်ဝှေ့၊ အငြိမ့် ကိုးကားကို သတ်မှတ်လုပ်ငန်းတာဝန်များအတိုင်း ကြည့်ရှုစစ်ဆေးပြီး ခွင့်ပြုပေးနိုင်ခဲ့သည်။

ယခုပြင်ဆင်ဖွဲ့စည်းခဲ့သည့် ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့သစ်သည် ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၂၀ ပြည့်နှစ် မေ ၃၁ ရက်အထိ တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး သတ်မှတ်လုပ်ငန်းတာဝန်များနှင့်အညီ ကြည့်ရှုစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဗဟန်း၊ ရန်ကင်း၊ တောင်ဥက္ကလာ၊ သဃ်န်းကျွန်း၊ လှိုင်နှင့် အလုံမြို့နယ် ရုံး၊ စာကြည့်တိုက်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ **သတင်းစဉ်**

# ရန်ကုန်မြို့ အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းတွင် အရေးပေါ်လူနာများကုသခြင်းနှင့် လွှဲပြောင်းခြင်း ဆေးခန်းဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇွန် ၁၇**
အောင်မင်္ဂလာအဝေးပြေး ယာဉ်ရပ်နားစခန်း အရေးပေါ်လူနာများ ကုသပေးခြင်းနှင့် လွှဲပြောင်းပေးခြင်း ဆေးခန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်ရှိ အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းအတွင်း ဆေးခန်းတည်ရှိရာ နေရာဖြစ်သည့် ၈/၅ ခနင်းရိုးချောင်းပတ်လမ်း၌ ကျင်းပရာကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့ တက်ရောက်အမှာစကား ပြောကြားကြသည်။

**စနစ်တကျကြိုတင်ကာကွယ်**

ပြည်ထောင်စုဝန်ကြီးက အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းသည် နေ့စဉ်ခရီးသည်တင် ဘတ်စ်ကားများစွာ ဝင်ထွက်သွားလာလျက်ရှိရာ ခရီးသည် ၅၀၀၀၀ ခန့်ရောက်ရှိထွက်ခွာလျက်ရှိသည့် နေရာဖြစ်သည့်အတွက် ပြည်သူ့ကျန်းမာရေးရှုထောင့်မှ အလွန်မဟာဗျူဟာကျသည့် အရေးကြီးသော နေရာတစ်ခုဖြစ်ပါကြောင်း၊ အထူးသဖြင့် ကူးစက်ရောဂါနှင့် ကပ်ရောဂါထိန်းချုပ်သည့် ရှုထောင့်မှ ကြည့်လျှင် အခြားအရပ်ဒေသများမှ ဤနေရာသို့ ရောဂါကူးစက်ရောက်ရှိ၍ ထို့မှတစ်ဆင့် ရောဂါမဖြစ်ပွားသေးသော အခြားအရပ်ဒေသများသို့ ရောဂါထပ်မံကူးစက်ပျံ့နှံ့နိုင်ခြေရှိသော နေရာတစ်ခုလည်းဖြစ်၍ ဤနေရာမျိုးတွင် စနစ်တကျကြိုတင်ကာကွယ်ထိန်းချုပ်ရန် အရေးကြီးပါကြောင်း။

ဤဆေးခန်းဖွင့်လှစ်ခြင်းအားဖြင့် ယာဉ်ရပ်နားစခန်းအတွင်း နေထိုင်သူများ ခရီးသွားပြည်သူများအတွက် အရေးပေါ်နှင့် ပုံမှန်ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ၊ ကျန်းမာရေးအသိပညာ မြှင့်တင်ပေးခြင်းများအပြင် ခရီးသည်များ၏အသက်ကို ထိန်းသိမ်းစောင့်ရှောက်၍ ယာဉ်များကို ဂရုတစိုက်မောင်းနှင်နေရသော ယာဉ်မောင်းများတွင် ရုတ်တရက် ရောဂါပြင်းထန်စွာခံစားရပြီး ယာဉ်အန္တရာယ်ဖြစ်ပွားနိုင်သည့် သွေးတိုး၊ နှလုံး၊ ဆီးချို၊ အမြင်အာရုံချို့တဲ့မှု၊ အကြားအာရုံချို့တဲ့မှုရောဂါ စသည့် ရောဂါများကို အခမဲ့စစ်ဆေးနိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။



**စီစဉ်ဆောင်ရွက်ပေးမည်**

ခရီးသည်များ သန့်ရှင်းစိတ်ချရသော အစားအသောက်များ စားသုံးနိုင်ရေးအတွက် စားသောက်ဆိုင်များကို ပညာပေးခြင်းနှင့် အစားအသောက်စစ်ဆေးခြင်းများကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း။

ဤနေရာတွင် ဆေးခန်းဖွင့်လှစ်ထားရှိပြီး ပြည်သူများအား အရေးပေါ်နှင့် ပုံမှန်ကျန်းမာရေး စောင့်ရှောက်မှုများ တတ်နိုင်သမျှ အခမဲ့အဖြစ် တာရှည်ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်ကို ပြည်သူများ အလွယ်တကူသိရှိနိုင်ရန် အသိပေးလမ်းညွှန်ပေးရန် လိုအပ်ပါကြောင်း။

**ပူးပေါင်းဆောင်ရွက်**

အလားတူ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သည့် ဆေးခန်းမျိုးကို လှိုင်သာယာရှိ ဒဂုံ-ဧရာအဝေးပြေးစခန်းတွင် ထပ်မံဖွင့်လှစ်နိုင်ရေးအတွက် အားလုံးက ဆက်လက်ပူးပေါင်းဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဤဆေးခန်းမှ ခရီးသွားပြည်သူများအတွက် ပုံမှန်ကျန်းမာရေး စောင့်ရှောက်မှုများအပြင် အရေးပေါ်လူနာတင်ယာဉ်လည်းရှိသဖြင့် အရေးပေါ်ကုသမှုခံယူရန် လိုအပ်သောလူနာများကို သက်ဆိုင်ရာဆေးရုံကြီးများသို့ အချိန်မီပေးပို့ကုသနိုင်မည် ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအနေဖြင့် ပံ့ပိုးကူညီမှုများကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအမှုဆောင်အဖွဲ့ဝင် ဗဟိုအမျိုးသမီးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါက်တာမေဝင်းမြင့်က ဆေးခန်းဖြစ်ပေါ်လာပုံနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြသည်။

**လွှဲပြောင်းပေးအပ်**

ဆက်လက်၍ အလှူရှင် ရွှေစင်စကြာကားအသင်းပိုင်ရှင် ဦးလှမိုးလှိုင်က ဆေးခန်းအဆောက်အအုံ၊ ဆေးခန်းနှင့်ပတ်သက်သော စာရွက်စာတမ်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် (ဝန်ကြီးရုံး) ဒေါက်တာသာထွန်းကျော်အား လွှဲပြောင်းပေးအပ်သည်။

ဆေးခန်းဖြစ်မြောက်ရေးအတွက် ငွေကျပ် သိန်း ၁၂၀၀ တန်ဖိုးရှိ အဆောက်အအုံနှင့် ငွေကျပ် သိန်း ၂၄၀ လှူဒါန်းခဲ့သော ရွှေစင်စကြာကားအသင်းပိုင်ရှင် ဦးလှမိုးလှိုင်နှင့် အခြားလိုအပ်သည်များအတွက် ငွေကျပ် ၁၁၅ သိန်း လှူဒါန်းပေးခဲ့ကြသော အလှူရှင် ၁၁ ဦးအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းတို့က ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ကြသည်။

ယင်းနောက် အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းဆေးခန်းအား ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဗဟိုအမျိုးသမီးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါက်တာမေဝင်းမြင့်နှင့် ဦးလှမိုးလှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဆေးခန်းအတွင်း လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# နေရပ်စွန့်ခွာစခန်းနှင့် မိဘမဲ့ကျောင်းသို့ ဆန်နှင့် အဝတ်အထည်များထောက်ပံ့

**မြစ်ကြီးနား ဇွန် ၁၇**
ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်နှင့် မြစ်ကြီးနားမြို့နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာစခန်းနေ ဒေသခံပြည်သူများနှင့် မိဘမဲ့ကျောင်းမှ ကျောင်းသားကျောင်းသူ ကလေးငယ်များအား ဆန်နှင့် အဝတ်အထည်များ ထောက်ပံ့လှူဒါန်းပွဲကို ဇွန် ၁၆ ရက် ညနေ ၃ နာရီက ဝိုင်းမော်မြို့နယ် ခါရှိကျေးရွာ နေရပ်စွန့်ခွာစခန်းနှင့် မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက်ရှိ ပန်းလီဆူ မိဘမဲ့ကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အလှူရှင်များဖြစ်ကြသည့် "မြန်မာ့မိသားစုဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ (MFDC)"နှင့် မိတ်ဖက်ဟောင်ကောင်မှ ဧည့်သည်အလှူရှင် Mr.Hon Lun ဦးဆောင်သည့်အဖွဲ့က ဝိုင်းမော်မြို့နယ် ခါရှိကျေးရွာတွင် ဖွင့်လှစ်ထားသည့် ယာယီနေရပ်စွန့်ခွာစခန်းနေပြည်သူ အိမ်ထောင်စု ၅၇ စုမှ လူဦးရေ ၃၂၇ ဦးအား စားသုံးဆန်အိတ် ၃၀ နှင့် ကျောင်းသုံးလွယ်အိတ်များ၊ အဝတ်အထည်များ ထောက်ပံ့ပေးအပ်လှူဒါန်းရာ နေရပ်စွန့်ခွာပြည်သူများက လက်ခံရယူကာ အလှူရှင်များက လိုအပ်သည့် အာဟာရမှုန့်များအား တိုက်ကျွေးခဲ့ကြသည်။

ဆက်လက်၍ မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက်၌ ဖွင့်လှစ်ထားသည့် ပန်းလီဆူ မိဘမဲ့ကျောင်းမှ ကျောင်းသား ကျောင်းသူ ၅၀ ကျော်အတွက် အလှူရှင်များက ဆန် ငါးအိတ်နှင့် အဝတ်အထည်များ သွားရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ပျံ့သာပျံ့ပါ ရွှေဟင်္သာ

မြင့်ထွေး(ဟိုတယ်/ခရီး)

ငယ်စဉ်က လမင်းကြီးကို မော့ကြည့်ပြီး လက်ဖဝါးနှစ်ဖက်ဖြန့်ကာ "ဖိုးလမင်းကြီးရယ် ထမင်းဆီဆမ်း ရွှေလင်ပန်းလေး ပေးသနားပါ"လို့ အကြိမ်ကြိမ်အခါခါ တောင်းဆိုခဲ့ဖူးသည်။ ဖိုးလမင်းကြီးမှ ပေးသနားလိမ့်မည်ဟုလည်း ယုံကြည်ကာ မျှော်လင့်မိခဲ့သည်။ ရသည်၊ မရသည် အပထား၊ အေးချမ်းသော လရောင်၏အောက်တွင် ကစားဖော်သူငယ်ချင်းများနှင့် ဝိုင်းဖွဲ့ကာ သာယာကြည်နူးခဲ့ရသည်က အမှန်ပါ။ ကလေးဘဝက ပျော်စရာများက ယခုအချိန်တွင်တော့ မှိန်ပျပျ ဝိုးတဝါး၊ အဝေးတွင် ကျန်ခဲ့ပြီဖြစ်သော်လည်း အမှတ်ထင်ထင်တော့ ရှိသေးသည်။ ငယ်စဉ်ဘဝ မျှော်လင့်ခဲ့သမျှ ယုံကြည်ခဲ့မှုများက စဉ်းစားတတ်သောအရွယ်ရောက်သည့်အချိန်တွင် ဖြစ်နိုင်၊ မဖြစ်နိုင် ဝေဖန်ခွဲခြားတတ်လာသော်လည်း သည်လိုမျှော်လင့်မှုမျိုးရှိတတ်သော ငယ်ဘဝကို လွမ်းနေတတ်သည်။

**တက်လှမ်းနိုင်အောင် ကြိုးစား**

လက်တွေ့ဘဝနယ်ပယ်တွင် မည်မျှပင်အခြေခံအကြောင်းတရားများ ပြည့်စုံဝန်းရံနေစေကာမူ မိမိကိုယ်တိုင်မှ မကြိုးစားလျှင် အောင်မြင်မှုရရှိနိုင်မည်မဟုတ်သည်ကို ဓမ္မဓိဋ္ဌာန်ကျကျ သိလာရသည်။ အတွေ့အကြုံများလာလေလေ၊ အခက်အခဲများ ရင်ဆိုင်ရလေလေ ယုံကြည်မှု၊ ကြံ့ခိုင်မှုနှင့်အတူ တွေ့ကြုံရသော အခက်အခဲများကို လှေခါးထစ်သဖွယ်အသုံးချကာ တက်လှမ်းနိုင်အောင် ကြိုးစားတတ်လာသည်။

အောင်မြင်မှုများသည် အလွယ်တကူဆွတ်ခူးရယူနိုင်သော အခြေအနေမျိုးတွင် ရှိမနေတတ်ကြောင်း နားလည်သဘောပေါက်မိသည်။ တန်ဖိုးကြီးသော အောင်မြင်မှုများကို ဆွတ်ခူးနိုင်လေ ကိုယ်ရည်ကိုယ်သွေး မြင့်မားလေဖြစ်သည်ကို အလေးအနက်နှလုံးသွင်းကာ ပိုမိုခက်ခဲသော အောင်မြင်မှုများကို တစ်ခုပြီးတစ်ခု တက်လှမ်းရယူနိုင်ဖို့ ဆက်လက်ကြိုးစားကြရမည်ဖြစ်ပါသည်။ ခရီးသွားလုပ်ငန်းသည် လှပစွာတွေးခေါ်မှု၊ အနုပညာဆန်ဆန်ဖန်တီးမှု၊ သီကုံးခံစားမှု၊ သိမ်မွေ့ညင်သာစွာ သက်ဝင်လှုပ်ရှားမှုများဖြင့် ရောင်စုံခြယ်သကာ ကြည်နူးလိုက်မောခြင်းများကို ကဗျာဆန်ဆန် ဆောင်ရွက်နိုင်ကြသော်လည်း၊ တစ်ဖက်တွင် နက်နဲသော၊ အစွန်းအထင်းမခံသော၊ အထိအခိုက်မခံသော၊ ထိလွယ်ရှလွယ်ဖြစ်သော အခြေအနေများကြောင့် အသေးစိတ်ကအစ အထူးသတိထားစီမံ ထိန်းကျောင်းကြပ်မတ်ရသည့် စီးပွားရေးလုပ်ငန်းတစ်ရပ် ဖြစ်ပါသည်။

ငါးပွက်ရာ ငါးစာချသော စီးပွားရေးလုပ်ငန်းတွင် ခရီးသွားလုပ်ငန်းပါဝင်မည်မဟုတ်သလို အရင်းအမြစ်များကို အသုံးချရာတွင်လည်း ပတ်ဝန်းကျင်အား အထောက်အပံ့မပြုဘဲ မိမိအကျိုးအတွက် အသုံးချသွားခြင်းမျိုး၊ တစ်ကိုယ်ကောင်းဆန်သည့် စိတ်ဓာတ်မျိုးကို ခရီးသွားလုပ်ငန်းနယ်ပယ်တွင် မရှိလျှင် ပိုမိုသန့်ရှင်းကောင်းမွန်မည်ဖြစ်ပါသည်။ ငွေကြေး၊ နည်းပညာရပ်များအပြင် ဝါသနာနှင့်စေတနာ အရင်းခံကိုလည်း ရေရှည်ရင်းနှီးမြှုပ်နှံရပါသည်။ သို့အတွက် ကဗျာဆန်ဆန်အနုအလှ ခံစားလွယ်သလောက် အောင်မြင်ရန် ရင်းနှီးမြှုပ်နှံရသည့် အချိန်ကာလက ရှည်လျားစွာ ပေးဆပ်ရသည်။

**အားပေးဆောင်ရွက်**

ခရီးသွားလုပ်ငန်းသည် အခြားစီးပွားရေးလုပ်ငန်းများနှင့် နှိုင်းယှဉ်လျှင် သဘာဝအခြေအနေများ ပျက်စီးဆုံးရှုံးမှုမရှိဘဲ အကျိုးအမြတ်များအား အချိန်တိုအတွင်း ရေရှည်ရရှိခံစားနိုင်ခြင်းကြောင့် နိုင်ငံ၏ စီးပွားရေးကို အထောက်အကူပြုစေသည့် စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် အသိအမှတ်ပြုကာ နိုင်ငံတော်အစိုးရမှ အားပေးဆောင်ရွက်လျက်ရှိပါသည်။

တိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့်လည်း ပြည်ထောင်စုအစိုးရအဖွဲ့ ပြည်ထောင်စုဝန်ကြီးဌာန၏ မူဝါဒများနှင့်အညီ မိမိတို့တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်း ပိုင်ဆိုင်ထားသည့် သဘာဝအခြေခံအရင်းအမြစ်များကို အသုံးချ၍ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အပူတပြင်း အားစိုက်ဆောင်ရွက်လာကြသည်ကို တွေ့မြင်ရပါသည်။

မြန်မာနိုင်ငံရှိ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတို့သည် မတူညီသော သဘာဝအခြေခံအရင်းအမြစ်များကို ပိုင်ဆိုင်ထားသဖြင့် အဆိုပါအရင်းအမြစ်များကို အသုံးချကာ မိမိတို့တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်း ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်ခြင်း၊ ခရီးစဉ်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်ခြင်း၊ ရင်းနှီးမြှုပ်နှံမည့်သူများအား ဖိတ်ခေါ်၍ ဟိုတယ်များ၊ တည်းခိုခန်းများ၊ အပန်းဖြေစခန်းများ၊ Eco Lodge များ တည်ဆောက်ဖွင့်လှစ်စေခြင်း၊ ထိုသို့ တည်ဆောက်ဖွင့်လှစ်နိုင်ရန်အတွက် လိုအပ်သော ပံ့ပိုးကူညီမှုများပေးခြင်း၊ သဘာဝဉယျာဉ်များ၊ ဘေးမဲ့တောများ၊ ဆင်စခန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်ခြင်း၊ မိမိတိုင်းဒေသကြီး၊ ပြည်နယ်များအား ခရီးသွားလုပ်ငန်းဖြင့် ထင်ပေါ်ကျော်ကြားလာစေရေးအတွက် ရိုးရာယဉ်ကျေးမှုပွဲတော်များကျင်းပခြင်း၊ ခရီးသွားပွဲတော်နှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော်များ ကျင်းပခြင်း၊ ရုပ်မြင်သံကြား၊ သတင်းမီဒီယာများဖိတ်ခေါ်၍ ပရိုဂရမ်များ ရိုက်ကူးထုတ်လွှင့် မြှင့်တင်ခြင်း၊ ရုပ်ရှင်ဇာတ်လမ်းများ ရိုက်ကူးထုတ်လွှင့်ခြင်း၊ ခရီးသွားလုပ်ငန်း ဝန်ဆောင်မှုပေးရာတွင် နိုင်ငံတကာ၏ စံချိန်စံညွှန်းများနှင့်အညီဖြစ်စေရေးအတွက် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ ခရီးသွားလုပ်ငန်း အသိပညာများကို ပြည်သူလူထုမှ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ပြည်သူ့စကားဝိုင်းများ၊ ဓာတ်ပုံပြပွဲများ၊ အသိပညာပေးအစီအစဉ်များကို ကိုယ်စီကိုယ်စီ ဆောင်ရွက်လျက်ရှိကြသည်ကို တွေ့မြင်ရသည်မှာ ခရီးသွားလုပ်ငန်းအတွက် အလွန်နှစ်ထောင်းအားရလှပါသည်။

မကြာသေးခင်က ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခရီးသွားကဏ္ဍ ရည်မှန်းချက်တစ်ခုတွင် ပူးပေါင်းပါဝင်ခဲ့ရသည့် ကံကောင်းမှုတစ်ခုကို ရရှိခဲ့ပါသည်။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးအတွင်းရှိ စီမံဆောင်ရွက်ခွင့်ရှိသော အင်း၊ ဆည်၊ ရေတံခွန်များကို အသုံးချ၍ အပန်းဖြေစခန်းများ တည်ဆောက်ရေး၊ ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီးနှစ်ဦးအား ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပဲခူးတိုင်းဒေသကြီး တာဝန်ခံ၊ ဒုတိယညွှန်ကြားရေးမှူးအား အတွင်းရေးမှူးတာဝန်ပေးအပ်ကာ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ ပါဝင်ဖွဲ့စည်းထားသော ကော်မတီတစ်ခုကို ဖွဲ့စည်းခဲ့ပါသည်။

**မီဒီယာများအပါအဝင် ပူးပေါင်းဆောင်ရွက်**

အဆိုပါကော်မတီမှ ဒေသအတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့်စီမံချက်ကို ဝန်ကြီးချုပ်ထံ ရေးဆွဲတင်ပြခဲ့ရာ တိုင်းဒေသကြီးအစိုးရမှ ရွေးချယ်ထားသော အင်း၊ ဆည်၊ ရေတံခွန်များအပေါ် အသုံးချ၍ ခရီးသွားလုပ်ငန်းများ ဖြစ်ထွန်းပေါ်ပေါက်စေရေးအတွက် ဖြစ်နိုင်ခြေများကို ကွင်းဆင်းလေ့လာသုံးသပ်တင်ပြရန် လမ်းညွှန်ခဲ့ပါသည်။ သို့အတွက် ဖွဲ့စည်းထားသော ကော်မတီအနေဖြင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ အတွေ့အကြုံအားကို ရယူလျက် ခရီးသွားလုပ်ငန်းနှင့် ဆက်နွှယ်သော မိတ်ဖက်အသင်းအဖွဲ့များ၏ နိုင်ငံတကာအလေ့အကျင့်များဖြင့် ပူးပေါင်းကာ ဖြစ်နိုင်ခြေအခြေအနေများကို မီဒီယာများအပါအဝင် ပူးပေါင်းလေ့လာဆောင်ရွက်ခဲ့ပါသည်။

ဤနေရာတွင် ပဲခူးတိုင်းဒေသကြီး၏ ပထဝီဝင်အခြေအနေကို တင်ပြလိုပါသည်။ ပဲခူးတိုင်းဒေသကြီးသည် ရန်ကုန်မြို့နှင့် မိုင် ၅၀ အကွာတွင် တည်ရှိပြီး နယ်မြေချင်း ဆက်စပ်တည်ရှိနေမှုကြောင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၏ စီးပွားရေးမြို့တော်အဖြစ် ထင်ပေါ်ကျော်ကြားမှုကြောင့်လည်းကောင်း အရိပ်တစ်ခုလိုဖြစ်နေသဖြင့် မှေးမှိန်သလိုဖြစ်နေသည်။ ပဲခူးတိုင်းဒေသကြီးသည် မြန်မာပြည်အောက်ပိုင်းတွင် အချက်အချာကျသည့် ဒေသများထဲမှတစ်ခုဖြစ်ပြီး လူဦးရေ ၄ ဒသမ ၉ သန်းရှိရာ တစ်နိုင်ငံလုံး လူဦးရေ၏ ၉ ဒသမ ၅ ရာခိုင်နှုန်း နေထိုင်ရာဒေသလည်း ဖြစ်ပါသည်။ တိုင်းဒေသကြီးအတွင်း ကရင်၊ ရှမ်း၊ ပအိုဝ်း၊ မွန်စသည့် တိုင်းရင်းသားများ စုပေါင်းနေထိုင်ကြပြီး မြန်မာလူမျိုးနှင့် ဗုဒ္ဓဘာသာ အများဆုံး ဖြစ်ပါသည်။

**"အရှေ့ဆီမှ အလင်းရောင်ကြောင့် ရင်ခုန်စွာမျှော်လင့်စောင့်စားခဲ့ရသည့် တစ်ညတာ လွမ်းဆွတ်မှုဖြင့် အလင်းရောင်သွားရာနောက် တိုင်ပင်စရာမလို လိုက်ပါခဲ့ကြသော နေကြာပန်းတို့မှာ သဘာဝဟုပင် မဆိုဝံ့။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရည်ရွယ်ချက်ကောင်းမွန်ခြင်း၊ ဦးတည်ရာမှန်ခြင်း၊ စုစည်းညီညွတ်မှု အားကောင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများဖြင့် တိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းများ လှုပ်ပွင့်လန်းလာတော့မည်ကို မြင်ယောင်ရင်း...."**

**အကျိုးကျေးဇူး များစွာရရှိ**

ပဲခူးတိုင်းဒေသကြီးအား ပြည်နယ်နှင့် တိုင်းဒေသကြီး ခုနစ်ခု၊ တောင်ဘက်တွင် မုတ္တမပင်လယ်ကွေ့တို့က ဝန်းရံထားပါသည်။ မြန်မာနိုင်ငံ၏ တောင်ဘက်အလယ်ပိုင်းတွင် တည်ရှိပြီး ဧရိယာ စတုရန်းကီလိုမီတာ ၃၉၄၀၀ ကျယ်ဝန်းပါသည်။ (ဘူတန်နိုင်ငံနှင့် ဆွစ်ဇာလန်နိုင်ငံထက် အနည်းငယ်သေးပါသည်။) တိုင်းဒေသကြီး၏အလယ်တွင် ပဲခူးရိုးမတောင်တန်းက အရှေ့ အနောက်ပိုင်းခြားထားသကဲ့သို့ဖြစ်နေသည်။ သို့ရာတွင် အဆိုပါ ပဲခူးရိုးမအား ရိုးမဖြတ်လမ်း ခုနစ်ခုဖြင့် အရှေ့နှင့်အနောက်ကို ဆက်သွယ်ထားသဖြင့် သွားလာမှုလွယ်ကူပါသည်။ အနောက်တောင်မုတ်သုံရာသီမှ အကျိုးကျေးဇူးများစွာ ခံစားရရှိသော်လည်း ဘင်္ဂလားပင်လယ်အော်မှ ဝင်ရောက်လာတတ်သည့် မုန်တိုင်းများ၏ ဘေးအန္တရာယ်ကိုမူ အကာအကွယ်တစ်ခုကဲ့သို့ ရရှိထားပါသည်။

ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်းသည် ဧရာဝတီမြစ်၏ အဓိကသယ်ယူပို့ဆောင်ရေး အသက်သွေးကြောဖြစ်ပြီး နိုင်ငံ၏ အဓိကမီးရထားလမ်းသည် ပဲခူးမြို့ကို ဖြတ်သန်းသွားပါသည်။ ပဲခူးမြို့အပြင်ဘက်တွင် အပြည်ပြည်ဆိုင်ရာ လေဆိပ်တည်ဆောက်ရန် ရေရှည်စီမံကိန်းကြီးတစ်ခု အကောင်အထည်ဖော်လျက်ရှိသည်။ ပဲခူး၊ ပြည်၊ တောင်ငူမြို့များတွင် တက္ကသိုလ်များ ဖွင့်လှစ်ထားရှိပြီး ဆင်းရဲနွမ်းပါးမှုသည် နိုင်ငံတော်၏ ပျမ်းမျှနှုန်းထက်လျော့နည်းပါသည်။ ဘေးကင်းသည့်သောက်သုံးရေရရှိမှုတွင် ၈၁ ရာခိုင်နှုန်းရှိပြီး အနည်းငယ်ကောင်းမွန်သော်လည်း အခြေခံပညာနှင့် ကျန်းမာရေးမှာ တစ်နိုင်ငံလုံးအတိုင်းအတာနှင့်ယှဉ်လျှင် အနည်းငယ်အားနည်းပါသည်။ ပဲခူးတိုင်းဒေသကြီးအား ခြုံငုံသုံးသပ်ပါလျှင် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် ဆန်စပါး ဒုတိယအများဆုံးထွက်ရှိသည့်ဒေသဖြစ်ကာ မြန်မာနိုင်ငံတစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး၊ ဂျီဒီပီနှင့် စီးပွားရေးတိုးတက်မှုကို အများအပြား ထောက်ပံ့ပေးနေသည့်ဒေသဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီးသည် သဘာဝပထဝီဝင်အခြေအနေများ၊ ဒေသထွက်ကုန်များ၊ သဘာဝအရင်းအမြစ်များ၊ ကျန်းမာရေး၊ ပညာရေး၊ သောက်သုံးရေ၊ လျှပ်စစ်ဓာတ်အားဖြန့်ဝေရေးနှင့် လူမှုစီးပွားဘဝအခြေအနေများ၊ သမိုင်းကြောင်းဆိုင်ရာအခြေခံများ ပြည့်စုံနေမှုကြောင့် ခရီးသွားလုပ်ငန်းဆောင်ရွက်ရန် ကောင်းမွန်သောလမ်းကြောင်းပေါ်တွင် အခွင့်အလမ်းကောင်းများစွာဖြင့် ရပ်တည်လျက်ရှိနေသည်ကို တွေ့ရှိရသည်။

**ဖော်ထုတ်သုံးသပ်ခဲ့**

ကျွန်တော်တို့အဖွဲ့သည် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရွေးချယ်ပေးထားသော ရွှေပြည်(၁)၊ (၂)၊ (၃) ဆည်၊ ဘောနီဆည်၊ မုက္ခာဆည်၊ မုက္ခာဆင်စခန်း၊ မုက္ခာရေတံခွန်၊ ပကွီးအင်း၊ ပကိုင်အင်း၊ ရွှေကျင်ချောင်း၊ ငမြွေဆည်၊ ပသိဆည်များအပြင် အလိုင်နီဆည်၊ ရွှေကျင်ဆည်၊ ကျိုက်ထီးရိုးဘုရား၊ တိုင်းရင်းသားကျေးရွာများကိုလည်း ဆက်စပ်ဆောင်ရွက်နိုင်သော ခရီးစဉ်များအဖြစ် တစ်ပါတည်း ဆက်လက်လေ့လာ ဖော်ထုတ်သုံးသပ်ခဲ့သည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လျာထားပေးလိုက်သော အင်း၊ ဆည်၊ ရေတံခွန် ၁၀ ခုအပြင် ဆက်စပ်လေ့လာတွေ့ရှိချက်များအား ခရီးသွားလုပ်ငန်းနှင့်ဆက်နွှယ်၍ ဆောင်ရွက်နိုင်မည့် အခြေအနေများကို အသေးစိတ်မှအစ စဉ်းစားတွက်ချက် ဆွေးနွေးကာ စုပေါင်းအကြံပြုသုံးသပ်ချက်များဖြင့် တင်ပြခဲ့ပါသည်။ တင်ပြချက်နောက်ဆုံးတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဒေသအတွင်း ခရီးသွားအရင်းအမြစ်များ ပြည့်စုံစွာရှိနေစေကာမူ ရင်းနှီးမြှုပ်နှံမည့်သူများအား ဖိတ်ခေါ်ခြင်း၊ စနစ်တကျရွေးချယ်ခြင်း၊ ရင်းနှီးမြှုပ်နှံလိုသူများအတွက် အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ ရပ်တည်ပေးခြင်း၊ မြှင့်တင်ကြော်ငြာခြင်းများကို ဆောင်ရွက်ပေးသင့်သကဲ့သို့ ရင်းနှီးမြှုပ်နှံမည့်သူများ၏ အတွေးအခေါ် အမြင်ကျယ်ပြန့်မှု၊ အကြံအစည်ကောင်းမွန်မှု၊ တီထွင်ဖန်တီးမှု၊ ရေရှည်မြော်တွေးမှုကလည်း အဓိကကျကြောင်း အကြံပြုခဲ့ပါသည်။

**ဘက်ပေါင်းစုံမှ ဝန်းရံပံ့ပိုး**

ပဲခူးတိုင်းဒေသကြီး၏ အေးချမ်းသာယာသော တည်ငြိမ်မှု၊ သဘာဝသစ်တောကြီးများ ပေါက်ရောက်ရာ ပဲခူးရိုးမ၏ နက်နဲမှု၊ ရေဝေရေလဲကျယ်ပြန့်ရှည်လျားသော အင်းများ၊ ဆည်များ၏ လျှို့ဝှက်မှု၊ ဆောင်းခိုငှက်များ ကျက်စားမွေ့လျော်ရာ စားကျက်မြေများ၏ အစာရေစာပေါမှုမှု၊ ကမ္ဘာ့ရှားပါးစာရင်းဝင် အကြီးဆုံးကျွန်းပင်ကြီးများတည်ရှိမှု၊ အတက်ကြမ်းကြမ်း၊ အဆင်းကြမ်းကြမ်း၊ အလိမ်အခေါက်များလှသည့် ရိုးမဖြတ်လမ်းများ၏ စိတ်လှုပ်ရှားဖွယ်ခရီးစဉ်များရှိနေမှု၊ လူသားကဲ့သို့ ခံစားနားလည်တတ်သော ဆင်လိမ္မာများ၏ ချစ်စဖွယ်သဘာဝနေထိုင်မှု၊ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် သရေခေတ္တရာ၊ ပျူမြို့ဟောင်း၏ ရာဇဝင်ဥဒါန်းတွင်မှု၊ မင်းနေပြည်တော်မြို့များဖြစ်သည့် ကမ္ဘောဇသာဒီနန်းတော်၊ ကေတုမတီမြို့ဟောင်း၊ ဇေယျဝတီမြို့ဟောင်းများ၏ ဇာတိမာန်ဝင့်ကြွားမှု၊ တန်ခိုးကြီးဘုရားများ၏ ထင်ပေါ်ကျော်စောမှု၊ တိုင်းရင်းသားများ၏ ဝတ်စားဆင်ယင်မှု၊ ရိုးရာယဉ်ကျေးမှု၊ အသက်မွေးဝမ်းကျောင်းပြုမှု၊ ဒေသထွက် လက်မှုပစ္စည်းများ၏ အရည်အသွေးမြင့်မားမှုများက တိုင်းဒေသကြီး ခရီးသွားလုပ်ငန်းအောင်မြင်စေရန် ဘက်ပေါင်းစုံမှ ဝန်းရံပံ့ပိုးပေးလျက်ရှိနေပါသည်။

လေအဝေ့တွင် မျက်စိတစ်ဆုံးကျယ်ဝန်းလှသော ဖက်ဖူးရောင်စပါးပင်များက နရီကျစွာ ယီးလေးခိုလိုက်ပါနေသည်ကို တွေ့ရသည်။ အရှေ့ဆီမှ အလင်းရောင်ကြောင့် ရင်ခုန်စွာမျှော်လင့်စောင့်စားခဲ့ရသည့် တစ်ညတာ လွမ်းဆွတ်မှုဖြင့် အလင်းရောင်သွားရာနောက် တိုင်ပင်စရာမလို လိုက်ပါခဲ့ကြသော နေကြာပန်းတို့မှာ သဘာဝဟုပင် မဆိုဝံ့။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရည်ရွယ်ချက်ကောင်းမွန်ခြင်း၊ ဦးတည်ရာမှန်ခြင်း၊ စုစည်းညီညွတ်မှု အားကောင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများဖြင့် တိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းများ လှုပ်ပွင့်လန်းလာတော့မည်ကို မြင်ယောင်ရင်း ချစ်သော မွေးရပ်မြေအတွက် ဂုဏ်ယူမိသည်။

မည်သို့ပင်ဆိုစေကာမူ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ တိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ချက် အလေးအနက်ထားကာ ဝါသနာ၊ စေတနာ၊ ခံယူချက် အပြည့်အဝဖြင့် တစိုက်မတ်မတ်ဖော်ဆောင်လျက်ရှိနေမှုများကို မှတ်မှတ်ထင်ထင် မှတ်တမ်းတင်မိရင်း မကြာမီကာလများတွင် ဖြစ်ထွန်းလာမည့် ခရီးသွားလုပ်ငန်းများအပေါ် မျှော်လင့်ယုံကြည်မိပါတော့သည်။ ။

☆ **ရှေ့ဖုံးမှ**

မွန်ပြည်နယ်အတွင်း ဇွန် ၁၆ ရက်မှစ၍ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်ခြင်းများ ဖြစ်ပွားလျက်ရှိရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် တာဝန်ရှိသူများသည် ယနေ့ မွန်းလွဲပိုင်းတွင် မုတ္တမတိုက်နယ်ဆေးရုံနှင့် အခြေခံပညာအထက်တန်းကျောင်းများသို့ ရောက်ရှိကြပြီး ရေလွှမ်းမိုးခြင်းခံခဲ့ရသော တိုက်နယ်ဆေးရုံ၏ပျက်စီးမှုအခြေအနေ၊ ရေတိုက်စားမှုကြောင့် အုတ်တံတိုင်းပြိုကျမှုအခြေအနေနှင့် စာသင်ကျောင်းနံရံနှင့် သိပ္ပံခန်းအဆောင်ပျက်စီးမှုအခြေအနေများကို ကြည့်ရှုပြီး စေတနာ့ဝန်ထမ်းအဖွဲ့များ၊ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုကို ကြည့်ရှုအားပေးကာ ထောက်ပံ့မှုများ ပြုလုပ်ခဲ့သည်။

ထို့ပြင် မုတ္တမမြို့အတွင်း မိုးရွာသွန်းမှုကြောင့် နေအိမ်ပြိုကျခြင်း၊ အမိုးလန်ပျက်စီးခြင်းတို့အတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မော်လမြိုင်မြို့ ကျိုက်သလွံစေတီတော်ဝတ္တကမြေ ပြိုကျမှုအခြေအနေ၊ ဘုရားဝင်းအတွင်းရှိ ဓာတ်လှေကား၊ စောင်းတန်းနှင့်ဘုရားဆောင် အဆောက်အအုံ ပြိုအက်မှုအခြေအနေများကို ကြည့်ရှုပြီး ပြန်လည်ပြင်ဆင်မည့် အစီအစဉ်များကို သက်ဆိုင်ရာပညာရှင်များနှင့် တိုင်ပင်ညှိနှိုင်းဆွေးနွေးခဲ့သည်။

ထို့နောက် မူလတန်းလွန်ကျောင်း(ကိုဝချောင်) ယာယီရေဘေးရှောင်စခန်းသို့ သွားရောက်၍ ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံကာ အားပေးစကားပြောကြားပြီး လတ်တလော စားနပ်ရိက္ခာထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



❖ **ကျောဖုံးမှ**

ထို့အတူ မော်လမြိုင်မြို့နယ်နှင့် အခြားမြို့နယ်များတွင်လည်း လေပြင်းများတိုက်ခတ်ပြီး မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မော်လမြိုင်မြို့တောင်ဝိုင်းရပ် ဥယျာဉ်လမ်း နယ်မြေ ၁၀ ရှိ နေအိမ်များရေမြုပ်ကာ ကလေး၊ လူကြီး ၁၀၀ ကျော် ပိတ်မိနေပြီး အရေးပေါ်ကယ်ဆယ်ရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ မော်လမြိုင်မြို့ရှိ ရွှေမြိုင်သီရိရပ်ကွက်နှင့် သီရိမြိုင်၊ မော်လမြိုင်တက္ကသိုလ်အနီး၊ ပြည်သူ့ဆေးရုံကြီးနှင့် ရုံး၊ နေအိမ်အချို့တွင်လည်း ရေများဝင်ရောက်ခြင်း၊ ဓာတ်မီးတိုင်နှင့် သစ်ပင်ကြီးများ ကျိုးကျခြင်း၊ မုတ္တမတိုက်နယ် ဆေးရုံအတွင်းသို့ ရေများဝင်ရောက်ခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။ လမ်းမများပေါ် ရေကျော်နေခြင်းကြောင့် သံလွင်တံတား မော်လမြိုင်အားခေတ္တပိတ်ထားခဲ့ရသည်။ မော်လမြိုင်မြို့ရှိ ကျိုက်သလွံအရှေ့ဘက်မုခ်ဦးအနီး မြေသားနံရံများ ပြိုကျလျက်ရှိပြီး အနီးပတ်ဝန်းကျင်ရှိ လူနေအိမ်များ ပြောင်းရွှေ့ပေးခဲ့ရကြောင်း သိရသည်။

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်အတွင်းတွင်လည်း ဇွန် ၁၆ ရက် ညပိုင်းမှစတင်၍ မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ပင်လယ်ရေမြင့်တက်မှုနှင့်အတူ တောင်ကျရေများ၏အရှိန်ကြောင့် သံဖြူဇရပ်မြို့ပေါ် ရပ်ကွက်များနှင့်ကျေးရွာများအတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။ ရေကြီးရေလျှံမှုနှင့် ပျက်စီးဆုံးရှုံးမှု အခြေအနေကို လတ်တလောရရှိသည့်သတင်းများအရ သံဖြူဇရပ်မြို့အတွင်း ဖြတ်သန်းစီးဆင်းသည့် ခါပင်ချောင်းရေခြောက်ပေခန့် မြင့်တက်မှုကြောင့် စက်သစ်ရပ်ကွက် သီရိရတနာလမ်းတွင် အိမ်ခြေ ၂၀ ခန့် ရေဝင်ရောက်ခြင်း၊ အောင်မင်္ဂလာနှင့် အောင်ဇေယျရပ်ကွက်လမ်းများ ရေကျော်၍ နေအိမ်အချို့တွင် ရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့သည်။

**စီစဉ်ဆောင်ရွက်**

ကျောင်းပိုင်းရပ်ကွက်အနိမ့်ပိုင်းရှိ အိမ်ခြေ ၁၀၀



သံဖြူဇရပ်မြို့နယ်တွင် လမ်းများပေါ် ရေလျှံနေမှုများ ဖြစ်ပေါ်နေသည်ကို တွေ့ရစဉ်။

အတွင်းသို့ ရေများဝင်ရောက်မှုဖြစ်ခဲ့ပြီး အိမ်ခြေ ၆၇ လုံး လူဦးရေ ၃၀၀ ကိုလည်းကောင်း၊ ကြံ့ခိုင်ရေးရပ်ကွက်မှ အိမ်ခြေ ၂၀ လူဦးရေ ၆၉ ဦး၊ အတွင်းစခန်းကျေးရွာတွင် အိမ်ထောင်စုရှစ်စု လူဦးရေ ၁၈ ဦး၊ ပငကျေးရွာတွင် အိမ်ခြေ ၃၀ လူဦးရေ ၁၁၇၊ ကျုံကဒက်ကျေးရွာတွင် အိမ်ခြေတစ်လုံး လူဦးရေငါးဦး စုစုပေါင်းအိမ်ခြေ ၁၂၆ လုံး လူဦးရေ ၅၃၃ ဦးတို့အား ရေလွတ်ကင်းရာနေရာများသို့ ယာယီပြောင်းရွှေ့ပေးခဲ့ပြီး လိုအပ်သည့် အကူအညီအထောက်အပံ့များ ပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပငကျေးရွာ ကော့ထော်ပိုင်းမှ ဘူတာရုံပိုင်းအထိ ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ခဲ့ရာ ငါးပိ၊ ငါးခြောက်၊ ငံပြာရည်၊ ကြက်စာ၊ ဆား သိုလှောင်ဖြန့်ဖြူးသည့် ဂိုဒေါင် ၃၀ ခန့်နှင့် လူနေအိမ်ခြေ ၁၀၀ ခန့် ရေဝင်နစ်မြုပ်ခဲ့ပြီး ပငကျေးရွာနှင့်ကရုပ္ပိကျေးရွာကြား နိုင်ငံပိုင်နှင့်ပုဂ္ဂလိကပိုင်ဆားကွင်း၊ ဆားသိုလှောင် ဂိုဒေါင်များ ရေကြီးနစ်မြုပ်ခဲ့ရာ ပျက်စီးဆုံးရှုံးမှုတန်ဖိုးကို လတ်တလော မခန့်မှန်းနိုင်သေးကြောင်းနှင့် သံဖြူဇရပ်-ရေးကားလမ်း ဝဲဝင်ကရာ တံတားအနီးတွင် မြေထိန်းနံရံများ ပျက်စီးမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

မွန်ပြည်နယ် ပေါင်မြို့နယ်တွင်လည်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ကျေးရွာအချို့နှင့် မုတ္တမပြည်သူ့ဆေးရုံတွင် ကုသနေသော လူနာများအား အရေးပေါ်ရွှေ့ပြောင်းပေးလျက်ရှိကြောင်းနှင့် မုတ္တမတိုက်နယ်ဆေးရုံရှိ လူနာများအား မြနန်းဘုန်းကြီးကျောင်းအတွင်းသို့ ပြည်သူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ သံဃာတော်များက အရေးပေါ်ရွှေ့ပြောင်းပေးလျက်ရှိပြီး လူထိခိုက်မှုမရှိကြောင်း သိရသည်။

**လှေငယ်များဖြင့် သွားလာ**

ဇွန် ၁၇ ရက်တွင် ရွာသွန်းခဲ့သော မိုးကြောင့် ကရင်ပြည်နယ် ဘားအံမြို့နယ် လွန်းညကျေးရွာအုပ်စု ခနိမ်းဒိုးရွာအနီး ဘားအံ-မြဝတီ ကားလမ်း တံတားအမှတ်(၁၅) တွင် တံတားနေရာရှိ လမ်းမှာ ရေကြီးရေလျှံမှုဖြစ်ကာ ခနိမ်းဒိုးတောင်ကျချောင်း ရေတိုက်စားသဖြင့် တံတားပိုက်အပေါ်ရှိ လမ်းကျောက်သားများ ရှစ်ပေခန့်ပြိုကျခဲ့ကြောင်း သိရသည်။ ထို့အတူ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ကလိန်အောင်မြို့ အမှတ် ၁ ရပ်ကွက်နှင့် အမှတ် ၄ ရပ်ကွက်ချင်းဆက် ဆံတော်ရှင်ဘုရားသွားလမ်း မိုင်တိုင် ၃ မိုင် ၁ ဖာလုံ မြေနိမ့်ပိုင်းနေရာ လမ်းပေါ်၌ ဇွန် ၁၇ ရက် နံနက်ပိုင်းတွင် ထားဝယ်မြစ်ရေတဖြည်းဖြည်းမြင့်တက်လာမှုကြောင့် ယာဉ်ကြီး၊ ယာဉ်ငယ်များ ဖြတ်သန်းသွားလာ၍ မရကြောင်းနှင့် ဒေသခံပြည်သူများသွားလာရေး အဆင်ပြေစေရန် လှေငယ်ဖြင့် ဖြတ်သန်းသွားလာနေရကြောင်း သိရသည်။ အဆိုပါ ဆံတော်ရှင်ဘုရားသွားလမ်းတွင် ရေအနက် သုံးပေ အကျယ်ပေ ၂၀ အရှည်ပေ ၁၀၀ ခန့်ထိ လမ်းပေါ်ရေကျော်တက်လာပြီး ဘုရားဖူးသူများနှင့် ဒေသခံပြည်သူများမှာ လှေငယ်ဖြင့် ဆိုင်ကယ်တစ်စီး အသွား၊ အပြန်ငွေကျပ် ၁၀၀၀၊ လူတစ်ဦး အသွား၊ အပြန် ငွေကျပ် ၂၀၀ ဖြင့် ဖြတ်သန်းသွားလာနေရကြောင်း သက်ဆိုင်ရာမြို့နယ် (ပြန်/ဆက်)နှင့် သတင်းထောက်များ၏ သတင်းပေးပို့ချက်များအရ သိရသည်။

**ကြေးမုံ**

○ **ရန်ကုန်မှ**

ရန်ကုန်အသင်းအတွက် ဂိုးစတင်သွင်းယူခဲ့သည်။ ဇွဲကပင်အသင်းသည် ရန်ကုန်ကစားသမားဟောင်း အများစုဖြင့် အသင်းဟောင်းကို ပြန်လည်ရင်ဆိုင်စေခဲ့ပြီး အခွင့်အရေးအချို့ အသုံးမချနိုင်ခဲ့၍ နစ်နာခဲ့ရသည်။ ဒုတိယပိုင်းတွင် ဇွဲကပင်အသင်း ချေပဂိုးပြန်ရရန် အားထည့်လာခဲ့ပြီး ရန်ကုန်အသင်းဂိုးပေါက်ကို ခြိမ်းခြောက်မှုများ ပြုလုပ်နိုင်ခဲ့သည်။ ရန်ကုန်အသင်းသည် ဂိုးပြန်မပေးရရန် ခံစစ်ကို စနစ်တကျ ပိတ်ဆို့ကစားခဲ့ပြီး ဦးဆောင်ဂိုးကို ထိန်းကစားခဲ့သည်။ ရန်ကုန်အသင်းအား အနိုင်သေချာစေမည့် ဒုတိယဂိုးကို ၈၄ မိနစ်တွင် ကြည်လင်း ကန်တင်ပေးသည့် ပြစ်ဒဏ်ဘောကို အီစိုးက ခေါင်းတိုက်သွင်းခဲ့ခြင်းဖြစ်သည်။

မော်လမြိုင်ကွင်း၌ ကျင်းပသည့် Southern အသင်းက ဧရာဝတီအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ Southern အတွက် ဂိုးများကို နှစ်မိနစ်တွင် ဝေဖြိုးလွင်၊ ၆၉၊ ၇၁ မိနစ်တွင် ဘယ်ရီ၊ ၉၀+၃ မိနစ်တွင် ရန်ကျော်ထွေးက သွင်းယူပြီး ဧရာဝတီအတွက် ချေပဂိုးများကို ၂၀၊ ၇၄ မိနစ်တွင် အောင်ကျော်နိုင်က သွင်းယူခဲ့သည်။ မုံရွာကွင်း၌ ကျင်းပသောပွဲတွင် စစ်ကိုင်းအသင်းက ဟံသာဝတီအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ စစ်ကိုင်းအတွက် ဂိုးများကို ခုနစ်မိနစ်တွင် ဝေဖြိုးသူ၊ မိနစ် ၃၀ တွင် ထက်ဇော်ထွန်းက သွင်းယူပြီး ဟံသာဝတီအတွက် ချေပဂိုးကို ၁၀ မိနစ်တွင် မတ်ခ်က သွင်းယူခဲ့သည်။

ပွဲစဉ်(၁၆)အပြီးတွင် ရန်ကုန်အသင်းက ၃၅ မှတ်၊ ရှမ်းယူနိုက်တက်က ၃၃ မှတ်၊ Southern နှင့် မကွေးအသင်းက ၂၅ မှတ်၊ ရတနာပုံအသင်းက ၂၄ မှတ်၊ ဟံသာဝတီအသင်းက ၂၂ မှတ်၊ ရခိုင်အသင်းက ၂၁ မှတ်၊ ဇွဲကပင်အသင်းက ၂၀ မှတ်၊ ဧရာဝတီအသင်းက ၁၉ မှတ်၊ စစ်ကိုင်းအသင်းက ၁၅ မှတ်၊ GFA အသင်းက ၁၄ မှတ်၊ မြဝတီအသင်းက နှစ်မှတ် ရထားသည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

# ရွှေပန်းပင်ချောင်း (ယာယီ)သံဘေလီတံတား ပြီးစီး

**မကွေး ဇွန် ၁၇**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် တောင်တွင်းကြီး-မြို့သစ်-နတ်မောက်သွား ကားလမ်း ရွှေပန်းပင်ရေကျော်တံတား ပျက်စီးပြတ်တောက်ခဲ့သဖြင့် ရေကျော်တံတားအစား (ယာယီ)သံဘေလီတံတားကို ပခုက္ကူတံတားအထူးဖွဲ့(၃)မှ တည်ဆောက်ခဲ့ရာ ဇွန် ၁၆ ရက် ညနေက ပြီးစီးခဲ့ပြီး ယင်းတံတား၏ချဉ်းကပ်လမ်းကို မြို့သစ်မြို့နယ် လမ်းဦးစီးဌာနမှ တံတားတည်ဆောက်ပြီးပြီးခြင်း ချဉ်းကပ်လမ်းကို လုပ်ဆောင်ခဲ့ရာ ဇွန် ၁၇ ရက် နံနက် ၉ နာရီက ပြီးစီးခဲ့ပြီး ယာဉ်များစတင်သွားလာနိုင်ခဲ့သည်။

ယာယီ သံဘေလီတံတားမှာ ၃၆ တန်အထိသာ ခံနိုင်ရည်ရှိကြောင်း ၃၆ တန်ထက်ကျော်လွန်သည့်ကုန်ကားများ သွားလာခွင့်မရှိကြောင်း လမ်းဦးစီးဌာနမှ သိရသည်။ **ဇော်ဇော်(မြို့သစ်)**






**မြို့တိုင်းရင်းသားများအတွက် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပြည်သူများက ဆောက်လုပ်လှူဒါန်းသော နေအိမ်များ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပစဉ်။**

**✻ ရခိုင်မှ**

စုစုပေါင်းတန်ဖိုးငွေကျပ် ၄၁၆၇ ဒသမ ၆ သိန်းဖိုး လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် မြို့တိုင်းရင်းသားများနှင့် အမှတ်တရဓာတ်ပုံရိုက်ကြသည်။ **သတင်း-နေဝင်းထွန်း၊ ဓာတ်ပုံ- ခင်မောင်ဝင်း**

# ရခိုင်ပြည်နယ်၏ သာယာလှပမှုကို မှတ်တမ်းရုပ်ရှင်များ ရိုက်ကူးနိုင်ရေး ဝန်ကြီးချုပ် ဦးညီပုအား ဒါရိုက်တာ စင်ရော်မောင်မောင်နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

**စစ်တွေ ဇွန် ၁၇**

ရခိုင်ပြည်နယ်၏ သာယာလှပမှု၊ ဒေသခံတိုင်းရင်းသားများ၏ ရိုးသားဖြူစင်မှုတို့ကို ပေါ်လွင်စေမည့် ရုပ်ရှင်ဇာတ်ကားနှင့် မှတ်တမ်းရုပ်ရှင်များ ရိုက်ကူးနိုင်ရေးအတွက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုအား ဒါရိုက်တာ ဦးစင်ရော်မောင်မောင်နှင့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် ပြည်နယ်ဝန်ကြီးချုပ် ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်၏ ပုံရိပ်ကိုမြှင့်တင်ပေးမည့် ရုပ်ရှင်ဇာတ်ကား တစ်ကားဖြစ်ရေး၊ တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ ရှည်လျားလှပသည့် ပင်လယ်ကမ်းရိုးတန်း၊ ကျယ်ပြောလှသည့် လယ်ယာမြေများ ပိုင်ဆိုင်ထားမှု၊ သာယာလှပသော ရခိုင်ရိုးမတောင်တန်းတို့ကို အခြေခံပြီး ဒေသခံတိုင်းရင်းသားများ၏ ရိုးသားဖြူစင်မှုတို့ကို ပေါ်လွင်အောင်ရိုက်ကူးနိုင်ရေး၊ အတူတကွယှဉ်တွဲနေထိုင်မှုကို ဖော်ကျူးမည့် ရုပ်ရှင်ဇာတ်ကား တစ်ကား၊ ရခိုင်ပြည်နယ်၏ ပထဝီအနေအထားကို ဖော်ကျူးမည့် မှတ်တမ်းရုပ်ရှင်ဖြစ်ရေးနှင့် ယခုရိုက်ကူးမည့် ရုပ်ရှင်ဇာတ်ကားကို ကြည့်ရှုခံစားပြီး ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်ကာ ပြည်နယ်၏ လူမှုစီးပွားတိုးတက်လာနိုင်ရေးတို့ကို ဆွေးနွေးကြကြောင်း သိရသည်။

အဆိုပါတွေ့ဆုံပွဲသို့ ရခိုင်ပြည်နယ်ဆိုင်ရာ ရုပ်ရှင်ဇာတ်ကားနှင့် မှတ်တမ်းရုပ်ရှင်များ ရိုက်ကူးနိုင်ရေး ဦးစီးကော်မတီနာယက ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်လူမှုရေးဝန်ကြီး၊ ဒါရိုက်တာ ဦးစင်ရော်မောင်မောင်၊ ဒါရိုက်တာ ဦးဖုန်းဝေ(SKY NET)၊ စာရေးဆရာ မင်းခိုက်စိုးစံနှင့် ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးတို့ တက်ရောက်ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ရခိုင်ပြည်နယ် ကျောက်ဖြူဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် သိုင်းချောင်းရေလှောင်တမံ

**ရန်ကုန် ဇွန် ၁၇**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် သိုင်းချောင်းကျေးရွာအနီးတွင် တည်ဆောက်ထားသည့် သိုင်းချောင်းရေလှောင်တမံစီမံကိန်းမှာ တည်ဆောက်မှုလုပ်ငန်းများ အားလုံးပြီးစီးနေပြီဖြစ်၍ ပတ်ဝန်းကျင်အနီးအနား ကျေးရွာများနှင့် ကျောက်ဖြူ အထူးစီးပွားရေးဇုန်သို့ ရေပေးဝေမှုလုပ်ငန်းများ စတင်ရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး ၉ မှ သိရသည်။



"သိုင်းချောင်း ရေလှောင်တမံကနေ အနီးအနားမှာရှိတဲ့ ပတ်ဝန်းကျင်ကျေးရွာတွေကတော့ သောက်သုံးရေအတွက် အသုံးပြုနေပါပြီ။ အဓိက ကျောက်ဖြူ အထူးစီးပွားရေးဇုန်ကို ရေပေးဝေဖို့ပါ။ အခု စက်မှုဇုန်တွေက လုပ်ငန်းမစသေးပေမယ့် ရေပေးဝေဖို့ကတော့ အဆင်သင့်ဖြစ်နေပြီ။ ကျောက်ဖြူအထူးစီးပွားရေးဇုန်တစ်ခုလုံးအတွက် ရေမလုံလောက်နိုင်ရင်တောင် တစ်စိတ်တစ်ဒေသတော့ အထောက်အကူပြုနိုင်ဖို့ ရည်ရွယ်ပါတယ် " ဟု ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန တည်ဆောက်ရေး ၉ မှ ဦးစီးအရာရှိ ဦးမြင့်အေးက ပြောသည်။

သိုင်းချောင်းရေလှောင်တမံစီမံကိန်းသည် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့တောင်ဘက် ၁၃ မိုင်ခန့်အကွာ သိုင်းချောင်းကျေးရွာ၏တောင်ဘက် တစ်မိုင်ခန့်အကွာ သိုင်းချောင်းပေါ်တွင် တည်ဆောက်ထားပြီး အလျားပေ ၅၁၀၊ အမြင့်ပေ ၇၀ နှင့် ရေလှောင်ပမာဏ ၉၅၅ ဧကပေ သိုလှောင်နိုင်မည့် မြေသားရေလှောင်တမံတစ်ခုဖြစ်သည်။ စီမံကိန်းအနီးရှိ ကျေးရွာများအား သောက်သုံးရေ ပေးဝေနိုင်ရန်နှင့် ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံကိန်းအတွက် ရေဂါလန် ၂၄၉ သန်းခန့် ထောက်ပံ့ပေးနိုင်ရန် ရည်ရွယ်၍ တည်ဆောက်ခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါ သိုင်းချောင်းရေလှောင်တမံစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်တွင် တမံနှင့် ဆက်စပ်လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ယခုအခါ တမံအနီးပတ်ဝန်းကျင်ကျေးရွာနေပြည်သူများက သောက်သုံးရေများ ရယူအသုံးပြုလျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး ၉ မှ သိရသည်။

ထို့ပြင် ကျောက်ဖြူမြို့နယ် အထူးစီးပွားရေးဇုန်စီမံကိန်းအတွက် ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းကို ကျောက်ဖြူအထူးစီးပွားရေးဇုန်ကော်မတီက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျောက်ဖြူအထူးစီးပွားရေးဇုန်မှာလိုအပ်တဲ့ ရေကို ဒီဆည်ကနေ တစ်စိတ်တစ်ဒေသ ဖြည့်ဆည်းပေးနိုင်ရင် စီးပွားရေးလုပ်ငန်းတွေ လာရောက်လုပ်ကိုင်မယ်၊ ဒါဆို ဒေသမှာလည်း အလုပ်အကိုင်အခွင့်အလမ်းတွေရလာမယ်၊ ဒေသမှာရှိတဲ့ပြည်သူတွေ စီးပွားရေးဖွံ့ဖြိုးလာရင် ကျန်တဲ့ ကျန်းမာရေး၊ လူမှုရေးတွေပါ ဘက်စုံဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်"ဟု ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး ၉ မှ ဦးစီးအရာရှိ ဦးမြင့်အေးက ပြောသည်။

ရခိုင်ပြည်နယ်တွင် ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်းတွင် အသုံးပြုရန်အတွက် လိုအပ်သော ရေကိုပေးဝေနိုင်ရန် ရေလှောင်တမံစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခု အကောင်အထည်ဖော် တည်ဆောက်ပြီးစီးသည့် သိုင်းချောင်းရေလှောင်တမံစီမံကိန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရသည်။ **မင်းသစ် (MNA)**

# ပုဏ္ဏားကျွန်းတွင် တောင်ပြိုကျ၍ နေအိမ်ပိ၍ တစ်ဦး သေဆုံး၊ တစ်ဦး ဆေးကုသမှုခံယူ

**စစ်တွေ ဇွန် ၁၇**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် သက်ကြိုင်းတောင်ကျေးရွာအုပ်စု လွန်ပူကျေးရွာ၌ ဇွန် ၁၄ ရက်က မိုးအဆက်မပြတ်ရွာသွန်းသဖြင့် တောင်မြေပြိုကျ၍ နေအိမ်တစ်အိမ်မြေပိပြီး အဆိုပါအိမ်တွင် နေထိုင်သူ မောင်မိုးဇော် သေဆုံးကာ ဖခင်ဖြစ်သူ ဦးလပြည့်အောင်မှာ ပုဏ္ဏားကျွန်းမြို့နယ် ပိုးရှိုပြင်တိုက်နယ်ဆေးရုံတွင် အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။



အဆိုပါဖြစ်စဉ်ကို ရခိုင်ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် ပုဏ္ဏားကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက ကွင်းဆင်း၍ သေဆုံးသူ၏ ကျန်ရစ်သူမိသားစုအတွက် ထောက်ပံ့ငွေကျပ်ခြောက်သိန်းနှင့် ဆေးရုံတွင် အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူနေသူအား ငွေကျပ်တစ်သိန်း သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ရခိုင်ပြည်နယ်အတွင်း ဇွန် ၆ ရက်မှ ၁၄ ရက်ထိ လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပုဏ္ဏားကျွန်းမြို့နယ်ရှိ ဒိပ္ပ၊ ကွန်းတောင်၊ ယာချောင်း၊ တံဘက်လှန်း၊ ဂန့်ဂါ၊ ကျောက်ပြင်ဆိပ် စသည့် ကျေးရွာအုပ်စုများတွင် တစ်စိတ်တစ်ပိုင်းပျက်စီးသွားသည့် လူနေအိမ်များနှင့် လုံးဝပျက်စီးသွားသည့် လူနေအိမ်များရှိ မိသားစုဝင်များအား ရခိုင်ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ပြီး အိမ်ဆောက်ပစ္စည်းတန်ဖိုးနှင့် စားနပ်ရိက္ခာတန်ဖိုးများ ထောက်ပံ့ကူညီနိုင်ရေး ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ပုဏ္ဏားကျွန်းမြို့နယ်အတွင်း ကျေးရွာတချို့တွင် မိုးအဆက်မပြတ်ရွာသွန်းသဖြင့် ကျေးရွာ လမ်းတံတားများ ပျက်စီးခြင်း၊ စပါးသိုလှောင်ရုံများ ရေနစ်မြုပ်ခြင်း၊ ကွမ်းခင်းများ ပျက်စီးခြင်း၊ အိမ်မွေးတိရစ္ဆာန်များဖြစ်သည့် ကျွဲ၊ နွား၊ ဝက်၊ ဆိတ်တို့ သေဆုံး၊ ပျောက်ဆုံးမှုများရှိခဲ့ကြောင်းလည်း သိရသည်။

**သတင်း-ဟန်လင်းနိုင်၊ ဓာတ်ပုံ-ရဲမင်းဦး**

# ငါးခူရပြန်လည်လက်ခံရေးစခန်းရောက် လှေစီးဒုက္ခသည်များ ပြန်လည်နေရာချထားမှု ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် တွေ့ဆုံမေးမြန်း

**ပြည်တွင်းသတင်းမီဒီယာအဖွဲ့သည် ဇွန် ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် မောင်တောဒေသတွင် သတင်းရယူစဉ်အတွင်း ငါးခူရပြန်လည်လက်ခံရေးစခန်းသို့ ရောက်ရှိနေသည့် လှေစီးဒုက္ခသည်များနှင့် စပ်လျဉ်းပြီး စခန်းတွင် ရောက်ရှိနေသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် တွေ့ဆုံမေးမြန်းထားသည်များကို ရေးသားတင်ပြလိုက်ပါသည်။**

**မေး ။ ။ လက်ခံရေးစခန်းမှာရောက်နေတဲ့ လှေစီးဒုက္ခသည်တွေကို ဘယ်လိုပြန်လည်နေရာချထားသွားမလဲ။ လှေစီးဒုက္ခသည်တွေထဲမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားတွေလည်း ပါနေတယ်ဆိုတော့ ဘယ်လိုဆောင်ရွက်သွားမလဲဆိုတာ သိချင်ပါတယ်။**

ဖြေ ။ ။ ဇွန် ၁၁ ရက်ကနေစပြီး ဒီဘက်ကမ်းခြေကိုရောက်ရှိလာတဲ့ လှေစီးဒုက္ခသည် ၁၀၄ ဦးကို သက်ဆိုင်ရာတာဝန်ရှိသူတွေက စိစစ်ဖို့ ငါးခူရလက်ခံရေးစခန်းကို ခေါ်ဆောင် လာတယ်။ ဒီမှာစောင့်ရှောက်ထားပြီး တာဝန်ရှိတဲ့ ဌာနဆိုင်ရာတွေက စစ်ဆေးမေးမြန်းမှုတွေလုပ်တယ်။ သူတို့ ဘယ်ကလာကြသလဲဆိုတာ မေးမြန်းတယ်။ မေးမြန်းတဲ့အခါကျတော့ ဟိုဘက်ကလာတယ်။ လာတဲ့အခါ သူတို့လှေပျက်လို့ ဒီဘက်ကမ်းရောက်လာတယ်။ အဲဒီထဲမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၂ ဦးရယ် ဘူးသီးတောင်၊ မောင်တောဒေသမှာ အရင်တုန်းကနေခဲ့တဲ့ အစ္စလာမ်ဘာသာဝင် ၉၂ ဦး အားလုံးစုစုပေါင်း ၁၀၄ ဦး ရောက်ရှိလာတယ်။ ရောက်လာပြီး စိစစ်တဲ့အခါ ၁၂ ဦးက ဘင်္ဂလားဒေ့ရှ်နိုင်ငံသားလို့ပြောတယ်။ စစ်တွေမှာရှိတဲ့ ဘင်္ဂလားဒေ့ရှ်ကောင်စစ်ဝန်ဆီ ကျွန်တော်တို့ဆီက လူဝင်မှုကြီးကြပ်ရေးညွှန်ကြားရေးမှူးနဲ့ ဖုန်းဆက်တယ်။ ဖုန်းဆက်ပြီး ဘင်္ဂလားဒေ့ရှ်ကောင်စစ်ဝန်နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၂ ဦးကို ဖုန်းနဲ့စကားပြောခိုင်းလိုက်တယ်။ စကားပြောတဲ့အခါကျတော့ လေယူလေသိမ်းကတော့ ဘင်္ဂလားဒေ့ရှ် လေယူလေသိမ်း၊ အသံသိပ်မသဲကွဲဘူး။ စကားပြောရတာအားမရဘူး။ သေချာအောင် ၁၇ ရက်နဲ့ ၁၇ ရက်နောက်ပိုင်းကို လာပြီးအင်တာဗျူးမယ်လို့ ကောင်စစ်ဝန်က ပြောတယ်။ သူတို့ဆီမှာလည်း ဘင်္ဂလားဒေ့ရှ် IT ကတ်တွေရှိတယ် ပြောတယ်။ တွေ့ဆုံပြီးတာနဲ့ သူတို့နိုင်ငံသားဆိုရင် နှစ်နိုင်ငံ လုပ်ထုံးလုပ်နည်းနဲ့အညီ ဆောင်ရွက်မယ်။

၉၂ ဦးကိုလည်း စိစစ်နေပါတယ်။ သူတို့မှာက ရည်ရွယ်ချက်အမျိုးမျိုးရှိကြတယ်။ တချို့ကလည်း ဒီဘက်ကို လာဖို့ လှေပေါ်တက်လာတယ်လို့လည်း ပြောတဲ့သူရှိတယ်။ တချို့ကလည်း မလေးရှားသွားမယ်ဆိုပြီးပြောတယ်။ ဘင်္ဂလားဒေ့ရှ် နိုင်ငံသား ၁၂ ဦးကတော့ မလေးရှားသွားအလုပ်လုပ်ဖို့လို့ပြောတယ်။ လှေသမားတွေကို ကြိုတင်ငွေအနေနဲ့ ဘင်္ဂလားဒေ့ရှ်ငွေ နှစ်သောင်းကို မလေးရောက်ရင်ပေးရမယ်ဆိုတာတွေ ပြောပြတယ်။ အားလုံးပေါင်း ဘင်္ဂလားဒေ့ရှ်ငွေ နှစ်သိန်းလောက် အကုန်ခံပြီးသွားရတဲ့ သဘောရှိကြတယ်။ ရည်ရွယ်ချက်အမျိုးမျိုးနဲ့ သွားကြပေမယ့်လည်း တချို့က ဒီဘက်ကိုပြန်လာချင်လို့ လှေပေါ်တက်လာတယ်ပြောတယ်။ တချို့ကလည်း သူတို့ယောကျ်ားတွေ ဟိုဘက်မှာရှိလို့ သွားတယ်ပြောတယ်။ ယောကျ်ားလေးတွေကလည်း မလေးကိုသွားမယ် ပြောတယ်။

ရာသီဥတုက အလွန်ဆိုးရွားနေတဲ့အတွက် လှေပွဲစားတွေက လှေမကောင်းတော့တဲ့အတွက် ဒီဘက်ကမ်းကပ်ပြီးတော့ ရောက်လာတဲ့အနေအထားမျိုး တွေ့ရတယ်။ ဘူးသီးတောင်၊ မောင်တောဘက်မှာ နေခဲ့တဲ့သူတွေကိုယ်တိုင်လည်း ဘင်္ဂလားဒေ့ရှ်ဘက်က ကယ်ဆယ်ရေးစခန်းတွေမှာ နေခဲ့တဲ့သူတွေဆိုတာ သိရတယ်။

UEHRD ရဲ့ ပြည်ထောင်စုစီမံကိန်းအရ ဒီဘက်မှာနေခဲ့တဲ့သူတွေအတွက် သူတို့ကို မေးတဲ့အခါကျတော့ သူတို့က ဒီမှာပဲ ပြန်နေချင်ပါတယ်ပြောတယ်။ ပြန်နေချင်ပါတယ် ပြောပေမယ့် သူတို့ရဲ့မိဘတွေ၊ ဆွေမျိုးတွေက ဟိုဘက်စခန်းတွေမှာ ကျန်ခဲ့တဲ့သူတွေလည်း ရှိနေတယ်။ ရှိနေတဲ့အတွက် နီးစပ်ရာဆွေမျိုးရွာတွေမှာ နေချင်ပါတယ်ဆိုတဲ့အတွက် အခု စာရင်းတွေပြုစုနေတယ်။ နှစ်နိုင်ငံသဘောတူညီချက်အရ လက်ခံမယ်ဆိုရင် ဒီကိုရောက်လာတဲ့သူတွေကို သူတို့သဘောဆန္ဒအလျောက် ဘယ်မှာနေချင်သလဲ စသဖြင့်မေးတယ်။ သူတို့ကိုနေရာချထားမယ့်နေရာမှာ အိမ်တွေတည်ဆောက်မယ်။ ဟိုဘက်စခန်းမှာရှိတဲ့ သူတို့မိဘဆွေမျိုးတွေကို ခေါ်ချင်တယ်ဆိုရင်လည်း ဟိုဘက်စခန်းမှာရှိတဲ့စာရင်းတွေ တောင်းမယ်။ တောင်းပြီး လုပ်ထုံးလုပ်နည်းအရ ဟိုဘက်ကို ဆက်သွယ်အကြောင်းကြားပြီးတော့မှ ဒီလူတွေကတော့ အဲဒီမှာရှိပါတယ်စသဖြင့် ပြောမှာပါ။ အဲဒီလို ပြောပြလိုက်ရင် ပိုပြီးတော့မှ သေချာတဲ့သဘောမျိုး။ ၉၂ ဦးက မောင်တောဒေသမှာ နေတယ်ဆိုတာ သေချာတယ်။ ပိုပြီးသေချာအောင် ကျေးရွာအုပ်ချုပ်ရေးမှူးတွေ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေကိုခေါ်ပြီး မေးနေတယ်။

**မေး ။ ။ လှေစီးဒုက္ခသည်တွေနဲ့ တွေ့ဆုံမေးမြန်းရာမှာ ဘင်္ဂလားဒေ့ရှ်က ကယ်ဆယ်ရေးစခန်းမှာ သူတို့နေထိုင်စဉ်ကာလမှာ မြန်မာဘက်က ပြန်လည်လက်ခံဖို့ ပေးပို့လိုက်တဲ့ ဖောင်ပုံစံတွေ သူတို့မရဘူးလို့ပြောတယ်။ လာပေးတာလည်း မရှိဘူးပြောတယ်။ ဒီပေါ်မှာ ဘယ်လိုစီစဉ်သွားဖို့ ရှိပါသလဲ။**

ဖြေ ။ ။ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးလည်း ဘင်္ဂလားဒေ့ရှ်ဘက်က ကယ်ဆယ်ရေးစခန်းတွေကို သွားတယ်။ ခင်ဗျားတို့မေးသလို မေးတယ်။ မသိဘူးပြောတယ်။ မသိဘူးပြောတဲ့အခါကျတော့ ပြည်ထောင်စုဝန်ကြီးက နားလည်အောင်ရှင်းပြခဲ့တယ်။ နှစ်နိုင်ငံသဘောတူညီချက်ထဲမှာ ဒီအကြောင်းအရာတွေကို ထည့်လည်းရေးတယ်။ ပူးတွဲလည်း ပေးလိုက်တယ်။ ဟိုဘက်ကမလုပ်တာပါ။ မလုပ်တဲ့အပိုင်းကိုလည်း ဒီဟာတွေလုပ်နိုင်ဖို့အတွက် သက်ဆိုင်ရာနိုင်ငံခြားရေးဝန်ကြီးဌာနကနေ ဒီဟာကို သံတမန်လမ်းကြောင်းက သွားရမှာ။ အကြောင်းကြားထားတယ်ဆိုတာကိုလည်း ဒီအတိုင်းဆက်လုပ်ပေးဖို့ ပြောထားတယ်။ ဒါကိုလည်းအခုရောက်လာတဲ့လူတွေကိုလည်း ပြောပြတယ်။ ဒီလိုဒီလို လက်ခံပေးတယ်။ နေစရာ မရှိတဲ့သူတွေကို နေစရာဖန်တီးပေးမယ်။ အိမ်တွေပြန်ဆောက်တဲ့အခါမှာလည်း ကိုယ့်အတွက်လည်း လုပ်အားခရမယ်။ ကိုယ့်အိမ်လည်းပြီးသွားမယ်။ အဲဒီလိုပုံစံမျိုးနဲ့ လုပ်နေတဲ့အစီအစဉ်တွေရှိတယ်ဆိုတာ သူတို့ကို ပြောပြတယ်။

အသက်မွေးဝမ်းကျောင်းနဲ့ပတ်သက်ပြီး ဘာလုပ်ချင်တာလဲ။ ကိုယ်က ဘာကျွမ်းကျင်တာလဲဆိုတာလည်း မေးပြီးတော့မှ သူတို့နဲ့အပ်စပ်တဲ့လုပ်ငန်းတွေဆိုရင် အသက်မွေးဝမ်းကျောင်း ပြန်ထူထောင်တဲ့လုပ်ငန်းတွေကို ဆက်ပြီးလုပ်ပေးရမှာပါ။ ပြီးခဲ့တဲ့အသုတ်ဆိုရင်လည်း သူတို့ဒေသ သူတို့ပြန်သွားကြပြီ။ လက်ခံရေးစခန်းရောက်တယ်။ လက်ခံရေးစခန်းကနေပြီးတော့မှ စိစစ်မှုတွေလုပ်တယ်။ စိစစ်မှုတွေလုပ်ပြီးတော့မှ ကြားစခန်းလှဖိုးခေါင်သွားမယ်။ လှဖိုးခေါင်ကနေ သူတို့အတွက် လိုအပ်တာတွေယူပြီးတာနဲ့ သူတို့ရဲ့ဆွေမျိုး၊ သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးတွေကနေ လာခေါ်သွားမယ်။ ခေါ်သွားတဲ့အချိန်မှာ လိုအပ်တဲ့ ထောက်ပံ့ရေးပစ္စည်းတွေ ပေးလိုက်တယ်။

**မေး ။ ။ မြို့တွေအတွက် နေစရာအဆောက်အအုံတွေ ဆောက်လုပ်ပေးထားတာ တွေ့ရပါတယ်။ အစ္စလာမ်ဘာသာဝင်တွေနဲ့ တွေ့တဲ့အခါမှာတော့ သူတို့အတွက် မီးလောင်သွားတဲ့နေရာတွေမှာ အဆောက်အအုံဆောက်လုပ်ပေးတာ မရှိဘူးလို့ပြောတယ်။ အဲဒါနဲ့ပတ်သက်ပြီး ဘယ်လိုဆောင်ရွက်သွားဖို့ရှိပါသလဲ။**

ဖြေ ။ ။ ပန်းတောပြင်မှာ မီးလောင်သွားတဲ့အိမ် ၂၂ လုံးကိုတော့ မောင်တောနားမှာ ဆောက်ပေးထားတယ်။ ဆောက်ပြီးလို့ အိမ်မှာ တက်တောင်နေကြပါပြီ။ နောက်တစ်ခုက ကြိမ်ချောင်းတောင်မှာ ဆောက်နေတယ်။ ဒါက အိမ်အလုံး ၆၀ ပါ။ ဆောက်နေတာကလည်း အိန္ဒိယနိုင်ငံနဲ့ ကျွန်တော်တို့ နိုင်ငံ MoU ထိုးပြီးတော့မှ သူတို့ရဲ့ထောက်ပံ့မှုနဲ့ ဆောက်နေပါတယ်။ ဆောက်တာကလည်း အိန္ဒိယအစိုးရက ရွေးချယ်ထားတဲ့ ကုမ္ပဏီကပဲဆောက်တာပါ။ ကျန်တဲ့အပိုင်းတွေမှာတော့ ရောက်လာတယ်ဆိုရင် သူတို့ရွာတွေနဲ့ အနီးဆုံးမှာ အိမ်တွေ ဆောက်ပေးမယ်။ အဲဒီလိုဆောက်ပေးနိုင်ဖို့ စီစဉ်နေတယ်။ ပြီးခဲ့တဲ့အသုတ်တုန်းကလည်း အိမ်တွေဆောက်ဖို့ ပိုက်ဆံတွေ ထုတ်ပေးနေပြီ။ အိမ်ပြင်ဖို့လိုတဲ့သူက အိမ်ပြင်မယ်။ ပြီးရင်တက်နေကြမယ်။ အိမ်လုံးဝမရှိတဲ့သူတွေကတော့ သူတို့အိမ်သူတို့ ဆောက်မယ်။ ဒါအတွက် လုပ်အားခလည်းရမယ်။ အိမ်လည်းပြီးသွားပါမယ်။

**မေး ။ ။ လက်ရှိအချိန်ထိ ဘင်္ဂလားဒေ့ရှ်ဘက်ကနေ တရားဝင်ရော၊ တရားမဝင်ရော ပြန်ဝင်လာတဲ့ လူဦးရေ ဘယ်လောက်ရှိပြီလဲဆိုတာ သိပါရစေ။**

ဖြေ ။ ။ ဟိုဘက်ကနေ တရားဝင် ပြန်ရောက်လာတဲ့သူ တစ်ယောက်မှ မရှိသေးပါဘူး။ မိမိဆန္ဒအလျောက် ပြန်ရောက်လာတဲ့သူ ငါးဦး မိသားစုတစ်ဖွဲ့ရှိတယ်။ ဟိုတစ်လောက ၆၂ ဦးတစ်ဖွဲ့ရှိတယ်။ အခုဒီမှာတော့ ၉၂ ဦးပါ။ ဒါတွေက တရားဝင်အနေနဲ့ နှစ်နိုင်ငံသဘောတူညီချက်နဲ့ လွှဲပြောင်း ပေးတဲ့ဟာတော့မဟုတ်ဘူး။ သူတို့ဆန္ဒအလျောက် ရောက်လာတာဖြစ်ပါတယ်။

**စုစည်းတင်ပြ - မင်းသစ်(MNA)**
**ဓာတ်ပုံ - နေလင်း**



ပြည်တွင်းသတင်းမီဒီယာအဖွဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် တွေ့ဆုံမေးမြန်းနေစဉ်။



ငါးခူရပြန်လည်လက်ခံရေးစခန်း၌ ရောက်ရှိနေသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူအချို့ကို တွေ့ရစဉ်။

# ဘူးသီးတောင်မြို့နယ်၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်သရုပ်ပြပွဲ ပြုလုပ်

**ဘူးသီးတောင် ဇွန် ၁၇**

ဘူးသီးတောင်မြို့နယ် မီးသတ်ဦးစီးမှူး ဦးစိုးမိုးအောင်၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ဘူးသီးတောင်မြို့နယ်အတွင်းရှိ သဘာဝဘေးအန္တရာယ်ဆိုင်ရာကြိုတင်ကာကွယ်ရေးအတွက် ရပ်ကွက်၊ ကျေးရွာနေပြည်သူများအား သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သည့် အသိပညာရပ်များကို သိရှိနားလည်နိုင်ရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်သရုပ်ပြအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ဘူးသီးတောင်မြို့နယ် “ပန်းစပယ်”ဆိပ်ကမ်း ပန်ဇင်းချောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွန်း၊ မီးသတ်ဦးစီးမှူးဦးစိုးမိုးအောင်နှင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်နေပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးမိုးအောင်က ဖွင့်လှစ်ပြီး ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်သရုပ်ပြပွဲကို ပန်ဇင်းချောင်းအတွင်း အမြန်ရေယာဉ်သုံးစင်းဖြင့် မီးသတ်တပ်ဖွဲ့ဝင် ၁၂ ဦးတို့က ဘေးအန္တရာယ်ကြောင့် တိမ်းမှောက်ခဲ့သည့်လှေအား ရှာဖွေကယ်ဆယ်ခဲ့ကြရာ လူနာသုံးဦးတို့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ရှေးဦးသူနာပြုစုခြင်းဆိုင်ရာများဖြင့် ကုသခဲ့ကြပြီး လူနာများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဌာနသို့ ပို့ဆောင်ပေးခဲ့ကြောင်း သရုပ်ပြသခဲ့ကြသည်။

သရုပ်ပြပွဲသို့ မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦး၊ အနောက်တံခါး လူမှုကူညီရေးအသင်း(WDAB)မှ လေးဦး၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ခြောက်ဦးတို့ဖြင့် သရုပ်ဖော်ပြသခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

# တက္ကသိုလ် ၁၁ ခု၌ တက္ကသိုလ်ဝင်ခွင့်ကို သက်ဆိုင်ရာတက္ကသိုလ်များ၏ ကိုယ်ပိုင်အစီအစဉ်ဖြင့် ခေါ်ယူသွားမည်

**ယခုနှစ်မှစတင်၍ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သော ကျောင်းသား ကျောင်းသူများအတွက် တက္ကသိုလ် ၁၁ ခု၌ တက္ကသိုလ်ဝင်ခွင့် ရွေးချယ်ရေးကို ယခင်နှစ်များကဲ့သို့ တက္ကသိုလ်ဝင်ခွင့်ရွေးချယ်ရေးအဖွဲ့က မရွေးချယ်ဘဲ သက်ဆိုင်ရာတက္ကသိုလ်များ၏ကိုယ်ပိုင်အစီအစဉ်ဖြင့် ခေါ်ယူသွားမည်ဖြစ်ရာ သတင်းအချက်အလက်နည်းပညာတက္ကသိုလ် ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ဝင်ခွင့်လျှောက်ထားလိုသူများသည် ဝင်ခွင့်လျှောက်လွှာပုံစံများကို လှိုင်မြို့နယ် ပါရမီလမ်းရှိ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်တွင်လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန Website www.myanmar-education.edu.mm တွင်လည်းကောင်း၊ သတင်းအချက်အလက်နည်းပညာတက္ကသိုလ် Website www.uit.edu.mm တွင်လည်းကောင်း ဒေါင်းလုဒ်လုပ်၍ရယူနိုင်မည်ဖြစ်သည်။ ရန်ကုန်သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၏ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ပထမနှစ်သင်တန်းဝင်ခွင့်ခေါ်ယူခြင်းနှင့်စပ်လျဉ်း၍ပါမောက္ခချုပ် ဒေါက်တာဒေါ်စောစန္ဒာအေးအား သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။**



ပါမောက္ခချုပ် ဒေါက်တာစောစန္ဒာအေး

**(ယမန်နေ့မှအဆက်)**

**မေး။ အရင်စနစ်နဲ့ အခုစနစ် ထူးခြားချက်လေးတွေ၊ အားသာချက်တွေ၊ အားနည်းချက်တွေကိုလည်း ပြောပြပေးပါ။**

ဖြေ။ ပထမဦးဆုံး တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်တဲ့အရာကို အများပြည်သူတွေကို သိစေချင်ပါတယ်။ တော်တော်များများက အရင်နှစ်ကအထိ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာကို လျှောက်လိုက်တယ်ဆိုရင်ပဲ ကိုယ်ရတဲ့အမှတ်ပေါ်မှာ မူတည်ပြီးတော့ ဒီတက္ကသိုလ်ကို တက်ခွင့်ရမှာပဲဆိုပြီး ဥပမာ အမှတ် ၅၀၀ ကျော်ရထားတဲ့ ကျောင်းသား ကျောင်းသူတွေက ဆေးတက္ကသိုလ်တက်မယ်၊ ရန်ကုန်နည်းပညာတက္ကသိုလ် တက်မယ်၊ မန္တလေးနည်းပညာတက္ကသိုလ် တက်မယ်၊ သတင်းအချက်အလက်နည်းပညာတက္ကသိုလ် တက်မယ် စသဖြင့် ဦးစားပေးအဆင့်အလိုက် ရွေးချယ်လျှောက်ထားတယ်။ ဒီဟာမရရင် ဒါတက်မယ်။ ဒါမရရင် ဒါတက်မယ်ဆိုပြီး ကျောင်းသား ကျောင်းသူတွေဘက်က အဲဒီလျှောက်လွှာကို တင်လိုက်တယ်။ အဲဒီလိုတင်လိုက်ပြီးတော့မှ တစ်နိုင်ငံလုံးမှာ တက္ကသိုလ်ဝင်တန်းအောင်တဲ့ ကျောင်းသား ကျောင်းသူ သိန်းကျော်ရှိတဲ့အထဲကမှ ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့က ရွေးချယ်တဲ့အခါမှာ အမှတ်အများဆုံးရတဲ့ ကျောင်းသားကနေစပြီးတော့ ရွေးချယ်ပါတယ်။ သက်ဆိုင်ရာတက္ကသိုလ်အသီးသီးက လက်ခံဖို့အတွက်လည်း ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့က သွားရပါတယ်။ သွားတဲ့အခါမှာ ဥပမာ ဆေးတက္ကသိုလ်(၁)၊ ဆေးတက္ကသိုလ်(၂) ဒီလိုမျိုးလည်း လာသလို ကျွန်မတို့ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်က တာဝန်ရှိသူတွေလည်း သွားရပါတယ်။ အဲဒီမှာ တစ်နိုင်ငံလုံးမှာ အမှတ်အများဆုံးရတဲ့ကလေးက ဆေးကျောင်းကို လျှောက်တယ်ဆိုရင် ဆေးကျောင်းက တစ်ယောက်ရပြီ။ ဒုတိယကလေးကျတော့ YTU ကို လျှောက်တယ်ဆိုရင် YTU က တစ်ယောက်ရပြီဆိုပြီးတော့ ကျွန်မတို့က သူတို့ ဦးစားပေးရေးထားတဲ့အပေါ်မှာ မူတည်ပြီးတော့ သက်ဆိုင်ရာကျောင်းတွေက လက်ခံရပါတယ်။

အဲဒီလို လက်ခံပြီးတဲ့အခါမှာ ကျွန်မတို့ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်က ၂၀၀ လက်ခံမှာဖြစ်တဲ့အတွက် ဒီလိုပဲ ကျွန်မတို့ ကျောင်းကို ဦးစားပေးလျှောက်တဲ့ တစ်ယောက်ရပြီ။ နှစ်ယောက်ရပြီ။ ဆေးမဝင်ရင် သူ့ရဲ့ ဒုတိယဦးစားပေး အမှတ်ထဲကို ထည့်ပေးရတယ်။ အဲဒီလို ထည့်ပေးရင်းနဲ့မှ ကျွန်မတို့ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်ကလည်း အယောက် ၂၀၀ ပြည့်သွားပြီဆိုရင် အဲဒီ ၂၀၀ မှာ ကျွန်မတို့က ရပ်လိုက်တာ ဖြစ်ပါတယ်။ အဲဒီ ကျောင်းသား ကျောင်းသူ ၂၀၀ ကို ရွေးချယ်လိုက်တဲ့အမှတ်က နောက်ဆုံး ဒီနှစ်တက္ကသိုလ်ရဲ့ အနိမ့်ဆုံးဝင်ခွင့်ရမှတ် ဖြစ်ပါတယ်။ အဲဒီလိုရွေးချယ်တဲ့အခါမှာ ကျွန်မတို့က အမှတ်နဲ့ ဆုံးဖြတ်တာဖြစ်တဲ့အတွက် ကျောင်းသား ကျောင်းသူ ၂၀၀ အတိအကျတော့ ဖြတ်လို့မရဘူး။ မနှစ်ကဆိုရင် ကျွန်မတို့ သတင်းအချက်အလက်နည်းပညာတက္ကသိုလ် ဝင်ခွင့်ရတဲ့အမှတ်က စုစုပေါင်း ၄၈၇ မှတ် လုပ်မယ်ဆိုရင် ၂၀၇ ယောက် ဖြစ်ပါတယ်။ ဒါမှမဟုတ် ၄၈၈ မှတ် လုပ်မယ်ဆိုရင် ၁၉၆ ယောက်ပဲရမယ်။ လေးယောက်လိုနေမယ်။ တက္ကသိုလ်အနေနဲ့ ဘယ်အမှတ်မှာ ဖြတ်ချင်ပါသလဲဆိုတဲ့ဟာမျိုးကိုလည်း တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့ကနေ တိုင်ပင်ဆုံးဖြတ်ရတာမျိုး ရှိပါတယ်။

ပုံမှန်အားဖြင့်တော့ တစ်မှတ်ကလေးလိုတာနဲ့ ပိုပြီးတော့ခေါ်လိုက်ပါတယ်။ မနှစ်ကလည်း ၂၀၇ ဦးမှာ ၄၈၇ မှတ်နဲ့ ဖြတ်လိုက်တာဖြစ်ပါတယ်။ ပြီးရင် ကျွန်မတို့က စုပေါင်းရွေးချယ်တဲ့အခါကျတော့ အမှတ်အများဆုံးကနေ ၂၀၀ ပြည့်သွားတဲ့အခါမှာ ၄၈၇ မှတ်နဲ့ ဖြတ်လိုက်တယ်။ အရင်တုန်းကကျတော့ ကျောင်းသားတွေက လိုချင်တဲ့ဘာသာရပ် ပထမဦးစားပေး၊ ဒုတိယဦးစားပေး ရေးရတာဖြစ်တဲ့အတွက် တကယ်တမ်းတက္ကသိုလ်ဝင်ခွင့် ရရှိတဲ့အခါကျရင် သတင်းအချက်အလက်နည်းပညာတက္ကသိုလ်ကို တက်ခွင့်ရတယ်ဆိုပေမယ့်လည်း မတက်ချင်တာလည်း ဖြစ်နိုင်တယ်။ အဲဒါဆိုရင် တခြားအနိမ့်ဆုံးရမှတ်နဲ့ သူ့အမှတ်ကလည်း မီတယ်ဆိုရင် ဆေးကျောင်းကို ပြောင်းချင်လည်း ပြောင်းမယ်။ UFL ကို ပြောင်းချင်လည်း ပြောင်းမယ်။ ဒီလိုမျိုးပြောင်းခွင့်ကို တစ်လအထိ ခွင့်ပြုထားပါတယ်။ ကျွန်မတို့ ကျောင်းကိုဝင်ခွင့်ရတဲ့ ကလေးက ဒီကျောင်းကို မတက်ချင်ဘူး။ အရင်က ဘာရမယ်မှန်းမသိဘဲနဲ့ ဘာသာရပ်ကို ဦးစားပေးအလိုက် တန်းစီရေးထားတယ်။ တကယ်တမ်း ဒီကျောင်းကို တက်ခွင့်ရတဲ့အခါမှာ မတက်ချင်လို့ သူတို့က ပြောင်းသွားတာလည်းရှိတယ်။ တခြားကျောင်းက တက်ခွင့်ရပြီးတော့ ကျွန်မတို့ ကျောင်းကို ပြောင်းဝင်လာတာလည်း ရှိတယ်။ မနှစ်က အနိမ့်ဆုံးရမှတ် ၄၈၇ မှတ်။ ဒီနှစ်တော့ မသိသေးပါဘူး။

အဲဒီတော့ ၄၈၇ မှတ်မှာ ဖြတ်လိုက်ပြီးသားအမှတ်ကို ကျွန်မတို့ ပြောင်းလဲလို့မရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ တက္ကသိုလ်ဝင်တန်းအောင်တဲ့ ကျောင်းသား ကျောင်းသူ သိန်းကျော်ရှိတဲ့ အထဲက ရွေးချယ်ရတာဖြစ်တဲ့အတွက် ၄၈၆ မှတ် ပြန်လုပ်မယ်လို့ လုပ်ချင်လည်းပဲ လုပ်လို့မရပါဘူး။ အားလုံးနဲ့ တန်းစီရမှာမျိုး ဖြစ်ပါတယ်။ မနှစ်ကဆိုရင် ၄၈၇ မှတ်နဲ့ ဖြတ်လိုက်ပြီးတဲ့အခါမှာ တကယ်တမ်း ကျွန်မတို့ ကျောင်းမှာ ကျောင်းသား ကျောင်းသူ ဦးရေ ၂၀၀ ပဲ လက်ခံနိုင်တယ်။ သို့သော်လည်းပဲ ပြန်ပြီးတော့ ပြောင်းလာတဲ့ ဦးရေနဲ့ စုစုပေါင်း ပထမနှစ် ကျောင်းသား ကျောင်းသူ ၂၃၅ ဦး ဖြစ်သွားပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ၄၈၇ မှတ် အထက်ရနေတဲ့သူဆိုရင် ဘယ်သူမဆို ပြောင်းလာခွင့်ရှိတဲ့ မူဝါဒအရ အဲဒီလိုမျိုး ဖြစ်ပါတယ်။ မနှစ်ကဆိုရင် တော်တော်လေးကို စီစဉ်လိုက်ရပါတယ်။ ကျွန်မတို့ကျောင်းကို ဒီလိုမျိုး တက်ချင်လို့၊ စိတ်ဝင်စားလို့ ကျောင်းသား ကျောင်းသူတွေ ပြောင်းလာတာ ဝမ်းသာစွာကြိုဆိုရမယ့်ကိစ္စပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့ တကယ်တမ်း ၂၀၀ ပဲ သင်ကြားနိုင်တယ်ဆိုပေမယ့် ၃၅ ယောက် ပိုလာတဲ့ဟာကို အဆင်ပြေအောင် တော်တော်လေးကို စီစဉ်ရပါတယ်။ ဥပမာ ကျွန်မတို့ ကျောင်းမှာ ပရိုဂရမ် အင်ဂျင်နီယာဘာသာရပ်တွေကို သင်ကြားတဲ့အခါမှာ ဆရာ ဆရာမတွေက စက်ခန်းထဲမှာ တစ်ခါတည်း စက်တွေနဲ့ တိုက်ရိုက်သင်ပါတယ်။ တိုက်ရိုက်သင်တဲ့အခါမှာ စက်ခန်းထဲမှာ အလုံး ၄၀ ပဲ ရှိတယ်ဆိုရင် ကျောင်းသား ၄၀ ပဲ ထည့်လို့ရပါတယ်။ တစ်ဦးချင်းစီ သေချာလက်တွေ့လေ့ကျင့်ရမှာ ဖြစ်တဲ့အတွက်ကြောင့် စက်ခန်းထဲမှာ စက်အလုံးရေ ထပ်ထည့်ရတာတို့၊ ကျပ်တည်းတာတို့ ဖြစ်ပါတယ်။

ကျွန်မတို့က သက်ဆိုင်ရာတက္ကသိုလ်ကို တိုက်ရိုက်လျှောက်ထားလို့ ရတယ်လို့ ပြောလိုက်တဲ့အတွက်ကြောင့် စောစောကလို မလိုလားအပ်တဲ့ ပြဿနာတွေ လျော့နည်းသွားမယ်လို့ ထင်ပါတယ်။ ကျွန်မတို့က waiting list မှာ တစ်ခါတည်း အရန်ရွေးချယ်တဲ့စာရင်းကို ထုတ်ပြန်ထားမှာဖြစ်တဲ့ အတွက်ကြောင့် တကယ်ကို သင်ကြားပေးနိုင်တဲ့ ကျောင်းသားဦးရေ ၂၀၀ ကို ဒီကျောင်းမှာ တက်ခွင့်ရတယ်ဆိုပြီး ရွေးချယ်လိုက်တဲ့အခါမှာလည်း ကျောင်းသားတွေကလည်း ဒီတစ်ကျောင်းတည်း လျှောက်မယ်လို့တော့ ကျွန်မ မထင်ပါဘူး။ တခြားကျောင်းကိုလည်း လျှောက်လိမ့်မယ်။ တခြားကျောင်းမှာလည်း ရတယ်ဆိုရင် နှစ်ကျောင်းလုံးမှာ တက်ခွင့်ရတယ်ဆိုရင်လည်း သူတို့က ဘယ်ကျောင်းကို တက်မယ်ဆိုပြီး ရွေးချယ်ဦးမှာဖြစ်တဲ့အတွက် ရွေးချယ်ခွင့်ဟာ သူတို့ရဲ့အခွင့်အရေးဖြစ်တဲ့အတွက် ကျွန်မတို့က ဘာမှပြောလို့မရပါဘူး။

သို့သော်လည်း ၂၀၀ ထုတ်ပြန်လိုက်ပြီးတဲ့အခါမှာ ဒီတစ်ပတ်အတွင်းမှာ ကျွန်မတို့ ကျောင်းအပ်ပါမယ်။ တက်ပါမယ်လို့ ဆက်သွယ်ဆောင်ရွက်တာ မရှိဘူးဆိုရင် စောစောကပြောသလို အရန်ရွေးချယ်တဲ့စာရင်းကို ထုတ်ပြန်ပေးမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ တစ်မှတ်လေးကပ်ပြီး ကျန်ရစ်ခဲ့တယ်လို့ ကျောင်းက သင်ပေးနိုင်ပါလျက် လိုအပ်တဲ့ ကျောင်းသား ကျောင်းသူ မရဘူးလို့ ဒါမျိုးတွေ လျော့နည်းသွားနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။

**မေး။ ရွေးချယ်တဲ့အခါမှာ ဆရာမကြီးကိုယ်တိုင်ဦးစီးပြီး ရွေးချယ်မှာလား၊ တက္ကသိုလ်ဝင်တန်းရွေးချယ်ရေးအဖွဲ့ကနေ ရွေးချယ်မှာလားဆိုတာ သိပါရစေ။**

ဖြေ။ ကျွန်မတို့ သက်ဆိုင်ရာကျောင်းသားရေးရာဌာနကနေ ဦးစီးပြီးတော့ ဝင်ခွင့်စိစစ်တဲ့ကိစ္စတွေကိုလုပ်ရမှာ ဖြစ်ပါတယ်။ ကျွန်မတို့ကျောင်းကို လျှောက်ချင်တဲ့ ကျောင်းသား ကျောင်းသူတွေက သတင်းအချက်အလက် နည်းပညာတက္ကသိုလ်ရဲ့ ကျောင်းသားရေးရာဌာနနဲ့ ဆက်သွယ်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ လျှောက်လွှာတင်ရင်လည်း ကျောင်းသားရေးရာဌာနမှာ တင်ရမှာ ဖြစ်ပါတယ်။ လျှောက်လွှာပုံစံနဲ့အတူ တောင်းထားတဲ့ အထောက်အထားတွေ၊ သူတို့အမှတ်စာရင်းတွေ ရှိပါတယ်။ နောက်ဆုံးဝင်ခွင့်ရတဲ့စာရင်း ကြေညာချက် မထုတ်ပြန်ခင်အချိန်အထိ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်က အမှတ်ဘယ်လောက်နဲ့ ဖြတ်သွားတယ်ဆိုတာကို ပြောလို့မရပါဘူး။ တော်တဲ့ ကျောင်းသား ကျောင်းသူတွေက သတင်းအချက်အလက်နည်းပညာတက္ကသိုလ်ကို စိတ်ဝင်စားတဲ့ ကျောင်းသားများတယ်ဆိုရင် အမှတ်က မြင့်သွားမှာ ဖြစ်ပါတယ်။ စိတ်ဝင်စားတဲ့ ကျောင်းသားနည်းတယ်ဆိုရင် အမှတ်နိမ့်သွားမှာ ဖြစ်ပါတယ်။

**မေး။ နောက်ဆုံး ရွေးချယ်မယ့်စာရင်းကို ဘယ်နေ့ထုတ်ပြန်မှာလဲဆိုတာ ပြောပြပေးပါ။**

ဖြေ။ ဝင်ခွင့်ရတဲ့ကျောင်းသားတွေရဲ့ နောက်ဆုံးစာရင်းကို ဩဂုတ်လ ၁၅ ရက်နေ့မှာ ထုတ်ပြန်ကြေညာမှာဖြစ်ပါတယ်။ အဲဒီလို ထုတ်ပြန်ကြေညာပြီးတဲ့အခါ တစ်ပတ်အတွင်း ကျွန်မတို့ ကျောင်းနဲ့ ဆက်သွယ်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ တစ်ပတ်အတွင်း ဆက်သွယ်ဆောင်ရွက်တာ မရှိဘူးဆိုရင် waiting list ထဲက ကျောင်းသား ကျောင်းသူ စာရင်းကို ထပ်ပြီးကြေညာပေးမှာ ဖြစ်ပါတယ်။ ထပ်ပြီးကြေညာပေးထားတဲ့ waiting list ထဲက ကျောင်းသား ကျောင်းသူတွေ အပါအဝင် သတင်းအချက်အလက် နည်းပညာတက္ကသိုလ်ကို နောက်ဆုံးကျောင်းအပ်နှံရမယ့်ရက်က စက်တင်ဘာ ၁၂ ရက်နေ့ နောက်ဆုံးထားပြီး အပ်နှံရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်က အမှတ်ဘယ်လောက်နဲ့ ဖြတ်သွားတယ်ဆိုတာကို အဲဒီတော့မှ သိရမှာ ဖြစ်ပါတယ်။

**မေး။ ။ ဒီကျောင်းကနေ ဘွဲ့ရကလေးတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းမှာ အားသာချက်တွေများ ရှိပါသလား။**

ဖြေ။ ။ သတင်းအချက်အလက်နည်းပညာဆိုတာ ဒီခေတ်မှာ ဒါက ကွန်ပျူတာဘာသာရပ်လို့ သီးခြားပြောလို့မရတော့တဲ့အခြေအနေမျိုး ဖြစ်ပါတယ်။ သတင်းအချက်အလက်နည်းပညာက နေရာတိုင်းလိုလိုမှာ အသုံးပြုနေတယ်လို့ ပြောလို့ရပါတယ်။ IT နည်းပညာဆိုတာက သက်သက်ကြီး နည်းပညာတစ်ခု မဟုတ်တော့ပါဘူး။ နေရာတိုင်းမှာ၊ ဘာသာရပ်တိုင်းမှာ၊ အလုပ်တိုင်းမှာ IT နည်းပညာနဲ့တွဲဖက်ပြီး သုံးနေရတာ ဖြစ်ပါတယ်။ ကမ္ဘာမှာရော မြန်မာမှာပါ IT နည်းပညာရပ်က အလုပ်အကိုင်အခွင့်အလမ်းအများဆုံးပညာရပ်လို့ ပြောလို့ရပါတယ်။

ကျွန်မတို့ ၂၀၁၂ -၂၀၁၃ ပညာသင်နှစ်မှာ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်ကို စတင်ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာမှာ စတင်ဖွင့်လှစ်တာဖြစ်တဲ့အတွက် ဘွဲ့ကြိုသင်တန်းက ငါးနှစ်သင်တန်း ဖြစ်ပါတယ်။ ၂၀၁၆ -၂၀၁၇ ပညာသင်နှစ်မှာမှ ပထမဆုံးအသုတ် ဘွဲ့ရခဲ့ပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းတစ်ခုအနေနဲ့ပြောရရင် အလုပ်လုပ်ချင်တဲ့ ကျောင်းသား ကျောင်းသူတိုင်း အလုပ်ရတယ်လို့ ပြောလို့ရပါတယ်။ မနှစ်က ပထမဆုံးအသုတ် ဘွဲ့ရသွားတဲ့ ၁၆၉ ယောက်မှာ ၁၀၀ က ကုမ္ပဏီအသီးသီးမှာ အလုပ်လုပ်နေကြပါပြီ။ ကျောင်းနဲ့ ဆက်သွယ်ဆောင်ရွက်နေတဲ့ ဂျပန်ကုမ္ပဏီတွေမှာ အလုပ်လုပ်နေတဲ့ ကျောင်းသား ကျောင်းသူတွေရှိပါတယ်။ အဲဒီကျောင်းသား ကျောင်းသူတွေက ဂျပန်မှာ ဘွဲ့ရတဲ့ကလေးတွေနဲ့ တန်းတူလစာမျိုးရနေပါပြီ။ ဒါက ကျောင်းအတွက် ဂုဏ်ယူစရာပါ။ ကျွန်မတို့ကျောင်းက ပညာသင်ယူပြီးတဲ့အခါ အလုပ်အကိုင်အခွင့်အလမ်းရဖို့ကိုလည်း ကျွန်မတို့ ကျောင်းက အာမခံသလို ကျွန်မတို့ကျောင်းကို စိတ်ဝင်စားလို့ လျှောက်လွှာ လာတင်ကြမယ့် ကျောင်းသား ကျောင်းသူတွေ၊ မိဘတွေကို ပြောချင်တာက ကျွန်မတို့ကျောင်းက စည်းကမ်းကြီးတယ်။ ကျောင်းမှန်မှန်တက်ရမယ်။ လက်တွေ့ချိန်ကို စနစ်တကျလုပ်ဖို့အတွက် ကြိုပြီး အသိပေးပြောကြားရင်းနဲ့ ကျောင်းကိုလာတက်ကြဖို့ ဖိတ်ခေါ်ပါတယ်။ ။



သတင်းအချက်အလက်နည်းပညာတက္ကသိုလ်ကို တွေ့ရစဉ်။

သတင်းဆောင်းပါး - ဝင်းမီမီဖြိုး
ဓာတ်ပုံ - ရဲထွဋ်

# "ပင်လယ်ကြီးက ဘာပြောလဲ" ရုပ်ရှင်ဇာတ်ကား ဇွန် ၂၂ ရက်မှစတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသမည်

သတင်း- ဇော်ကြီး
ဓာတ်ပုံ- ဇော်မင်းလတ်

ရန်ကုန် ဇွန် ၁၇

**ရာမည ရုပ်ရှင်ထုတ်လုပ်ရေးက စီစဉ်သည့် "ပင်လယ်ကြီးက ဘာပြောလဲ"ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြိုမိတ်ဆက်ပွဲကို ယနေ့နံနက် ၇ နာရီခွဲက ရန်ကုန်မြို့ သမ္မတ အဆင့်မြင့် ရုပ်ရှင်ရုံ၌ ပြသခဲ့ပြီး ဇွန် ၂၂ ရက်မှစတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။**



ဒါရိုက်တာ အောင်ဩဘာ



အကယ်ဒမီ ထွန်းထွန်း



အိချောပို



သန္တာဗို

အဆိုပါ ဇာတ်ကားကို ဒါရိုက်တာ အောင်ဩဘာက ရိုက်ကူးထားခြင်းဖြစ်ပြီး အပန်းဖြေကမ်းခြေ ဟိုတယ်ကြီးတစ်ခုအတွင်း လာရောက်တည်းခိုကြရာမှ အတူဆုံတွေ့ကြပြီး မထင်မှတ်ဘဲ ရင်ခုန်စရာ အချစ်ဇာတ်လမ်းလေးများ ဖြစ်ပေါ်ခဲ့ပုံနှင့် ဟိုတယ်အတွင်း အဖြစ်အပျက်များ၊ ပင်လယ်ကြီးနှင့် ကမ်းခြေမှ အလှအပများကို ခံစားနိုင်စေရန် အဓိကအခြေခံကာ ရယ်ရွှင်ဖွယ် ရိုက်ကူးထားခြင်း ဖြစ်သည်။

**တစ်မူထူးခြား**

ယင်းရုပ်ရှင်ဇာတ်ကားကို ခန့်စည်သူ၊ မင်းမော်ကွန်း၊ ထွန်းထွန်း၊ ဖြိုးငွေစိုး၊ စိုးမြတ်သူဇာ၊ အိချောပို၊ သန္တာဗို၊ ရတနာဗိုတို့နှင့် အခြားသော အနုပညာရှင်များစွာဖြင့် ပုံဖော်ထားပြီး တစ်မူထူးခြားစွာဖြင့် ရိုက်ကူးထားသော ဟာသရုပ်ရှင်ဇာတ်ကား ဖြစ်ကြောင်း သိရသည်။

ဒါရိုက်တာ အောင်ဩဘာက "ကျွန်တော်တို့ ရာမညနဲ့ စကားပြောတဲ့အခါမှာ ပင်လယ်ဟာသလေး တစ်ခုခု ရိုက်ချင်တယ်။ ဟာသတစ်မျိုးတည်းလည်း မဟုတ်တဲ့ ဇာတ်ညွှန်းလေးရိုက်ချင်တယ်ဆိုလို့ ကျွန်တော်တို့တိုင်ပင်ပြီး ရိုက်ဖြစ်ခဲ့တာပါ။ ဒီဇာတ်ကားက ဟာသကားဆိုပေမယ့် တခြားပညာပေးလေးတွေလည်း ရှိပါတယ်။ ဒါပေမယ့် တခြားပညာပေးကတော့ အများကြီးမပါပါဘူး။ အဓိကကတော့ လူတွေကို ပျော်ရွှင်စေချင်တယ်။ ဒီကားလေး ကြည့်ပြီးတော့ အမှတ်တရအနေနဲ့ ပညာလေး နည်းနည်းပါးပါးရစေချင်တဲ့ သဘောလောက်ပါပဲ။ ဒီကားလေး သွားရိုက်တဲ့အချိန်တုန်းက နည်းနည်းလေး ဒုက္ခရောက်တယ်။ ရိုက်တဲ့ရက်နဲ့ ရတဲ့လူတွေပုံစံနဲ့က နည်းနည်းလေး ကွာဟမှုရှိနေတဲ့အတွက်ကြောင့် ရက် နည်းနည်းလေး ကျပ်ကျပ်လေး ရိုက်လိုက်ရတယ်။ အဲဒီလိုဖြစ်တဲ့ အတွက်ကြောင့် နေ့တွေ၊ ညတွေ ရိုက်ခဲ့ရတာကြောင့် အားလုံးပင်ပန်းကြတယ်။ ကမ်းခြေမှာလည်း အချို့ပြဿနာလေးတွေနဲ့လည်း ကြုံခဲ့ရတယ်။ အဲဒါလေးတွေကို နည်းနည်းလေးရှင်းလင်းပြီး လုပ်ခဲ့ရတာကြောင့် နည်းနည်းလေး အချိန်ပေးခဲ့ရတယ်။ ကိုယ်လိုချင်သလောက် သိပ်ပြီးတော့ မရခဲ့ပါဘူး။ ပရိသတ်ရဲ့အားပေးမှုကတော့ ပါဝင်ထားတဲ့သူတွေရဲ့ ကြိုးစားထားမှုအပေါ် မူတည်ပြီးတော့ အားပေးကြမယ်လို့ မျှော်လင့်ပါတယ်။ ဟာသမှာကတော့ ဘယ်ဇာတ်လမ်းမှာပဲ ဖြစ်ဖြစ် သူ့ရဲ့အတိုင်းအတာတစ်ခုကို ကျော်လွန်သွားမယ်၊ လျော့နည်းနေမယ်၊ သူ့ရဲ့ အတိုင်းအတာကို မရောက်ဘူးဆိုရင်တော့ ပရိသတ်က လက်မခံနိုင်ဘူးလို့တော့ ကျွန်တော်မြင်ပါတယ်။ ဒီကားလေးကိုတော့ ကျွန်တော်တို့ အားလုံးကြိုးစားပြီး ပင်ပင်ပန်းပန်း ရိုက်ကူးထားပါတယ်။ ပရိသတ်တွေကို ပျော်ရွှင်မှုဖြစ်ဖြစ်၊ ရသတစ်ခုခုဖြစ်ဖြစ် ပေးနိုင်မယ်လို့ မျှော်လင့်တဲ့အတွက် ပရိသတ်တွေအနေနဲ့ လာရောက်ကြည့်ရှုစေချင်ပါတယ်။ ဇွန် ၂၂ ရက်မှာ ရုံတင်မှာပါ"ဟု ပြောသည်။

**ဘဝအမောတွေပြေစေဖို့**

သရုပ်ဆောင် ထွန်းထွန်းက "ဒီဇာတ်ကားလေးကတော့ အချစ်ဇာတ်လမ်းဆန်တဲ့ ဟာသကားလေးပါ။ ဇာတ်လမ်းထဲမှာတော့ ကျွန်တော်က သီချင်းဆိုတဲ့ ချာတိတ်ပါ၊ MTV လာရိုက်ရင်းနဲ့ ကမ်းခြေကို ရောက်လာတာပေါ့။ ချောင်းသာမှာသွားပြီး ရိုက်ကူးထားတာပါ။ ၂၀၁၅ ဒီဇင်ဘာလောက်ကရိုက်ခဲ့တာလို့ ထင်တယ်။ မှတ်မှတ်ရရအနေနဲ့ကတော့ ရိုက်နေရင်းနဲ့လည်း တော်တော်ပျော်ပါတယ်။ ဖြိုးငွေစိုးဆိုရင် သူ့သားလေးလည်း ပါတော့ သူ့သားလေးနဲ့လည်း ဆော့ကစားဖြစ်ပါတယ်။ ပင်လယ်ဇာတ်လမ်းဖြစ်တဲ့အတွက် ဇာတ်လမ်းထဲမှာပါတဲ့ ဇာတ်ကောင်စရိုက်အတိုင်းပဲ ရိုက်ကူးခဲ့တာပါ။ အထူးတော့ ပြောစရာမရှိပါဘူး။ ရိုက်ကူးတဲ့အခါမှာတော့ ကျွန်တော့်ကြောင့်ပဲ တခြားသူတွေ အခက်အခဲရှိမှာကို စိတ်ပူခဲ့တာပါ။ ကျွန်တော့်အတွက်ကတော့ ဝါရင့်သရုပ်ဆောင်တွေနဲ့ ရိုက်ကူးရတဲ့အတွက် ကျေနပ်ပါတယ်။ ဒီဇာတ်ကားမှာ အဆိုတော်တစ်ယောက်အနေနဲ့ သရုပ်ဆောင်ခဲ့ရတယ်။ ယေဘုယျအားဖြင့်တော့ အခက်အခဲမရှိခဲ့ပါဘူး။ ကိုယ်နဲ့ လုပ်ဖော်ကိုင်ဖက်တွေနဲ့ အပေးအယူမျှဖို့အတွက်တော့ အများကြီး ကြိုးစားခဲ့ရပါတယ်။ ဒါရိုက်တာညွှန်ကြားမှုအတိုင်း လုပ်ခဲ့တဲ့အတွက် ကျွန်တော်ကတော့ ကျေနပ်ပါတယ်။ ဒီကားလေးက ဟာသကားဖြစ်တဲ့အတွက် ကြည့်ရှုအားပေးဖို့အတွက် ဖိတ်ခေါ်ပါတယ်။ ဘဝအမောတွေ ပြေဖို့အတွက် ကျွန်တော်တို့ ကြိုးစားထားပါတယ်"ဟု ပြောသည်။

သရုပ်ဆောင် အိချောပိုက "ဒီဇာတ်ကားက ရိုက်ထားတာလဲ တော်တော်ကြာပါပြီ။ ဒီကားလေးမှာ သရုပ်ဆောင်တွေလည်း အများကြီးပါတယ်။ ကိုယ်ပါဝင်တဲ့အခန်းကဏ္ဍအတွက်ကတော့ အကောင်းဆုံးဖြစ်အောင် သရုပ်ဆောင်ထားပါတယ်။ ဇာတ်ကားထဲမှာ ရွှေစင်ဆိုတဲ့ မော်ဒယ်မင်းသမီး ဇာတ်ကောင်တစ်ယောက်အနေနဲ့ ပါဝင်သရုပ်ဆောင်ခဲ့တာပါ။ ကမ်းခြေမှာ သွားရိုက်ထားတဲ့ ဇာတ်ကားလေးဖြစ်လို့ ရိုက်တဲ့အချိန်တုန်းက တော်တော်ပျော်ပါတယ်။ သရုပ်ဆောင်တွေများတော့ ပိုပြီးပျော်ဖို့ကောင်းပါတယ်။ အမှတ်တရဆိုရင်တော့ ကိုယ့်ကြောင့် မဟုတ်ပေမယ့် ဇာတ်ကားထဲမှာပါတဲ့ မမျိုးမျိုးခိုင်ဆိုရင် မြင်းကိုက်ခံရတယ်။ အဲဒီလို ဟာသလေးတွေ ဖြစ်ခဲ့တာတွေတော့ ရှိပါတယ်"ဟု ပြောသည်။

**အတွေ့အကြုံအများကြီးရ**

သရုပ်ဆောင် သန္တာဗိုက "ဒီဇာတ်ကားမှာတော့ ကိုခန့်ကို တစ်ဖက်သတ်ကြိုက်တဲ့ ဇာတ်ကောင်ပုံစံ သရုပ်ဆောင်ထားတာပါ။ ဒီကားလေးရိုက်ထားတာ သုံးနှစ်လောက်ရှိပြီဆိုတော့ ညီမရဲ့လိုအပ်ချက်တွေလည်း အများကြီးရှိပါတယ်။ သည်းခံပြီး ကြည့်ပေးပါလို့ ပြောချင်ပါတယ်။ ဇာတ်ကားမှာ ပါဝင်တဲ့သူတွေအားလုံးက ညီမကိုသည်းခံပြီး ရိုက်ပေးကြပါတယ်။ မကြီးစိုးနဲ့ ရန်ဖြစ်တဲ့ ဇာတ်ဝင်ခန်းမှာဆိုရင်လည်း ကိုယ့်ထက် ဝါရင့်တဲ့သူလည်းဖြစ်၊ ကိုယ့်ထက် အကြီးလည်းဖြစ်တဲ့အတွက် အတော်လည်းအားနာတယ်။ ကြောက်စိတ်တွေဖြစ်နေခဲ့တာလည်း ရှိခဲ့တယ်။ ဒါပေမယ့် မကြီးစိုးတို့က သည်းခံပြီး ရိုက်ပေးခဲ့ပါတယ်။ စိတ်ရှည်လက်ရှည်လည်း သင်ပေးကြပါတယ်။ အရပ်ရှည်တဲ့အတွက် ရိုက်တဲ့အခါမှာတော့ အခက်အခဲအနည်းငယ် ရှိတာကြောင့် အမြဲတမ်း ဖိနပ်အပါးလေးတွေပဲ စီးပါတယ်။ ဝါရင့်သရုပ်ဆောင်တွေနဲ့ ရိုက်ရတဲ့အတွက် အတွေ့အကြုံတွေလည်း အများကြီးရပါတယ်။ ဒီဇာတ်ကားထဲမှာ အမှတ်တရအနေနဲ့ကတော့ ဂေါက်သီးမှန်သွားတာရှိမယ်။ ပြီးတော့ မကြီးစိုးနဲ့ရန်ဖြစ်တာလေးတွေက အမှတ်တရရှိခဲ့ပါတယ်။ ပါဝင်သရုပ်ဆောင်ထားတဲ့သူတွေအားလုံးက ဇာတ်ကောင်စရိုက်တစ်ခုစီ ရှိတဲ့အတွက်ကြောင့် အကုန်လုံးနီးပါး တစ်ယောက်ကိုတစ်မျိုးစီ ရယ်ရပါတယ်။ ဒါပေမယ့် ဒီကားကို ပြန်ကြည့်တဲ့အခါမှာ ညီမကိုယ်တိုင် အားမရသေးပါဘူး။ လိုအပ်ချက်တွေ ရှိသေးတယ်ဆိုတာကို တွေ့ရပါတယ်။ ပရိသတ်တွေအနေနဲ့လည်း အပန်းဖြေတဲ့သဘောနဲ့ဖြစ်ဖြစ်၊ ဘဝအမောတွေ ပြေစေဖို့ပဲဖြစ်ဖြစ် ဒီကားလေးကို လာရောက်ကြည့်ရှုပါ။ ညီမရဲ့ လိုအပ်ချက်တွေရှိရင်လည်း သည်းခံပြီးတော့ ကြည့်ရှုပေးပါလို့ ပြောချင်ပါတယ်။ နောက်ထပ်လည်း ရုပ်ရှင်ကားကြီးလေးကားရိုက်ထားတာ ရှိပါတယ်။ အဲဒါတွေကတော့ အခုရုံမတင်သေးပါဘူး။ ကျောက်သင်ပုန်းပေါ်က ကလေးလက်ရေးရယ်၊ အလှည့်ဆိုတဲ့ကားရယ်၊ ရေမီးအစုံနဲ့ လေထီးခုန်ချသူများရယ်၊ အဝေးချစ်ဆိုတဲ့ကားတွေ ဖြစ်ပါတယ်။ အဲဒီလေးကားမှာဆိုရင်တော့ ဟာသဘက်တော့ မဟုတ်တော့ပါဘူး။ အချစ်ကားလေးတွေလည်းပါပါတယ်"ဟု ပြောသည်။

ဇာတ်လမ်းအကျဉ်းအနေဖြင့် လူငယ်လုပ်ငန်းရှင် "ဧကရာဇ်"သည် လုပ်ငန်းတိုးချဲ့သည့် အနေဖြင့် ကမ်းခြေဟိုတယ်တစ်လုံးကို ဝယ်ယူခဲ့သည်။ ပိုင်ရှင်အသစ် မည်သူမှန်း မသိစေဘဲ ဖုံးကွယ်ထားကာ ဧည့်သည်တစ်ယောက်အနေဖြင့် ဟိုတယ်သို့ သွားရောက် တည်းခိုနေခဲ့သည်။ တည်းခိုရင်းဖြင့် ဟိုတယ်ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်နေမှု အရည်အချင်း၊ ဧည့်သည်များ၏ လိုအပ်ချက်၊ ဖြည့်ဆည်းပေးရမည့် တာဝန်များကို လေ့လာစုံစမ်းနေခဲ့ရာ ဟိုတယ်မန်နေဂျာ "သွင်ဦး"နှင့် ဧည့်ဆောင်၊ စားသောက်ဆောင် တာဝန်ခံ "ပိုက်ထွေး"တို့မှာ လုပ်ငန်းကျွမ်းကျင်ပြီး အလုပ်အပေါ် စေတနာထားကြိုးစားသည်ကို တွေ့ခဲ့ရသည်။

သို့သော် မမျှော်လင့်ဘဲ ပြဿနာတစ်ရပ် ပေါ်ပေါက်လာသည်။ ဟိုတယ်အတွင်း၌ ခါးပြတ်သရဲတစ်ကောင် ပေါ်လာခြင်းဖြစ်ပြီး ဧည့်သည်များကို ခြောက်လှန့်ရုံမက စားသောက်ဖွယ်ရာများနှင့် ပစ္စည်းအချို့တို့ ပျောက်ဆုံးသွားခြင်းများဖြစ်ပေါ်ခြင်း၊ စိတ်ရောဂါဝေဒနာရှင် ကျောက်သူဌေးလေး "နွေကင်း"၊ ဟိုတယ်တစ်လုံးဖွင့်နိုင်ရန် လာရောက်တည်းခိုလေ့လာနေသူ "ယမထာ"၊ MTV ရိုက်ကူးရန်ရောက်ရှိလာသည့် ရက်ပါအဆိုတော် "အောင်ဘီ (အောင်B)"နှင့် မော်ဒယ် "ရွှေစင်"၊ ရွှေစင်နှင့်အတူပါရှိလာသည့် ညီအစ်မဝမ်းကွဲတော်စပ်တူ "သီသီ"နှင့် မိတ်ကပ် "မာမီလျံ"၊ နိုင်ငံခြားတွင် ပိုက်ဆံရှာပြီး လာရောက်အပန်းဖြေနေသူ "ဝေလင်းနှင့် သိန်းသန်း"၊ ဟိုတယ်လုံခြုံရေး "ကိုတောက်"၊ ဟိုတယ်လုံခြုံရေးကို ပေါင်းကာ ဟိုတယ်အတွင်း အကင်ဝင်ရောင်းလေ့ရှိသည့် "စပ်စုစိန်"တို့၏ ဟိုတယ်အတွင်း အဖြစ်အပျက်များ၊ ခါးပြတ်သရဲ ခြောက်ခံရသည့် အဖြစ်အပျက်များ၊ တန်ဖိုးကြီးကျောက်တစ်လုံး အလိမ်ခံရသည့်ကိစ္စနှင့် ပတ်သက်၍ စုံစမ်းဖော်ထုတ်မှုများနှင့် မိမိချစ်နေသည့်သူထံမှ အချစ်ကိုရရှိရန် ကြိုးစားကြရာမှ ဖူးစာရှင်များနှင့် တွေ့ရှိကြပုံများကို အခြေခံကာ ပျော်ရွှင်ဖွယ်ဖြစ်အောင် ရိုက်ကူးထားသည့် ဇာတ်ကားကောင်းတစ်ကားဖြစ်သည်။




**မြန်မာ့ပင်လယ်ပြင် အခြေအနေ**

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၂ ပေခန့်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

# ဝန်ကြီးချုပ် ပရာယုဒ် ချန်အိုချာ၏ ပြင်သစ်ခရီးစဉ်အတွင်း အဲဘတ်စ်ကုမ္ပဏီလုပ် ဂြိုဟ်တုဝယ်ယူရေး စီစဉ်ဖွယ်ရှိ

**ဗန်ကောက် ဇွန် ၁၇**

ထိုင်းနိုင်ငံသည် အဲဘတ်စ်ကုမ္ပဏီထံမှ မြေကမ္ဘာလေ့လာစောင့်ကြည့်ရေး ဂြိုဟ်တုတစ်လုံး ဝယ်ယူနိုင်ရေးအတွက် ယခုလအတွင်း ပြင်သစ်နိုင်ငံသို့ သွားရောက်မည့် ဝန်ကြီးချုပ် ပရာယုဒ် ချန်အိုချာက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ ဂြိုဟ်တုရောင်းချရေးဆိုင်ရာ ကြေညာချက်တစ်ရပ်ကို ဝန်ကြီးချုပ် ချန်အိုချာ၏ ခရီးစဉ်အတွင်း ထုတ်ပြန်ကြေညာနိုင်မည်ဟု အဲဘတ်စ်ကုမ္ပဏီက မျှော်လင့်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၁၇ ရက်တွင် သတင်းထုတ်ပြန်သည်။

ဝန်ကြီးချုပ် ချန်အိုချာသည် ဇွန် ၂၅ ရက်တွင် ပြင်သစ်သမ္မတ အီမင်နျူယယ် မေခရွန်နှင့် တွေ့ဆုံရန် စီစဉ်ထားကြောင်း သံတမန်သတင်းရပ်ကွက်က ပြောကြားသည်။

ဒုတိယမြောက်သီယို့အမည်ရှိ ဂြိုဟ်တုအတွက် ပဋိညာဉ်စာချုပ် ချုပ်ဆိုနိုင်ရေးအတွက် ဆွေးနွေးနေမှုများမှာ အောင်မြင်မှုရရှိကြောင်း၊ ယင်း ဂြိုဟ်တုသည် စစ်ဘက်ဆိုင်ရာ ဂြိုဟ်တုမဟုတ်ကြောင်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် ပင်လယ်ကမ်းရိုးတန်း တိုက်စားမှုတို့နှင့် ပတ်သက်၍ လေ့လာနိုင်ရန် အသုံးပြုမည့် ဂြိုဟ်တုဖြစ်ကြောင်း သံတမန်သတင်းရပ်ကွက်က ပြောကြားသည်။

ဥရောပမြို့ပြလေကြောင်းဆိုင်ရာ စက်မှုလုပ်ငန်းအုပ်စုဖြစ်သော အဲဘတ်စ်ကုမ္ပဏီသည် ၂၀၀၈ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ ပထမဆုံးသော ဂြိုဟ်တုဖြစ်သည့် သီယို့အမည်ရှိ ဂြိုဟ်တုကို တည်ဆောက်ပေးခဲ့သည်။



ဝန်ကြီးချုပ် ပရာယုဒ်သည် ဇွန် ၂၀ ရက်တွင် ဗြိတိန်နိုင်ငံ မြို့တော်လန်ဒန်၌ ဝန်ကြီးချုပ် ထရီစာမေအား တွေ့ဆုံမည်ဖြစ်သည်။ ယင်းနောက် ပြင်သစ်နိုင်ငံသို့ ဆက်လက်ထွက်ခွာမည်ဖြစ်ပြီး ဇွန် ၂၂ ရက်တွင် တူးလောက်စ်မြို့ရှိ အဲဘတ်စ်လေယာဉ်ထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်ရန် စီစဉ်ထားသည်။

ပြင်သစ်နိုင်ငံသည် ဂျာမနီနှင့် ဗြိတိန်တို့ပြီးလျှင် ထိုင်းနိုင်ငံသို့ ပြည်ပပို့ကုန် အများဆုံး တင်ပို့နေသော နိုင်ငံဖြစ်သည်။ ထိုင်းနိုင်ငံသို့ တင်ပို့သော ကုန်ပစ္စည်းများအနက် ထက်ဝက်ကျော်မှာ လေယာဉ်နှင့် လေကြောင်းအာကာသ လုပ်ငန်းကဏ္ဍနှင့် သက်ဆိုင်သည်။

ထိုင်းနိုင်ငံ၌ ၂၀၁၄ ခုနှစ် မေလတွင် အာဏာသိမ်းပွဲ ဖြစ်ပွားခဲ့ပြီးနောက် ဥရောပသမဂ္ဂ(အီးယူ)က ယင်းနိုင်ငံနှင့် အစိုးရအဖွဲ့ချင်း ဆက်ဆံမှုများကို သုံးနှစ်ကျော်မျှ ဆိုင်းငံ့ထားခဲ့ပြီးနောက် ပြီးခဲ့သည့် ဒီဇင်ဘာတွင် အစိုးရအဖွဲ့ချင်း ဆက်ဆံမှုများကို ပြန်လည်ပြုလုပ်ခဲ့သည်။

**အေအက်ဖ်ပီ**

# အာဖဂန်နစ္စတန်နိုင်ငံတွင် အသေခံဗုံးဖောက်ခွဲ လူပေါင်း ၂၅ ဦး သေဆုံးပြီး ၅၀ ထိခိုက်ဒဏ်ရာရ

**ကဘူး ဇွန် ၁၇**

အာဖဂန်နစ္စတန်နိုင်ငံတွင် အာဖဂန်အစိုးရအဖွဲ့နှင့် တာလီဘန်စစ်သွေးကြွများအကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရရှိသည့်အတွက် ပျော်ပွဲရွှင်ပွဲကျင်းပလျက်ရှိရာ အသေခံဗုံးဖောက်ခွဲခဲ့သဖြင့် လူ ၂၅ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဇွန် ၁၆ ရက်တွင် အာဖဂန်နစ္စတန်နိုင်ငံ နန်ဂါဟာစီရင်စုအရှေ့ပိုင်းတွင် အဆိုပါ ပျော်ပွဲရွှင်ပွဲကို ကျင်းပခဲ့ပြီး တာလီဘန်အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် အာဖဂန်အစိုးရလုံခြုံရေးအဖွဲ့တို့ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

အာဖဂန်အစိုးရအဖွဲ့နှင့် တာလီဘန်စစ်သွေးကြွတို့သည် ရာမာဒါန်ဥပုသ်လထွက်ပွဲတော်ကျင်းပခြင်းအတွက် သုံးရက်တာအပစ်အခတ်ရပ်စဲရေးကို သဘောတူညီခဲ့ကြခြင်း ဖြစ်သည်။

အခင်းဖြစ်ပွားပုံမှာ ဗုံးများတပ်ဆင်ထားသော မော်တော်ယာဉ်တစ်စီးကို ပွဲတော်ကျင်းပလျက်ရှိသော လူအုပ်အတွင်းသို့ မောင်းနှင်လာခဲ့ရာ လူအနည်းဆုံး ၂၅ ဦး သေဆုံးပြီး ၅၀ မှာ ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း ဒေသန္တရအစိုးရအဖွဲ့က ဆိုသည်။

ယခုအပစ်အခတ်ရပ်စဲရေး သဘောတူညီမှုကြောင့် ၂၀၁၅ ခုနှစ်ကတည်းက ရပ်ဆိုင်းခဲ့သော ငြိမ်းချမ်းရေး ဆွေးနွေးပွဲများကို ပြန်လည်စတင်နိုင်ရန် မျှော်လင့်ရသည်။

ယခု အသေခံဗုံးဖောက်ခွဲမှုကို အိုင်အက်စ်စစ်သွေးကြွများ ကျူးလွန်ခဲ့ခြင်းဖြစ်သည်ဟု အိုင်အက်စ်စစ်သွေးကြွအဖွဲ့နှင့် အဆက်အသွယ်ရှိသည့် 'သည်အာမက်' သတင်းအေဂျင်စီက သတင်းထုတ်ပြန်သည်။

အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုကို အာဖဂန်သမ္မတ အာရှ်ရက်ဖ် ဂါနီက တာလီဘန်အဖွဲ့သို့ ကနဦးကမ်းလှမ်းခဲ့ပြီး တာလီဘန်အဖွဲ့က လက်ခံခဲ့ကြောင်း သိရသည်။

အိုင်အက်စ်စစ်သွေးကြွအဖွဲ့သည် အာဖဂန်နစ္စတန်အစိုးရအဖွဲ့နှင့် တာလီဘန်အဖွဲ့တို့ ပြန်လည်သင့်မြတ်သွားမည်ကို လိုလားမှုမရှိသည့်အတွက် ယခုကဲ့သို့ အသေခံဗုံးဖောက်ခွဲခဲ့ခြင်းဖြစ်သည်ဟု နိုင်ငံရေးစောင့်ကြည့် လေ့လာသူများက ထင်မြင်ယူဆကြသည်။

**အင်န်အိတ်ချ်ကေ**

# ကမ္ဘာလှည့်ခရီးသည်များထံမှ အခွန်ကောက်ရန် နယူးဇီလန်အစိုးရ စီစဉ်ဆောင်ရွက်နေ

**ဝယ်လင်တန် ဇွန် ၁၇**

ကမ္ဘာလှည့်ခရီးသည်များ အရောက်အပေါက်များလာသော နယူးဇီလန်နိုင်ငံသည် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရန်ပုံငွေ ထောက်ပံ့ပေးနိုင်ရန် ကမ္ဘာလှည့်ခရီးသည်များထံမှ အခွန်ကောက်ယူမည့် အစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၁၇ ရက်တွင် သတင်းထုတ်ပြန်သည်။

လူဦးရေ ၄ ဒသမ ၅ သန်းမျှသာရှိသော နယူးဇီလန်နိုင်ငံသို့ လာရောက်သော ကမ္ဘာလှည့်ခရီးသည် ဦးရေမှာ လွန်ခဲ့သည့် သုံးနှစ်တာကာလအတွင်း ပိုမိုတိုးလာနေပြီး ယခုနှစ် ဧပြီလအထိ ၃ ဒသမ ၈ သန်းရှိခဲ့ကြောင်း၊ ကမ္ဘာလှည့်ခရီးသည်များ အလည်အပတ်လာရောက်မှု တိုးလာခြင်းကြောင့် မိမိတို့နိုင်ငံ၌ ပြည်သူ့ရန်ပုံငွေဖြင့် အကောင်အထည်ဖော်သော အခြေခံအဆောက်အအုံများအတွက် ကုန်ကျစရိတ် ပိုမိုကြီးလေးလာကြောင်း၊ သို့ဖြစ်၍ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရန်ပုံငွေရရှိနိုင်ရန် ကမ္ဘာလှည့်ခရီးသည်များထံမှ အခွန်ကောက်ယူခြင်း၊ အခြေခံအဆောက်အအုံဆိုင်ရာ ဝန်ဆောင်မှုအသုံးပြုခြင်းအတွက် အခွန်ကောက်ယူခြင်းတို့ ပြုလုပ်သွားမည်ဖြစ်ကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီး ကယ်လ်ဗင်ဒေးဗစ်က ပြောကြားသည်။

နယူးဇီလန်နိုင်ငံ၏ ဒေသအချို့သည် ကမ္ဘာလှည့်ခရီးသွားများအတွက် ဝန်ဆောင်ပေးသည့် အခြေခံအဆောက်အအုံ တိုးတက်ရန် အလွန်လိုအပ်နေကြောင်း၊ ရေအိမ်များမှသည် မော်တော်ယာဉ်ရပ်နားရာစခန်းများအထိ တည်ဆောက်မှုများ ပြုလုပ်ရန် လိုအပ်နေကြောင်း ၎င်းကပြောကြားသည်။

ယခုနှစ်လယ်ကာလမှ အစပြု၍ နိုင်ငံတကာဧည့်သည်များအား အခွန်ကောက်ယူမည်ဖြစ်သည်။ ကမ္ဘာလှည့်ခရီးသည်တစ်ဦးလျှင် နယူးဇီလန်ဒေါ်လာ ၂၅ မှ ၃၅ ဒေါ်လာအထိ (အမေရိကန်ဒေါ်လာ ၁၇ မှ ၂၄ ဒေါ်လာအထိ) အခွန်ပေးဆောင်ရမည်ဖြစ်သည်။ ၎င်းအပြင် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဝန်ဆောင်ခများနှင့် ပြည်ဝင်ဗီဇာဆိုင်ရာ ဝန်ဆောင်ခများကိုလည်း ယခုနှစ်နိုဝင်ဘာလမှစ၍ တိုးမြှင့်ကောက်ယူသွားမည်ဆို၏။

အခွန်တိုးမြှင့်ကောက်ခံရေးအစီအစဉ်တွင် ဩစတြေးလျနှင့် ပစိဖိတ်ကျွန်းစုနိုင်ငံများကို လွတ်ငြိမ်းခွင့်ပေးရန် ဖော်ပြထားသည်။

ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းသည် နယူးဇီလန်နိုင်ငံ၏ စီးပွားရေးအတွက် ပင်မ ဝင်ငွေရှာဖွေပေးရာ အရင်းအမြစ်တစ်ခုဖြစ်သည်။



သို့ရာတွင် ကမ္ဘာလှည့်ခရီးသွားများထံမှ အခွန်ကောက်ယူသည့် အစီအစဉ်ကြောင့် မိမိတို့နိုင်ငံသည် ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်နိုင်မှု ပိုမိုလျော့နည်းသွားနိုင်ကြောင်း အတိုက်အခံအမျိုးသားပါတီက ဝေဖန်ပြောကြားသည်။

**အေအက်ဖ်ပီ**



# ပဲ့ထိန်းဒုံးကာကွယ်ရေးစနစ် ဖြန့်ကြက်ရန် ဂျပန် ပြင်ဆင်

**တိုကျို ဇွန် ၁၇**

ဂျပန်ကာကွယ်ရေးဝန်ကြီး အီဆုနိုရီ အိုနိုးဒဲရာသည် မြေပြင်အခြေစိုက် ပဲ့ထိန်းဒုံးကျည်ကာကွယ်ရေး စနစ်သစ်ကို ချထားရန် အလားအလာရှိသော နေရာများသို့ သွားရောက်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၁၇ ရက်တွင် သတင်းထုတ်ပြန်သည်။

အေးဂျစ် အမျိုးအစား ဒုံးကျည်ကာကွယ်ရေးစနစ် နှစ်ခုကို တပ်ဆင်ရန် ဂျပန်အစိုးရက လိုလားကြောင်း၊ ယင်းမှာ မြောက်ကိုရီးယားဘက်မှ ဒုံးကျည်ဖြင့် တိုက်ခိုက်လာနိုင်ဖွယ်ရှိသည့် ဘေးအန္တရာယ်မှ ကာကွယ်နိုင်ရန်ဖြစ်ကြောင်း အစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အာဏာရလစ်ဘရယ်ဒီမိုကရက်တစ်ပါတီ အဖွဲ့ဝင်တချို့ကမူ ဒုံးကျည်စနစ်သစ်ဖြန့်ကြက်ခြင်းဖြင့် ကုန်ကျစရိတ်ကြီးမားနိုင်ကြောင်း၊ အမေရိကန်-မြောက်ကိုရီးယား ထိပ်သီးဆွေးနွေးပွဲ ကျင်းပနိုင်ခြင်းကြောင့် ယင်းအစီအစဉ်ကို ပြန်သုံးသပ်သင့်ကြောင်း ထောက်ပြပြောဆိုသည်။

ပဲ့ထိန်းဒုံးကျည် ကာကွယ်ရေးစနစ်သစ်ကို အစောဆုံး ယခုရက်သတ္တပတ်အတွင်း ဖြန့်ကြက်မည်ဖြစ်ပြီး အကီတနှင့် ယာမဂုချီခရိုင်တို့တွင် ဖြန့်ကြက်ချထားဖွယ်ရှိသည်။

အမေရိကန်-မြောက်ကိုရီးယား ထိပ်သီးဆွေးနွေးပွဲတွင် တာတိုနှင့် တာလတ်ပစ်ဒုံးကျည်များကို ဖျက်သိမ်းရန် မြောက်ကိုရီးယားက ကတိမပေးခဲ့ခြင်းကြောင့် ဂျပန်နိုင်ငံအပေါ် မြောက်ကိုရီးယား၏ ဒုံးကျည်ခြိမ်းခြောက်မှု ရှိနေနိုင်သေးသည်ဟု မစ္စတာ အိုနိုးဒဲရာက ယုံကြည်သည်။

**အင်န်အိတ်ချ်ကေ**

# စီရိုနယ်လ်ဒို၏ ခြေစွမ်းမှာ ၂၀၂၂ ကမ္ဘာ့ဖလားအထိ တောက်ပနေလိမ့်မည်ဟုဆို

ပေါ်တူဂီတိုက်စစ်မှူး စီရိုနယ်လ်၏ ခြေစွမ်းမှာ ကာတာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲအထိ တောက်ပနေလိမ့်မည်ဖြစ်ကြောင်း ပေါ်တူဂီကစားဖော် ဘာနာဒိုဆေးလ်ဗားက ပြောကြားခဲ့သည်။

တိုက်စစ်မှူး စီရိုနယ်လ်ဒိုသည် ရုရှားနိုင်ငံ ဆိုချီမြို့တွင် ကျင်းပခဲ့သည့် ကမ္ဘာ့ဖလားအုပ်စုအဆင့်ပွဲစဉ်တွင် ဥရောပ၏ နာမည်ကြီး စပိန်အသင်းကို သရေကျသည့်ပွဲစဉ်တွင် ပေါ်တူဂီအသင်းအတွက် ဟက်ထရစ်သွင်းယူနိုင်ခဲ့သူဖြစ်သည်။

အဆိုပါဟက်ထရစ်သွင်းဂိုးကြောင့် ပေါ်တူဂီအသင်းနှင့် စပိန်အသင်းတို့ တစ်ဖက်သုံးဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပြီး စီရိုနယ်လ်ဒိုသည်လည်း ပီလီ၊ ဆီလာနှင့် ကလိုဆေးတို့ပြီးနောက် ကမ္ဘာ့ဖလားတွင် ဟက်ထရစ်သွင်းယူနိုင်ခဲ့သည့် စတုတ္ထမြောက်ကစားသမားလည်း ဖြစ်လာခဲ့သည်။

တိုက်စစ်မှူး စီရိုနယ်လ်ဒိုသည် ပေါ်တူဂီအသင်းအတွက် ၈၄ ဂိုးအထိသွင်းယူပေးထားနိုင်ခဲ့ပြီး ၎င်း၏အသက် ၃၇ နှစ်ဖြစ်လာမည့် ၂၀၂၂ ကာတာကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ခြေစွမ်းပြကစားနိုင်လိမ့်ဖြစ်ကြောင်း ဘာနာဒိုဆေးလ်ဗားက ပြောကြားခဲ့သည်။



# ကလီနင်ဂရက်မှာ အောင်ပွဲခံနိုင်ခဲ့တဲ့ ခရိုအေးရှား

ကလီနင်ဂရက်မှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ ကမ္ဘာ့ဖလားအုပ်စုအဆင့် အုပ်စု(D)ရဲ့ ပွဲစဉ်တစ်ပွဲဖြစ်တဲ့ ခရိုအေးရှားအသင်းနဲ့ နိုင်ဂျီးရီးယားအသင်းတို့ပွဲစဉ်မှာ ခရိုအေးရှားအသင်းက နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပြီး အောင်ပွဲခံနိုင်ခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ခရိုအေးရှားအသင်းဟာ ပွဲကစားချိန် မိနစ် ၃၀ မှာရရှိခဲ့တဲ့ သွင်းဂိုးနဲ့ နိုင်ဂျီးရီးယားအသင်းကို ဦးဆောင်ကစားနိုင်ခဲ့တာဖြစ်ပြီး အဲဒီသွင်းဂိုးကလည်း နိုင်ဂျီးရီးယားကစားသမား အီတီဘိုရဲ့ ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိခဲ့ရာကနေ ရရှိခဲ့တာဖြစ်ပါတယ်။

ခရိုအေးရှားအသင်းနဲ့ နိုင်ဂျီးရီးယားအသင်းတို့ဟာ အုပ်စုအဆင့် အဖွင့်ပွဲစဉ်ဖြစ်တာကြောင့် အနိုင်သုံးမှတ်ရယူနိုင်ဖို့ ၄-၂-၃-၁ ဆိုတဲ့ တူညီတဲ့ကစားကွက်နဲ့ ပွဲထွက်လာခဲ့တာပါ။ အဲဒီမှာ နိုင်ဂျီးရီးယားအသင်းနည်းပြဂါနော့ရောရဲ့ ၄-၂-၃-၁ ဗျူဟာ အလုပ်မဖြစ်ခဲ့ဘဲဇလက်ကို ဒါလစ်ရဲ့ အတွေ့အကြုံရင့်ကျက်တဲ့ကစားသမားများနဲ့ ဖွဲ့စည်းတည် ဆောက်ထားတဲ့ ခရိုအေးရှားအသင်းရဲ့ ကစားကွက်ကသာ အသာစီး ရယူနိုင်ခဲ့တာပါ။

နိုင်ဂျီးရီးယာအသင်းဟာ အိုင်ဝိုဘီ၊ အန်ဒီဒီ၊ မော့ဆက်၊ ဂွန်မိုက်ကယ်တို့လို ဝါရင့်ကစားသမားတွေရဲ့ ခြေစွမ်းတွေနဲ့ ချေပဂိုးပြန်လည်ရရှိရေးအတွက် ကြိုးစားခဲ့သော်လည်း ခရိုအေးရှားအသင်းဘက်ကို ချေပဂိုးပြန်လည်မသွင်းယူနိုင်ခဲ့ပါဘူး။

ခရိုအေးရှားအသင်းရဲ့ အားထားရတဲ့ကစားသမားတွေဖြစ်တဲ့ မန်ဇူကစ်၊ ရာကီတစ်၊ ပီရီဆစ်၊ လူကာမိုဒရစ်တို့ရဲ့ ကွင်းလယ်တိုက်စစ်ချိတ်ဆက်မှုတွေကနေတစ်ဆင့် ပွဲကစားချိန် ၇၁ မိနစ်မှာ ရရှိလာခဲ့တဲ့ပင်နယ်တီသွင်းဂိုးကြောင့် နောက်ထပ်တစ်ဂိုးရရှိခဲ့ပါတယ်။

နိုင်ဂျီးရီးယားအသင်းကတော့ ပွဲကစားချိန်ပြည့်ခဲ့ပေမယ့် ဂိုးမသွင်းနိုင်ခဲ့တာမို့ ခရိုအေးရှားအသင်းကသာ နိုင်ဂျီးရီးယားအသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ခရိုအေးရှားအသင်းရဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အဖွင့်ပွဲစဉ်အနိုင်ရရှိခဲ့တာဟာ ၁၉၉၈ ခုနှစ်နောက်ပိုင်း ပထမဆုံးပွဲစဉ်ဖြစ်လာခဲ့ပြီး အဲဒီတုန်းကလည်း ၁၉၉၈ ခုနှစ်ကမ္ဘာ့ဖလားမှာ ခရိုအေးရှားအသင်းက ဂျမေကာအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ခရိုအေးရှားအသင်းဟာ ကမ္ဘာ့ဖလားအုပ်စုအဆင့် ဒုတိယပွဲစဉ်အဖြစ် အာဂျင်တီးနားအသင်းနဲ့ ဇွန် ၂၁ ရက်မှာ ကစားရမှာဖြစ်ပြီး နိုင်ဂျီးရီးယားအသင်းကတော့ အိုက်စလန်အသင်းနဲ့ ဇွန် ၂၂ ရက်မှာ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။





# ရုရှားနှင့် ပွဲစဉ်တွင် အီဂျစ်တိုက်စစ်မှူး ဆာလာ ပါဝင်လာမည်

ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု(C)၏ ပွဲစဉ်တစ်ပွဲဖြစ်သည့် အိမ်ရှင်ရုရှားအသင်းနှင့် အီဂျစ်အသင်းတို့၏ ပွဲစဉ်တွင် အီဂျစ်တိုက်စစ်မှူး မိုဟာမက်ဆာလာပါဝင်လာမည်ဖြစ်ကြောင်း သိရသည်။

အသက် ၂၅ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဆာလာသည် ဒဏ်ရာပြဿနာကြောင့် ဥရုဂွေးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် အုပ်စုအဆင့်အဖွင့်ပွဲစဉ်တွင် ပါဝင်လာခြင်းမရှိခဲ့ဘဲ အဆိုပါပွဲစဉ်တွင် အီဂျစ်အသင်းက ဥရုဂွေးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

တိုက်စစ်မှူး ဆာလာသည် မေ ၂၆ ရက်က လီဗာပူးအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲစဉ်တွင် ပခုံးဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး ဥရုဂွေးအသင်းနှင့် ပွဲစဉ်တွင် ပြန်လည်ပါဝင်လာနိုင်စွမ်းရှိခဲ့သော်လည်း နည်းပြက ပွဲထွက်ကစားခွင့်မပေးခဲ့ကြောင်း အီဂျစ်ဘောလုံးအဖွဲ့ချုပ်က ပြောကြားခဲ့သည်။

လီဗာပူးအသင်းအတွက် သွင်းဂိုး ၄၄ ဂိုးအထိ သွင်းယူနိုင်ခဲ့သည့် တိုက်စစ်မှူး ဆာလာမပါဝင်နိုင်ခဲ့ခြင်းသည် အီဂျစ်အသင်းအတွက် အဖွင့်ပွဲစဉ်တွင် အရှုံးဖြင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

ရုရှားအသင်းနှင့် ပွဲစဉ်တွင် တိုက်စစ်မှူး ဆာလာပါဝင်လာမည်ဖြစ်သည့်အပြင် ကွင်းလယ်ကစားသမား တာရက်ဟာမက်လည်း ပါဝင်လာမည်ဖြစ်သည်။ တာရက်ဟာမက်သည် ဥရုဂွေးအသင်းနှင့် ပွဲစဉ်တွင် ကျောဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

# မာရှယ်၏ အပြောင်းအရွှေ့အတွက် ပေါင်သန်း ၇၀ မန်ယူတောင်းဆိုမည်

မန်ယူအသင်းသည် တိုက်စစ်မှူးမာရှယ်၏ အပြောင်းအရွှေ့နှင့် စပ်လျဉ်း၍ ပြောင်းရွှေ့ကြေးပေါင် သန်း ၇၀ တောင်းဆိုမည်ဖြစ်ကြောင်း သိရသည်။

မန်ယူအသင်းအနေဖြင့် မာရှယ်ကို အသင်းတွင် ဆက်ထိန်းထားရန်ဆန္ဒရှိခဲ့သော်လည်း ကစားသမား၏ အေးဂျင့်ဖြစ်သူကမူ မန်ယူအသင်းမှ ထွက်ခွာလိမ့်မည်ဖြစ်ကြောင်း ပြီးခဲ့သည့်တစ်ပတ်က ပြောကြားခဲ့သည်။

တိုက်စစ်မှူး မာရှယ်သည် နည်းပြမော်ရင်ဟိုလက်ထက်တွင် ပုံမှန်ပွဲထွက်ကစားခွင့် ပျောက်ဆုံးခဲ့ရခြင်းကြောင့် မပျော်မရွှင်ဖြစ်နေသူဖြစ်ပြီး ပီအက်စ်ဂျီအသင်းနှင့် စပါးအသင်းတို့ကလည်း ခေါ်ယူရန် ကမ်းလှမ်းမှုများရှိခဲ့ကြောင်း သိရသည်။

မန်ယူအသင်းသည် တိုက်စစ်မှူး မာရှယ်ကို မိုနာကိုအသင်းမှ ခေါ်ယူခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် စာချုပ်သက်တမ်းတစ်နှစ်ကျန်ရှိနေသေးသည်။ သို့ရာတွင် မန်ယူအသင်းနည်းပြမော်ရင်ဟိုအနေဖြင့် မာရှယ်အား စာချုပ်သစ်ချုပ်ဆိုကာ ၂၀၂၀ အထိဆက်ထိန်းထားရန် ရည်ရွယ်လျက်ရှိသော်လည်း မော်ရင်ဟိုကိုင်တွယ်ခဲ့သည့် နှစ်နှစ်အတွင်း ပုံမှန်မကစားရခြင်းကို မကျေမနပ်ဖြစ်ကာ အသင်းပြောင်းရွှေ့ရန် မာရှယ်က စီစဉ်နေခြင်းဖြစ်သည်။

ငွေကြယ် - ရေးသားသည်



# ဂျူဒိုပြိုင်ပွဲတံခွန်စိုက်ဆု ပူးတွဲရရှိခဲ့သော အားကစားသမားများအား ဆုချီးမြှင့်

**ရန်ကုန် ဇွန် ၁၇**

၂၀၁၈ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ဂျူဒိုပြိုင်ပွဲတွင် တံခွန်စိုက်ဆု ပူးတွဲရရှိခဲ့သော ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးဂျူဒိုအဖွဲ့နှင့် ရွှေ၊ ငွေ၊ ကြေး ရရှိကြသော ဂျူဒိုအားကစားမောင်မယ်များအား ရန်ကုန်တိုင်းဒေသကြီး ဂျူဒိုဆပ်ကော်မတီဥက္ကဋ္ဌ၏ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မရမ်းကုန်းမြို့နယ် GANDAMAR WHOLESALE ORIENTAL HOUSE ၌ ကျင်းပသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ဂျူဒိုပြိုင်ပွဲကို ၂၀၁၈ ခုနှစ် ဇွန် ၁၇ ရက်တွင် နေပြည်တော်၌ ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ အမျိုးသမီးဂျူဒို ပြိုင်ပွဲတွင် ပူးတွဲတံခွန်စိုက်ဆုနှင့် ရွှေ၊ ငွေ၊ ကြေး ရရှိကြသော ရန်ကုန်တိုင်းဒေသကြီး ဂျူဒိုအားကစားမောင်မယ်များအား ယခုလို ဂုဏ်ပြုဆုငွေဖြင့် ဂုဏ်ပြုရခြင်းမှာ ပြည်ပပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ကို ပိုမိုမြှင့်တင်



ပေးနိုင်ရန်ရည်ရွယ်၍ ပြုလုပ်ပေးခြင်းဖြစ်ကြောင်း တိုင်းဒေသကြီး ဂျူဒိုဆပ်ကော်မတီဥက္ကဋ္ဌ ဦးမင်းဇော်ထွန်းက ပြောကြားသည်။

ထို့နောက် ကီလိုတန်းအလိုက် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသော ဂျူဒိုအားကစားမောင်မယ် ၁၁ ဦးအား ဂျူဒိုဥက္ကဋ္ဌ ဦးမင်းဇော်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးမြတ်မိုး၊ အတွင်းရေးမှူး ဒေါ်သီသီရှိန်နှင့် ဒိုင်အဖွဲ့ဝင် ဦးစည်သူဇော်တို့က ဆုများပေးအပ်ပြီး အမှတ်တရဓာတ်ပုံများ စုပေါင်းရိုက်ကူးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**ကြေးမုံ**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် ဇွန် ၁၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကိုဖွင့်လှစ်၍ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဖွဲ့စည်းစစ်ဆေးဆောင်ရွက်လျက်ရှိရာ ဇွန် ၁၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၁၂၅၆ စီး၊ သွင်းကုန် ၉၄၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၉ စီး၊ သွင်းကုန် ၁၄၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၆ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၂ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅ ဒသမ ၈၈ သန်းခန့်) စုစုပေါင်းတားဆီးမှုသုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃ ဒသမ ၀၈ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၁၆ ရက်တွင် မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့်ယာဉ်များကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် မန္တလေးမြို့သို့သွားရောက်မည့် ခရီးသည်တင်ယာဉ်တစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Hello Box Satellite Receiver (၂၀×၃ ဖာ)၊ JIVI AJ3 Handset အလုံး ၈၀၊ OPPO Handset အလုံး ၁၂၀၊ Red MI (Note 5) ၁၀ လုံးနှင့် MI Handset အလုံး ၃၀ စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၂ သန်းခန့်) ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျောက်ပန်းတောင်းမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၁၇**

ကျောက်ပန်းတောင်းမြို့နယ် မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၅ ရက် ညနေ ၆ နာရီခွဲက ကျောက်ပန်းတောင်းမြို့နယ် သာယာအေးရပ်ကွက် နယ်မြေ(၁၁)နေ ရဲထွန်းနိုင်၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၄၂၇ ပြားနှင့် ငွေကျပ် ၂၉၁၁၀၀ တို့ကိုလည်းကောင်း၊ အလားတူ ချမ်းမြသာစည်မြို့နယ် ထွန်းတုံးရပ်ကွက် မနော်ဟရီလမ်းနှင့် (၄၉)လမ်းထောင့်၌ စောထူးမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၅ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးကို လည်းကောင်း၊ ကွင်းဆက်အရ ပြည်ကြီးတံခွန်မြို့နယ် စံပြလမ်းထောင့်၌ တင်မောင်ဝင်း(ခ)ယူစွတ်အား မော်တော်ဆိုင်ကယ် တစ်စီး၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၁၅ ပြား၊ ငွေကျပ် ၇၂၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို လည်းကောင်း၊ ထို့အတူ ဇွန် ၁၆ ရက်က ပြည်ကြီးတံခွန်မြို့နယ် (က)ရပ်ကွက် သာယာဝတီ မင်းကြီးလမ်းနှင့် (၇၃)လမ်းထောင့်၌ ကောင်းမြတ်စံ(ခ)ဖက်တီး(ခ)လင်းလင်းအား မော်တော်ဆိုင်ကယ်တစ်စီးနှင့်အတူ တွေ့ရှိရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

အလားတူ ဇွန် ၁၆ ရက် မွန်းလွဲ ၃ နာရီက မူးယစ်တပ်ဖွဲ့စု ၂၂ မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်ခမ်းမြို့နယ် မန့်ဟောင်းကျေးရွာအဝင်လမ်းတွင် ဟန်မော်မောင်းနှင်ပြီး ရှမ်းလဒွဲ လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းဖြူ ၁၂ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ တို့ကိုလည်းကောင်း၊ ကွင်းဆက်အရ နမ့်ခမ်းမြို့နယ် ကောင်းကတ်ကျေးရွာအုပ်စု မုံ့ရွဲကျေးရွာနေ လောချက်၏နေအိမ်ကိုရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ကိုးခွက်(ဘိန်းဖြူအလေးချိန် ၁၀၈ ဂရမ်)၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀၀ နှင့် ငွေကျပ် လေးသိန်းတို့ကို လည်းကောင်း၊ အလားတူ ညနေ ၅ နာရီခွဲက မူးယစ်တပ်ဖွဲ့စု ၂၈ ကျိုင်းတုံမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် လွယ်လုံကျေးရွာအုပ်စု ဝမ်ပျဲန်ကျေးရွာ-ဝမ်ပေါက်ကျေးရွာ သွားလမ်းတွင် ကျော်လှမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ ၎င်း၏လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၁၃ ပြားကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။


## မဟာစေတီတော်ဂေါပကအဖွဲ့အသစ်ပြန်လည်ဖွဲ့စည်းရန်ကြေညာချက်

ပဲခူးမြို့ ဆုတောင်းပြည့်စွယ်တော်ရှင်မဟာစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့စည်းမျဉ်းအပိုဒ်(၂၈)အရ ဂေါပကအဖွဲ့အား အသစ်ပြန်လည်ဖွဲ့စည်းမည်ဖြစ်ပါ၍ ဂေါပကအဖွဲ့ဝင်အဖြစ်ပါဝင်ဆောင်ရွက်လိုသူများ အောက်ပါအတိုင်းလျှောက်ထားနိုင်ပြီဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

(က) လျှောက်ထားသူသည် မဟာစေတီတော်ဂေါပကအဖွဲ့ စည်းမျဉ်းအပိုဒ်(၁၅)တွင်ပြဋ္ဌာန်းထားသော အရည်အချင်းများနှင့် ညီညွတ်သူဖြစ်ရပါမည်။
(ခ) လျှောက်လွှာကိုသတ်မှတ်ထားသောပုံစံဖြင့် ရုံးချိန်အတွင်းဂေါပကအဖွဲ့ရုံးသို့လျှောက်ထားရပါမည်။
(ဂ) လျှောက်လွှာတင်သွင်းရန်နောက်ဆုံးသတ်မှတ်ရက်သည် (၃၀. ၆. ၂၀၁၈)ရက်နေ့ဖြစ်ပါသည်။
(ဃ) သတ်မှတ်ထားသည့်လျှောက်လွှာပုံစံကို ဂေါပကအဖွဲ့ရုံးတွင်ထုတ်ယူနိုင်ပါသည်။

**ဂေါပကအဖွဲ့**
**မဟာစေတီတော်မြတ်ကြီး၊ ပဲခူးမြို့**
**ရုံးအဖွဲ့မှူး - ဖုန်း ၀၉၄၅၆၅၄၃၃၀၇**
**ဒု-ရုံးအဖွဲ့မှူး -ဖုန်း ၀၉၂၆၃၄၄၀၅၁၀**

## ရသေ့တောင်မြို့နယ်အသင်း(ရန်ကုန်)
## ဂုဏ်ထူးရကျောင်းသားများစာရင်းတောင်းခံခြင်း

၁။ ရသေ့တောင်မြို့နယ်အသင်း(ရန်ကုန်)တွင်နေထိုင်ကြသော အသင်းဝင်မြို့နယ်သူ/သားများ၏ သား၊ သမီးများမှ ၂၀၁၇-၁၈ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ကြသည့် ကျောင်းသား၊ ကျောင်းသူများကို အသင်းမှ ဂုဏ်ပြုချီးမြှင့်ရန်ရှိပါသည်။

၂။ သို့ပါ၍ ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ၏ အမည်စာရင်းနှင့် အမှတ်စာရင်းမိတ္တူကို ၂၄-၆-၂၀၁၈ရက် နောက်ဆုံးထား၍ နီးစပ်ရာ ကော်မတီများထံတွင် စာရင်းပေးပို့ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ရသေ့တောင်မြို့နယ်အသင်း(ရန်ကုန်)**

ဆိုင်းဘုတ် (မှုဒါန)
ဝါဆိုသင်္ကန်းကပ်လှူပွဲ (အသက်စဉ်သာကြြာ)
ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ၊ စွယ်တော်လေးဆူ၊
ပြည်ငါးပြည် ငွေစေတီကျောင်း၌ လူ(၁)ဦး
သင်္ကန်း(၁)စုံပေး ထမင်းကျွေး-(၄၀၀၀၀ိ/-)
တောင်ပြုံးမင်းနှစ်ပါးပွဲ - လက်မှတ်ရောင်းပြီ
Jun-26
420144148, 421153797

## ဖခင်အမည်မှန်

လှိုင်သာယာမြို့နယ်၊ ထ(ခွဲ)၊ လ-(၁၂)၊ နဝမတန်းမှ မသန္တာအောင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဦး [၈/နမန(နိုင်) ၁၂၅၀၃၉]ဖြစ်ပါကြောင်း။

**ဦးမြင့်ဦး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့-ထားဝယ်မြို့
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၁၈ခုနှစ်၊ (ဧပြီလမှ စက်တင်ဘာလအထိ) (၆)လငွေလုံးငွေရင်းရန်ပုံငွေဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများတွင် စာသင်ခုံများ၊ ရုံးများတွင်အသုံးပြုရန် ဗီရိုနှင့်ဖိုင်စင်များ၊ စားပွဲ၊ ကုလားထိုင်များ ပြုလုပ်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများအား သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ (Open Tender)တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| (က) | (၄)ယောက်တွဲစာသင်ခုံ(နိမ့်) | (၃၄၇)စုံ |
| (ခ) | (၄)ယောက်တွဲစာသင်ခုံ(မြင့်) | (၁၁၃၇)စုံ |
| (ဂ) | Officer Table & Officer Armeed Chair | (၂၄)စုံ |
| (ဃ) | Staff Table & Officer Armeed Chair | (၅၀)စုံ |
| (င) | ဗီရို | (၂၂)လုံး |
| (စ) | File Sheet | (၃၁)လုံး |

၂။ တင်ဒါလျှောက်လွှာပုံစံများ - ၁၅-၆-၂၀၁၈ရက်(သောကြာနေ့)
စတင်ရောင်းချမည့်ရက်/အချိန် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီထိ
တင်ဒါပိတ်မည့်ရက်/အချိန် - ၂၉-၆-၂၀၁၈ရက်(ကြာသပတေးနေ့)၊ ညနေ ၄း၃၀နာရီထိ
တင်ဒါတင်သွင်းရမည့်နေရာ - တိုင်းဒေသကြီးပညာရေးမှူးရုံး၊ ထားဝယ်မြို့

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါအတိုင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တိုင်းဒေသကြီးပညာရေးမှူးရုံး**
**တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့**
**ဖုန်း-၀၅၉-၂၀၂၃၉၆၀/၂၀၂၃၉၆၄**

## ဖခင်အမည်မှန်

မုံရွာမြို့နယ်၊ ညောင်ဖြူပင်၊ အထက၊ ဆဋ္ဌမတန်းမှ မောင်ရှိုင်းထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးစိုးငွေ[၅/မရန(နိုင်)၁၆၈၈၉၅] ဖြစ်ပါကြောင်း။ **ဦးစိုးငွေ**

## ဖခင်အမည်မှန်

မုံရွာမြို့နယ်၊ ညောင်ဖြူပင်၊ အထက၊ အဋ္ဌမတန်းမှ မောင်ကောင်းခန့်သော်၏ဖခင်အမည်မှန်မှာ ဦးချိုမြင့် [၅/ဒပယ(နိုင်)၀၈၇၄၆၄] ဖြစ်ပါကြောင်း။ **ဦးချိုမြင့်**

## ဖခင်အမည်မှန်

ကနီမြို့နယ်၊ ဇီးပင်တွင်း၊ အထက(ခွဲ)မှ မောင်ထင်လင်းအောင်နှင့် စတုတ္ထတန်းမှ မဒွေးဒွေးလှိုင်တို့၏ဖခင်အမည်မှန်မှာ ဦးအောင်ညွန့်ဝင်း [၅/ကနန(နိုင်)၀၆၄၁၆၈] ဖြစ်ပါကြောင်း။ **ဦးအောင်ညွန့်ဝင်း**

## ဖခင်အမည်မှန်

ကနီမြို့နယ်၊ ဝင်မနားအထက နဝမတန်း(အောင်) မဇာခြည်နွေး၏ဖခင်အမည်မှန်မှာ ဦးဟန်မောင် [၅/ကနန(နိုင်)၀၄၆၈၈၈] ဖြစ်ပါကြောင်း။ **ဦးဟန်မောင်**

## အမည်ပြောင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ ဇော်ဂျီရပ်ကွက်နေ ဦးရဲထွန်းလင်း [၁၃/ရစန(နိုင်)၀၅၁၆၇၈] ၏သား မောင်မင်းခန့်မောင် (ဒသမတန်း AEC ကိုယ်ပိုင်အထက်တန်းကျောင်း)အား ယနေ့မှစ၍ မောင်နေဘုန်းလင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်နေဘုန်းလင်း**

## ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော "ထွန်းလင်းရောင်-၉"အမည်ရှိ ထားဝယ်ခရိုင်ငါးဖမ်းရေယာဉ် (ရေယာဉ်မှတ်ပုံတင်အမှတ် FDD/0001/10) ရေယာဉ်၏ တန်ချိန်-၅၄. ၄၅အား ဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သော ဒေါ်ဥမ္မာချို [၆/ပလန(နိုင်)၀၄၈၆၂၅]အမည်မှ ဦးသူရိန်ဝင်း [၆/မမန(နိုင်)၁၄၄၇၀၀]အမည်သို့ ပြောင်းလဲပေးပါရန် ဤဌာနသို့ လျှောက်ထားလာပါသည်။ ၎င်းပိုင်ရှင်အမည်ပြောင်းလဲရန်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဒုတိယညွှန်ကြားရေးမှူး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြိတ်မြို့သို့လိပ်မူ၍ ရက်ပေါင်း(၃၀)အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(မြိတ်)**

## အမြန်ငှားမည်

၁။ ပြည်လမ်းမ၊ ဂုတ်ခြိကျယ်(၀. ၆)ဧက၊ ၆၀၀၀sqftရှိ အဆင့်မြင့်ပြင်ဆင်ပြီး၊ RC2၊ အိမ်ကျယ်၊ ကားပါကင်များရှိ၊ (စမ်းချောင်း၊ မကြီးကြီးလမ်းရှေ့) (ရုံးခန်း၊ စားသောက်ဆိုင်၊ ကျောင်းဖွင့်ရန် သင့်တော်သည်။)

၂။ ဆူးလေဘုရားလမ်းမပေါ်၊ ၄၈'×၆၀'၊ 3RC, 5 Floors, ဓါတ်လှေကားပါ (ဆူးလေမီးသတ်ရှေ့)
(ရုံးခန်း၊ ကျောင်း၊ စားသောက်ဆိုင်၊ ဆေးခန်း၊ ဟိုတယ်ဖွင့်ရန် သင့်တော်သည်)

**ဆက်သွယ်ရန်ဖုန်း။ ။ ၀၉-၂၅၄၁၂၄၈၆၁**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ အထက(၄)မှ မောင်သော်တာမင်း နဝမတန်း(B)၊ မမျိုးဝင့်ကြည်ဖြူ တတိယတန်း(C)တို့၏ ဖခင်အမည်မှန်မှာ ဦးသန့်ဇင် [၁၂/ဒလန(နိုင်)၀၆၄၄၀၆] ဖြစ်ပါကြောင်း။ **ဦးသန့်ဇင်**

## အမည်ပြောင်း

တောင်ဒဂုံမြို့နယ်၊ အလက(၅) အလယ်တန်းကျောင်း၊ ပထမတန်း(B)မှ မောင်ထက်အောင်လင်းအား ယနေ့မှစ၍ မောင်ဖွဲ့မာန်ထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဖွဲ့မာန်ထက်**


# သင့် သွေး ဖြင့် အသက် ကယ် ပါ

# ပုပ္ပားတောင်၊ လီကျင့်ပုံရိပ်နှင့် မန်းတောင်ခြေ

ဆုံးငှက်


a'ocW&ifom;w/

ကုန်လွန်ခဲ့သော ၁၀နှစ်၊ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလဆန်း ၁၀ရက်နေ့က ကျွန်တော်တို့တစ်တွေ ပုပ္ပားတောင်မကြီး၏ အနောက်တောင်ယွန်းယွန်း အခြမ်းပေါ်က သစ်တောဧည့်ရိပ်သာ သစ်လုံးအိမ်လေး တစ်လုံးဆီ ရောက်ရှိခဲ့ကြသည်။ ကျွန်တော်တို့ဆိုတာက သစ်တောအရာရှိ အငြိမ်းစားတစ်ဦးအပါအဝင် ရန်ကုန်-မန္တလေး စာပေမိတ်ဆွေများ ဖြစ်ပါ၏။ ဘယ်သူဘယ်ဝါတွေဆိုတာ အရေးမကြီးလို့ ထားလိုက်ပါစို့ ။ ထိုသစ်လုံးအိမ်လေးမှာ နှစ်ည နှစ်လီ အိပ်စက်အနားယူကြရင်း ပုပ္ပားတောင်မကြီး တစ်ကြော ရသလောက်ခြေဆန့်ကြခြင်းဖြစ်သည်။ တောင်မကြီးထိပ် တက်သူကတက်၊ မောင်တော် နှမတော် ရေထွက်ဆီ သွားသူသွား၊ နတ်ကွန်းတွေဆီ လေ့လာသူက လေ့လာ၊ သစ်လုံးအိမ်လေးဘေး၊ တောင်ကမ်းပါးပေါ် မေးတင်ထားသည့် သစ်သားဝရန်တာလေးပေါ်က သဘာဝ သစ်တုံး၊ သစ်မြစ်စားပွဲကုလားထိုင်တွေပေါ် လှဲလျောင်းရင်း တောကြက်ကင်နှင့် ပယင်းလှဲ့လှဲ့ဖန်ခွက်ထဲ သဘာဝ စမ်းရေအေးထည့် စပ်ရင်း စကားစမြည် ပြောသူကပြော။

မည်သို့ဆိုစေ၊ ညနေစောင်းလျှင်ဖြင့် ဒီဝရန်တာလေးမှာ ပစ်လွှတ်လိုက်သည့် မြားတံအသီးသီးက ဆုံမှတ်တစ်ခုဆီ ပြန်ရောက်လာသည့် သဘော။ တွေ့ခဲ့ကြရသည့်မြင်ကွင်း အတွေ့အကြုံတွေကို ပြန်လည်မျှဝေကြရင်း စကားဝိုင်းက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကိစ္စ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ခရီးသွားစီးပွားရေးလုပ်ငန်းနှင့် နယ်မြေခံပြည်သူလူထု အလုပ်အကိုင် အခွင့်အလမ်းကိစ္စများကိုချည်း သူ့အမြင်ကိုယ့်အမြင် ဖလှယ်ဖြစ်ကြသည်။ (အဆိုပါ စကားဝိုင်းတွင် အငြိမ်းစား သစ်တောအရာရှိကြီးက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသစ်တစ်ခု ဖွင့်လှစ်ဖို့လိုအပ်ကြောင်း အသားပေး ဆွေးနွေးဖူးသည်။)

### သဘာဝပတ်ဝန်းကျင်ဆိုင်ရာ
### စီးပွားရေးအကွက်အကွင်းကောင်း

တကယ်တော့ ပုပ္ပားသည် မြန်မာပြည်အလယ်ကောင်ရှိ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြည့်စုံကုံလုံသော ရင်းမြစ်ကြီး ဖြစ်ချေ၏။ ဆရာမင်းသုဝဏ် စကားငှားသုံးရလျှင် အခြောက်ထဲက အစို၊ အပူထဲက အအေး၊ အဝါထဲက အစိမ်းဖြစ်သည်။ သစ်တောရှိသည်၊ တောင်ရှိသည်၊ သဘာဝစမ်းရေ စမ်းပေါက်ရှိသည်။ ကျေးငှက်သာရကာအစ သားကောင်များအထိ မျိုးစိတ်များစွာရှိသည်။ တောလမ်းလျှိုမြောင်ရှိသည်။ ပြီးတော့ မီးသေတောင်ဖြစ်တာကြောင့် ဘူမိဗေဒဆိုင်ရာ လေ့လာစရာ စာသင်ခန်းလည်း ဖြစ်သည်။ ပုပ္ပားတောင်မကြီးမှာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီးပွားရေးအကွက်အကွင်းကောင်းတစ်ခုဖြစ်ပြီး ကောင်းမွန်စွာ စီမံဆောင်ရွက်နိုင်လျှင်ဖြင့် နယ်မြေခံပြည်သူလူထု စီးပွားရေးအထောက်အကူ ကောင်းဖြစ်နိုင်ရုံမက တိုင်းပြည်အတွက်လည်း နိုင်ငံခြားငွေရရှိမည့် အခြေခံကောင်းလည်း ဖြစ်နိုင်သည်။ ရိုးရာယုံကြည်မှုဆိုင်ရာနှင့် သာသနိက အဆောက်အအုံများလည်း တောင်ကလပ်မှာ ရှိတာမို့ ပြည်တွင်းခရီးသွားများ စိတ်ဝင်စားတာက ပြောစရာမလို။

ဤသို့ဖြင့် တောင်မကြီးပေါ်က နာမည်ကျော် ဟိုတယ်သို့ ရောက်သည်။ ဘယဆေးဥယျာဉ်တွေ၊ ပြတိုက်တွေ၊ စန္ဒကူးတောတွေဆီ ရောက်သည်။ (ကျွန်တော်တို့ရောက်ခဲ့သည့် ထိုအချိန်က ပုပ္ပားတောင် ဘယဆေးဥယျာဉ်သည် နေပြည်တော်ရှိ အသစ်ဖွင့် ဘယဆေးဥယျာဉ်သို့ သစ်ပင်များ ပေးပို့ထားရလို့ လက်ကျန်အနည်းအကျဉ်းပဲ ရှိတော့သည်။) ထို့နောက် တောင်ကမ်းပါးယံကွေ့ပတ် ဖောက်လုပ်ထားသော မြင်းစီးလမ်းတိုင်း အဆုံးအထိ ကားဖြင့် ကြည့်ဖြစ်၏။ မိုင်အချို့ ရှည်လျားသော မြင်းစီးလမ်း အဆုံးမှာ ရွာတွေ ရှိသည်။ မြင်းစီးလမ်းက ရွာလယ်မှာ ဦးခိုက် အဆုံးသတ်သည်။ ရွာထဲမှာ မြင်းစီးလမ်းအဝင်မှာ ဆိုင်းဘုတ်တစ်ခုက ဆီးကြိုထားသည်။

"ကွန်ကရစ်လမ်းပေါ် နွားလှည်း မမောင်းရ" တဲ့။

### ဒေသခံတွေ အကျိုးစီးပွားမဖြစ်ဘဲ

ကွန်ကရစ်လမ်းဆိုတာ ကျွန်တော်တို့ လာခဲ့ကြသော မြင်းစီးလမ်းဖြစ်သည်။ ဖိုးဝိုးလ်ကားနှစ်စီးနှင့် ရောက်လာကြ ကုန်သော ကျွန်တော်တို့ကို မြင်တော့ ရွာခံတွေက အစိုးရနှင့် ဆက်စပ်သူများထင်လို့ အသီးသီးရင်ဖွင့်ကြသည်။ အထူးသဖြင့် ဘိုးဘွားအစဉ်အဆက် ငှက်ပျောစိုက် အသက်မွေးကြပြီး ခြံထွက်ငှက်ပျောတွေကို ပုပ္ပားတောင်ကလပ်သို့ ပို့ကာရောင်းချကြရသော စီးပွားရေးက အဓိက ဖြစ်နေ၏။ ယခု "သူတို့ ငှက်ပျောပို့နေကျ"၊ ယာထွက်သီးနှံတွေ ပို့နေကျ၊ ကုန်စည်ရောင်းဝယ်ဖလှယ်ရာတွင် အသုံးပြုနေကျ လှည်းလမ်းကို တောင်မကြီးပေါ်ရှိ အဆင့်မြင့်ဟိုတယ်ကြီးက ဟိုတယ်တည်းသူများအတွက် မြင်းစီးကွန်ကရစ်လမ်းမကြီး ဖောက်လိုက်သတဲ့။ အဆိုပါ လမ်းမကြီးပေါ် လှည်းမမောင်းရဟု ပိတ်ပင်လိုက်လို့၊ ရွာက ငှက်ပျောတွေ၊ ယာထွက်သီးနှံတွေ၊ အခြားဘာသာရေး၊ လူမှုရေး၊ ကျန်းမာရေးကိစ္စတွေအတွက် ပုပ္ပားတောင် ကလပ်နှင့် ပုပ္ပားမြို့တွင်းသွားလာဖို့ အခက်တွေ့ကုန်ကြရသတဲ့။ ပုပ္ပားတောင်ကလပ်နှင့် ပုပ္ပားမြို့တွင်းသို့ သွားလိုလျှင် တောင်မကြီးကို ပတ်ပြီးမှ သွားကြရသတဲ့။

ဩော်- သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ခရီးသွားလုပ်ငန်းကြီး ဆောင်ရွက်လိုက်ပါမှ ဒေသခံတွေ အကျိုးစီးပွားမဖြစ်ဘဲ စီးပွားပျက် ဒုက္ခရောက်ကုန်ကြသည့် ဥပမာ။ သည်လိုအဖြစ်မျိုးက မြန်မာပြည်မှာ နေရာအနှံ့ ရှိနိုင်သည်။

### လီကျင့်ပုံရိပ်

၂၀၁၅ခုနှစ် မေလ ၁၉ ရက်နေ့မှာတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အတွင်းရှိ လီကျင့်မြို့သို့ ကျွန်တော်တို့ မန္တလေးမှ ယဉ်ကျေးမှုဖလှယ်ရေးအဖွဲ့ ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်ဖြင့် ရောက်ရှိကြသည်။ လီကျင့်က မြန်မာပြည်အထက်ပိုင်း ကချင်ပြည်နယ်၏ ထိပ်နှင့် တစ်တန်းတည်းလောက်မို့ မေလမှာပဲ အအေးဓာတ်ရှိသေးသည်။ လီကျင့်က ရှေးဟောင်းမြို့တော်ဖြစ်သလို နှင်းခမောက်ဆောင်း ရေခဲတောင်များကြောင့်လည်း နာမည်ကျော်သည်။ ပြည်တွင်းသာမက ပြည်ပဧည့်သည်များ စိတ်ဝင်စားကြသည့်မြို့ဖြစ်သည်။ ရှေးဟောင်းမြို့၏ ဗိသုကာရိုးရာလက်မှုပစ္စည်း၊ တိုင်းရင်းသားရိုးရာ၊ တိုင်းရင်းသားအဝတ်အထည်နှင့် အစားအသောက်များကို လေ့လာဝယ်ယူနိုင်ရုံမက ရေခဲတောင်သို့လည်း တက်ရောက်နိုင်၏။ လီကျင့်မြို့ကို ယခုနှစ်များ အတွင်း (အထူးသဖြင့် အိုလံပစ်ပွဲတော် ကျင်းပပြီးနောက်ပိုင်း နှစ်များအတွင်း) ပြည်တွင်းပြည်ပ ခရီးသည်များကိုထပ်မံသဘောကျစေသည့်အချက်က "လီကျင့်ပုံရိပ်" (Inpression Lijning) ကပွဲ ဖြစ်သည်။

ရေခဲတောင်၊ မိုးတိမ်၊ ဆီးနှင်း၊ သစ်တောနှင့် တောင်တန်းတို့၏ သဘာဝနောက်ခံကားတွင် တိုင်းရင်းသားလူမျိုးစုများ၏ ယဉ်ကျေးမှုအကများကို လူအင်အား၊ ပစ္စည်းအင်အား၊ ဂီတစွမ်းအားဖြင့် တင်ဆက်ဖျော်ဖြေမှုမှာ အံ့မခန်းဖြစ်ရသည်။ အထူးသဖြင့် ဒေသခံတိုင်းရင်းသားများ၏ အလုပ်အကိုင် အခွင့်အလမ်းနှင့် နယ်မြေဖွံ့ဖြိုးတိုးတက်မှုအတွက် အဆိုပါ ကပွဲအစီအစဉ်က များစွာ အထောက်အကူဖြစ်ကြောင်း သတိပြုမိသည်။ တကယ်တော့ မည်သည့်စီမံကိန်းမျိုးဖြစ်စေ ဒေသခံတို့၏ အကျိုးစီးပွားကို မထိခိုက်စေရ။ ပိုမိုအကျိုးရှိအောင် ဆောင်ရွက်ရမည်၊ တိုင်းပြည်အတွက် အကျိုးစီးပွားဖြစ်စေသော်လည်း ဒေသခံများ လူစဉ်မမှီတာမျိုးလည်း မဖြစ်စေရ။ ဒေသခံများအတွက်လည်း အကျိုးဖြစ်စေရေး ဦးစားပေးကြရမည်။ Liziang မြို့က လီကျင့်ပုံရိပ်(Inpression Lijaing)ကပွဲမှာ ကပြတင်ဆက် စီစဉ်သူအားလုံးက ဒေသခံတွေချည်းတဲ့။ လူ ၅၀၀ကျော်သာမက မြင်းကောင်ရေ ၁၀၀ ကျော်ပါ အလုပ်ရကုန်သည်။ ထိုကပွဲကို ပြည်တွင်းပြည်ပက လာရောက်ကြည့်ရှုသူများသဖြင့် ဧည့်သည်များအတွက် အစားအသောက်၊ ရိုးရာအဝတ်အထည်၊ တည်းခိုနေထိုင်ရေး ဝန်ဆောင်မှု လုပ်ငန်းများလည်း ဖြစ်ထွန်းလာသည်။ တစ်နှစ်ပတ်လုံး အနည်းဆုံး တစ်နေ့ လေးပွဲ ကပြလျက်ရှိသည့် လီကျင့်ပုံရိပ် (Inpression Lijaing)ကပွဲကို တရုတ်လူမျိုး ကမ္ဘာကျော် ဒါရိုက်တာ Zhang Yimo က ဦးဆောင်တင်ဆက်ခြင်းဖြစ်သည်။

### ဒေသခံများရဲ့ဝင်ငွေက ပိုကောင်းနေပါတယ်

ယူနန်ပြည်တွင်း၌ မှီတင်းနေထိုင်ကြသော တိုင်းရင်းသား ၁၀ မျိုးတို့၏ လူနေမှုစရိုက်ပုံစံ၊ ဓလေ့ထုံးစံ၊ ရိုးရာယဉ်ကျေးမှုတို့ကို ၃၆၀ ဒီဂရီ မြင်ကွင်းကျယ်လဟာပြင် တင်ဆက်မှုပုံစံ ပြသခြင်းဖြစ်သည်။ ထူးခြားတိုက်ဆိုင်သော ဂီတနောက်ခံတွင် ရိုးရာဗုံးကြီးသံ၊ ဗုံတိုသံ၊ ကြေးမောင်းသံ၊ လင်းကွင်းသံများဖြင့် တောင်ကုန်းဥမင် ဆက်တင်ကြီးတွင် သက်ချည်၊ တက်ချည်၊ ပြေးချည် လွှားချည်၊ ခုန်ချည် ပေါက်ချည်၊ အုပ်စုလိုက် ကပြကြမှုမှာ ခမ်းနားကြီးကျယ်လှသည်။ သစ်သားတံတားပေါ်မှ မြင်းစီးတိုင်းရင်းသားတို့၏ မြင်းရေးပြကွက်၊ ရိုးရာဓလေ့ထုံးစံဖော်သည့် ပြကွက်များက အံ့မခန်းရှိသည်။

ထူးခြားသည်က အဆိုပါ ကပွဲကြီးတွင် ပါဝင်တင်ဆက်သူများ အားလုံးမှ ဒေသခံ ကျေးရွာ ၁၆ ရွာက ဒေသခံပြည်သူများပင် ဖြစ်သည်။ သီချင်း၊ ဂီတ၊ အဆို၊ အက၊ သရုပ်ပြ၊ ဧည့်ကြိုဝန်ထမ်းမှအစ ဒေသခံတိုင်းရင်းသားများချည်း ဖြစ်၏။ တစ်နှစ်ပတ်လုံး ကပြလျက်ရှိပြီး တစ်နေ့လျှင် သုံးပွဲမှ လေးပွဲအထိ တင်ဆက်ရသည်ဟု ဆိုသည်။ လီကျင့်မြူနီစီပယ် ဒုတိယညွှန်ကြားရေးမှူးက 'ဒီ'ကပွဲ စီစဉ်တာက ဒေသခံ မြို့မိမြို့ဖများနဲ့ အာဏာပိုင်များက စီစဉ်တာပါ။ အခု "ကပွဲမှာ ပါဝင်ကြတဲ့ဒေသခံများဆိုရင် သူတို့ဝင်ငွေက ကျွန်မတို့ လစာထက်တောင် ပိုကောင်းနေပါတယ်"ဟု အားရဝမ်းသာ ပြောပြသည်။ လီကျင့် ရှေးဟောင်းမြို့တော်သို့ လာရောက်လေ့လာကြသူများ၊ Yulong ရေခဲတောင်သို့ တက်ရောက်ကြသူများအပြင် ယခု "လီကျင့်ပုံရိပ်" ကပွဲသို့ လာရောက်ကြည့်ရှုသူ ဧည့်သည်များကြောင့် ဒေသခံများ အလုပ်အကိုင် အခွင့်အလမ်း ကောင်းကြသည်။ ကျေးလက်နေလူငယ်များအတွက် "လီကျင့်ပုံရိပ်" ကပွဲက မျိုးဆက်ပွားမပြတ် အလုပ်ရစေခဲ့ပြီ။

### မြင်စိုင်းခေတ် ကာချင်းတွေနှင့်

ကျွန်တော်က "လီကျင့်ပုံရိပ်" ကပွဲကို ကြည့်ရှုနေရင်း စိတ်ကူးတွေ ယဉ်နေမိ၏။ မန္တလေးတောင် နောက်ခံနှင့် မန်းရာပြည့်ကွင်းကြီးမှာ တောင်တိမ်လိပ်များနှင့် ညို့ဆိုင်းနေသော မန္တလေးတောင်ပေါ်က စေတီတွေ စောင်းတန်းတွေမှာ မီးရောင်တလက်လက် လင်းနေသည်။ တောင်ခြေရာပြည့်ကွင်းကြီးထဲက သရေခေတ္တရာ ဆက်တင်၊ ပုဂံဆက်တင်၊ ဟံသာဝတီ ဆက်တင်၊ အင်းဝ ဆက်တင် မြင်ကွင်းကျယ်ကြီး၌ ထောင်ချီသော ဇာတ်ကောင်တွေက ဂီတဖြင့် သရုပ်ဖော်ကြမည်။ မြင်စိုင်းခေတ် ကာချင်းတွေနှင့် မြင်းတပ်၊ ဆင်တပ်တွေ ချီကြမည်။

ကပွဲကြီး၏ လက်ယာဘက်မှာ ၄၈ ရပ်သောပြာသာဒ်နှင့် မြို့ရိုးနောက်ခံ ကျုံးအတွင်းမှာက ရတနာပုံခေတ် ရေတပ်ကြီး ခင်းကျင်းမည်။ နန်းတွင်းထဲမှာ ကုန်းဘောင်ခေတ်နှောင်း၊ ရတနာပုံနေပြည်တော်၏ သရုပ်သကန်ပြပွဲကြီးလည်း ရှိမည်။ မန္တလေးဝန်းကျင် လယ်မရှိ၊ ယာမရှိတော့သော လယ်သမား၊ ယာသမား၊ ကိုင်းသမားနှင့် သူတို့သားသမီးတွေ အလုပ်အကိုင် အခွင့်အလမ်းရကြတာပေါ့။ ယုတ်စွအဆုံး ကပွဲကြီးမှာ ထောင်ချီသော လှည်းတပ်ကြီးလည်း ပါမှာမို့ လယ်မထွန်ရသော၊ ယာမထွန်ရသော လှည်းမဆွဲရသောကြောင့် ရောင်းစားခံကြရမည့် နွားညိုနွားပြာ နွားရှဉ်းတွေလည်း အလုပ်ရကြတာပေါ့။

ဤသို့၊ ဤပုံ၊ ဤနှယ် စိတ်ကူးယဉ်မိသော်ငြား လွန်ခဲ့သော နှစ်ပေါင်း၆၀နီးပါးကတည်းက လူထုရင်ပြင်အဖြစ် ထင်ရှားအသုံးဝင်ခဲ့သော မန္တလေးတောင်ခြေရှိ မန်းရာပြည့်ကွင်းဆိုတာက ရတနာပုံ တိရစ္ဆာန်ဥယျာဉ်အဖြစ် ပုဂ္ဂလိကလက်ရောက်နေတာ နှစ်သုံးဆယ်ပြည့်လုပြီ။ နန်းတွင်းဆိုတာကလည်း လွန်ခဲ့သော နှစ်ပေါင်း ၁၃၀ ကျော်ကတည်းက လူထုနေရာ မဟုတ်ခဲ့မင့်ဟာပဲ။ ။

> ပုပ္ပားတောင်မကြီးမှာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီးပွားရေးအကွက်အကွင်း ကောင်းတစ်ခု ဖြစ်ပြီး ကောင်းမွန်စွာ စီမံဆောင်ရွက်နိုင်လျှင်ဖြင့် နယ်မြေခံ ပြည်သူလူထု စီးပွားရေး အထောက်အကူကောင်း ဖြစ်နိုင်ရုံမက တိုင်းပြည်အတွက်လည်း နိုင်ငံခြားငွေရရှိမည့် အခြေခံကောင်းလည်း ဖြစ် . . .

# တာချီလိတ်နယ်စပ်ဝင်ပေါက်မှတစ်ဆင့် ကမ္ဘာလှည့်ခရီးသွား ဧည့်သည်များ လာရောက်လည်ပတ်

**နေပြည်တော် ဇွန် ၁၇**
နိုင်ငံခြားသား ကမ္ဘာလှည့် ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံ၏ ရေမြေတောတောင် သဘာဝအလှများ၊ ခရီးသွားဆွဲဆောင်သည့်နေရာများ၊ တိုင်းရင်းသားတို့၏ မတူကွဲပြားသည့် ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များ၊ လူနေမှုဘဝပုံစံများကို ကြည့်ရှုလေ့လာ သိမြင်ခံစားနိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာဝင်ပေါက်များနှင့် နယ်စပ်ဝင်ပေါက်များမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ အဆက်မပြတ် ဝင်ထွက်သွားလာ လည်ပတ်လျက်ရှိသည်။

ဇွန် ၈ ရက်မှ ၁၄ ရက်အထိ တာချီလိတ် နယ်စပ်ဝင်၊ ထွက်ပေါက်မှတစ်ဆင့် ညအိပ်၊ နေ့ချင်းပြန်ခရီးစဉ် လာရောက်လည်ပတ်ကြသည့် ထိုင်းနိုင်ငံသားနှင့် တတိယနိုင်ငံသား အများစုပါဝင်သော နိုင်ငံခြားသားခရီးသွားဧည့်သည် ၁၆၄၃၅ ဦး၊ မိုင်းဖြတ်၊ ကျိုင်းတုံ ခရီးစဉ်အနေဖြင့် နိုင်ငံခြားသားခရီးသွားဧည့်သည် ၁၂၂ ဦးနှင့် ဗီဇာဖြင့် လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသားခရီးသွားဧည့်သည် ၁၀၇ ဦးရှိကြောင်း သိရသည်။

နေ့ချင်းပြန်ခရီးစဉ် လာရောက်လည်ပတ်ကြသော ခရီးသွားဧည့်သည်အများစုသည် တာချီလိတ်မြို့ရှိ အထင်ကရနေရာများဖြစ်သော တာလေ့ဈေး၊ ဘုရင့်နောင်ရုပ်တု၊ မဟာမြတ်မုနိဘုရားကြီး၊ ဝမ်ကောင်းဈေး၊ ကိုးမြို့ရှင်နတ်နန်း၊ ရွှေတိဂုံစေတီတော်၊ မြို့လယ်ဓမ္မာရုံ၊ ပဒေါင်ကျေးရွာ၊ နဂါးနှစ်ကောင် ဆရာတော်ကျောင်း၊ ကွမ်ရင်မယ်တော်တရုတ်ဘုံကျောင်း၊ ကျောက်တန်းဈေးများသို့ သွားရောက်လည်ပတ်ကြသည်။

ညအိပ်ခရီးစဉ် လာရောက် လည်ပတ်ကြသည့် နိုင်ငံခြားသား ခရီးသွားဧည့်သည်များသည် မိုင်းဖြတ်မြို့ရှိ မြတ်စွာဘုရားခြေတော်ရာစေတီ၊ ဈေးတန်းကြီး ဘုန်းကြီးကျောင်း၊ သမိုင်းဝင်ဆုတောင်းပြည့် ဆံတော်ရှင်စွန်တောင်းစေတီ၊ ကျိုင်းတုံမြို့အဝင် ဗုဒ္ဓဥယျာဉ်နှင့် ကျိုင်းတုံမြို့ရှိ မဟာမြတ်မုနိ၊ ဟိုခံ့ကျောင်း၊ မြဘုရားကျောင်း၊ ကျိုင်းရင်းဘုန်းကြီးကျောင်း၊ ဝပ်အင်းကျောင်း၊ စွန်တောင်စေတီ၊ ကျော့မ်ဆရီစေတီ၊ ရမ်ကုန်းကျောင်း၊ ပါလျန်ကျောင်း၊ ရုပ်တော်မူ၊ သစ်တစ်ပင်တောင်၊ ကမ္ဘာအေးစေတီ၊ စံပြယန်းလောကျေးရွာ၊ ကတ်တောင်ကျေးရွာအနီးရှိ ကိုးထပ်ရေတံခွန် စသည့် အထင်ကရ နေရာများသို့ သွားရောက်လည်ပတ်ကြသည်။




တာချီလိတ် နယ်စပ်ဝင်ပေါက်မှတစ်ဆင့် ဝင်ရောက်သည့် နိုင်ငံခြားခရီးသွားဧည့်သည် အရေအတွက်မှာ ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်မှ ဇွန် ၁၄ ရက်အထိ ထိုင်းနိုင်ငံသားနှင့် တတိယနိုင်ငံသားအများစု ပါဝင်သော နေ့ချင်းပြန် ခရီးသည် စုစုပေါင်းမှာ ၁၆၆၄၉၈ ဦး ဖြစ်ပြီး မိုင်းဖြတ်၊ ကျိုင်းတုံခရီးစဉ်အနေဖြင့် ခရီးသည် စုစုပေါင်း ၁၉၀၉ ဦးနှင့် ဗီဇာဖြင့် တာချီလိတ်မှတစ်ဆင့် လေယာဉ်ခရီးစဉ်ဖြင့် ပြည်တွင်းသို့ ဝင်ရောက်လည်ပတ်သည့် ခရီးသည် စုစုပေါင်း ၁၅၀၄ ဦးတို့ ဝင်ရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**



# လူငယ်နှင့်အနာဂတ်နိုင်ငံတော် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေး

**မဟာအောင်မြေ ဇွန် ၁၇**
မန္တလေးခရိုင် မဟာအောင်မြေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍လူငယ်နှင့်အနာဂတ်နိုင်ငံတော် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ဇွန် ၁၇ ရက် နံနက် ၉ နာရီက မဟာအောင်မြေမြို့နယ် (၃၈) လမ်း၊ (၉၁) လမ်းနှင့် (၉၂) လမ်းကြား စိန်ပန်းမိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ဝေဝေဖြိုးက ပြည်သူ့စကားဝိုင်းပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်နှင့်အနာဂတ် နိုင်ငံတော် ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကျင်းပရာ မဟာအောင်မြေမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဇော်အောင်၊ စာရေးဆရာဇော်ခိုင်ဦး၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ မြို့နယ်ပညာရေးမှူးဒေါက်တာဥမ္မာကြည်၊ မန္တလေးတိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ Youth Development Pliot Committee ဥက္ကဋ္ဌ ဒေါ်မေမြတ်နွယ်တို့က လူငယ်နှင့်အနာဂတ်နိုင်ငံတော်၊ အားကစားမြှင့်တင်ရေးဆွေးနွေးကြသည်။

အခမ်းအနားသို့ မဟာအောင်မြေမြို့နယ်မှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ အားကစားသင်တန်းသားသင်တန်းသူများ၊ ပုဂ္ဂလိက ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ကျောင်းသားကျောင်းသူများ၊ ပရဟိတလူငယ်အဖွဲ့များ၊ သတင်းမီဒီယာများတက်ရောက်ကြကြောင်းသိရသည်။ **သီဟကိုကို(မန္တလေး)**

# မန္တလေးမြို့တွင် လူငယ်နှင့်စာကြည့်တိုက်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

**ချမ်းအေးသာစံ ဇွန် ၁၇**
မန္တလေးခရိုင် ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျင်းပသော လူငယ်နှင့် စာကြည့်တိုက်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အထက(၁၄) ကျောင်းရှိ ပန်းမျိုးတစ်ရာခန်းမ၌ ဇွန် ၁၆ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ထို့နောက် လူငယ်နှင့် စာကြည့်တိုက်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမျိုးနိုင်၊ စာရေးဆရာညီပုလေး၊ စာရေးဆရာအနီမောင်၊ ဒေါ်မမနိုင်(ရုပ်သေး)နှင့် ဦးဇော်ထက်အောင် (ယုံကြည်ရာ) တို့က ဦးဆောင်ဆွေးနွေးပြီး တက်ရောက်လာသူများက ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ ပြည်သူ့စကားဝိုင်းသို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မန္တလေးခရိုင်အတွင်းရှိ မြို့နယ်များမှ စာရေးဆရာများ၊ ကျောင်းသားလူငယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆည်–ကန် ၄၂ ခုအနက် ငါးခု ရေပိုလွှဲမှရေကျော်

**စစ်ကိုင်း ဇွန် ၁၇**
စစ်ကိုင်းတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနက ထိန်းသိမ်းထားသော ဆည်-ကန် ၄၂ ခုထဲမှ ဆည်ငါးခု၏ရေပိုလွှဲမှ ရေကျော်စီးခြင်းသည် သာမန်အဆင့်သာရှိပြီး ထူးထူးကဲကဲရေကျော်သည့်အဆင့်မရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးကြည်ဆွေက ဇွန် ၁၅ ရက် နံနက်ပိုင်းက ပြောကြားသည်။

"ဆည် ငါးခုရဲ့ ရေပိုလွှဲကရေကျော်စီးတာဟာ သာမန်အဆင့်သာရှိပြီး ထူးထူးကဲကဲရေကျော်တဲ့အဆင့်မရှိပါဘူး။ ရေပိုလွှဲက ရေကျော်စီးဆင်းတဲ့ဆည် ငါးခုအပါအဝင် စစ်ကိုင်းတိုင်းထဲမှာရှိတဲ့ဌာနထိန်း ဆည်-ကန်အားလုံးကိုတာဝန်ရှိသူတွေက အချိန်ပြည့်စောင့်ကြည့်နေပြီး ဆည်တမံတွေရဲ့ ကြံ့ခိုင်လုံခြုံရေးတွေကို ကြိုတင်စီမံဆောင်ရွက်နေပါတယ်"ဟု ညွှန်ကြားရေးမှူးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဇွန် ၁ ရက်မှ ၁၅ ရက်အထိ နေရာအနှံ့ မိုးသည်းထန်စွာရွာသွန်းခဲ့သော်လည်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တိုင်းဒေသကြီးအတွင်းထိန်းသိမ်းထားသည့် ဆည်-ကန် ၄၂ ခုတွင် ကန်ရေပြည့်အမှတ် ကျော်လွန်၍ ရေပိုလွှဲမှ ရေစီးကျော်သည့်ဆည် ငါးခုရှိကြောင်းသိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးက စိုက်ရေးပျိုးရေးအတွက်ဆို အထူးအားကိုးရတဲ့ သဖန်းဆိပ် ရေလှောင်တမံဆို အခုမိုးတွေရွာလို့ ရေဝင်ခဲ့တာတောင် တမံရေပြည့်ဖို့ ၁၂ ပေ (ဧကပေ ၁၁ သိန်းလောက်) လိုနေပါသေးတယ်။ အခု မိုးက တိုင်းဒေသကြီးက ဆည်တွေ ရေထိုက်သင့်သလောက်စုထားနိုင်ဖို့ လုံလောက်ရုံပဲ ရှိပါတယ်"ဟု ဦးကြည်ဆွေက ပြောသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# တိုင်းဒေသကြီးနှင့်ပြည်နယ် စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဇွန် ၁၇**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်တို့ ပူးပေါင်း၍ မျိုးဆက်သစ် စားပွဲတင်တင်းနစ်အားကစားသမားများ ပေါ်ထွက်လာစေရန်အတွက် ၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် စားပွဲတင်တင်းနစ်ပြိုင်ပွဲကို ဇွန် ၁၇ ရက် နံနက် ၉ နာရီက ဝဏ္ဏသိဒ္ဓိအားကစားရုံ (C)၌ အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်းပွဲစဉ်များအဖြစ် ဆက်လက်ကျင်းပရာ ပြိုင်ပွဲများအပြီးတွင် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ဝေဝေအောင် (မန္တလေးတိုင်းဒေသကြီး)က ပထမ၊ နန်းဆက်ဝါ (ရန်ကုန်တိုင်းဒေသကြီး)က ဒုတိယ၊ အိမ့်မြတ်ချယ်(ရန်ကုန်တိုင်းဒေသကြီး)နှင့် ကြိုင်ကြိုင်သင်း (မန္တလေးတိုင်းဒေသကြီး)တို့က ပူးတွဲတတိယဖြင့် အသီးသီးအနိုင်ရရှိသွားသည်။

အားကစား ဝါသနာအိုးများအနေဖြင့် ဝဏ္ဏသိဒ္ဓိအားကစားရုံ (C)ရုံ၌ ဇွန် ၁၉ ရက်ထိ နေ့စဉ်နံနက် ၉ နာရီမှစတင်၍ အခမဲ့ လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **မောင်မောင်ဇော်**

# မြစ်သားမြို့၌ ချေးငွေများ အပြည့်အဝကောက်ခံရရှိရေးလုပ်ငန်းညှိနှိုင်းစည်းဝေး

**မြစ်သား ဇွန် ၁၇**
မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် EXIM Bank ချေးငွေများ အပြည့်အဝ ကောက်ခံရရှိရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ဇွန် ၁၅ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးသန့်ဇော်က အမှာစကား ပြောကြားရာတွင် "EXIM Bank ချေးငွေတွေခံစားတဲ့ အခြေခံသမဝါယမ အသင်းတွေအနေနဲ့ (နဝမ) အကြိမ်ထုတ်ချေးပေးခဲ့တဲ့ ဘဏ်ချေးငွေတွေကို သတ်မှတ်ရက်အမီ အကျေပေးသွင်းပေးကြပါ၊ (ဒသမ) အကြိမ်မြောက် ချေးငွေတွေကိုလည်း ဇူလိုင်လပထမပတ်အတွင်းမှာ အသင်းသား တောင်သူများ လက်ဝယ်အရောက် ထုတ်ချေးပေးမှာပါ" ဟု ပြောကြားသည်။



ထို့နောက် အခြေခံသမဝါယမ အသင်းသားများက သိလိုသည်များကို မေးမြန်းခဲ့ပြီး တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

မြစ်သားမြို့နယ်တွင်EXIM Bank (နဝမ)အကြိမ် ချေးငွေများကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ပထမအပတ်က အခြေခံသမဝါယမအသင်း ၁၄၈ သင်းမှ အသင်းသား ၁၂၈၄၀ ဦးကို ငွေကျပ်သန်းပေါင်း ၂၃၅၁ သန်းကျော်ကို စတင်ထုတ်ချေးခဲ့ပြီး ၂၀၁၈ ခုနှစ် ဇူလိုင်လ ပထမအပတ်အတွင်းတွင် အကျေပေးဆပ်ရမည်ဖြစ်ကြောင်း သိရသည်။ **ရဲဝင်းထွန်း(မြစ်သား)**

# ရန်ကုန်ဘူတာကြီးနှင့် ပုဇွန်တောင်ဘူတာအတွက် ဂျပန်နည်းပညာသုံး ထိန်းချုပ်ရေး ဗဟိုစင်တာ ဖွင့်

**ရန်ကုန် ဇွန် ၁၇**

ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစေရန်အတွက် မြန်မာ့မီးရထားမှဆောင်ရွက်လျက်ရှိရာ ရန်ကုန်ဘူတာကြီးတွင် အခြေပြုသော ဂျပန်နည်းပညာသုံးရထားပြေးဆွဲမှု ဗဟိုထိန်းချုပ်သည့်စနစ်နှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ပစ္စည်းကိရိယာများတပ်ဆင်အသုံးပြုခြင်း စီမံကိန်းများ၏ တစ်ခုဖြစ်သော ရန်ကုန်ဘူတာကြီးနှင့် ပုဇွန်တောင်ဘူတာ၌ ဂျပန်နည်းပညာသုံး(Electronic Interlocking System) အသစ် တပ်ဆင်အသုံးပြုခြင်းကို ရန်ကုန်ဘူတာကြီး စကြံ(၁)၌ ဇွန် ၁၆ ရက် နံနက် ၉ နာရီက စတင်ဖွင့်လှစ်ခဲ့သည်။

"အရင်တုန်းကတော့ ရန်ကုန်ဘူတာကြီးရဲ့ တောင်ပိုင်းနဲ့ မြောက်ပိုင်းမှာ ရုံပိုင်သုံးဦးထားရပြီး တောင်/မြောက် ရုံပိုင်နဲ့ ရန်ကုန်ဘူတာကြီးတာဝါနဲ့ ချိတ်ဆက်ရတယ်ပေါ့၊ အဲဒီမှာ ရထားထွက်ပြီး ဝင်ပြီး ဘယ်နှမိနစ်မှာ ဘယ်ရောက်ပြီလို့ ပြောရတဲ့စနစ်က အလွန်အရေးကြီးပါတယ်၊ အဲဒီသတင်းမှားပေးခဲ့မိရင် စိုးရိမ်စရာဖြစ်ရပါတယ်၊ အခုကတော့ အဲလိုမရှိတော့ဘဲ အားလုံးဟာ Electronic Interlocking System ဖြစ်သွားတဲ့အတွက် အခု ဒီနေ့မှဖွင့်လှစ်ပြီး စတင်အသုံးပြုတဲ့စနစ်က အများကြီးကိုအားသာသွားပါတယ်။ ယခင်ကစိတ်ပူရတယ်ဗျ၊ လုံးဝမှားလို့မရတဲ့အရာတွေလဲရှိနေတာပေါ့၊ အခုလုပ်ဆောင်တာဟာ ရန်ကုန်-ပုဇွန်တောင် မြို့ပတ်ရထားလမ်းပိုင်းပဲရှိပါသေးတယ်၊ ဆက်လက်ပြီး ရန်ကုန်-မန္တလေး ရထားလမ်းမကြီးကိုလည်း ဆောင်ရွက်သွားမှာဖြစ်ပြီး မြို့ပတ်ရထားလမ်းပိုင်းကိုလည်းလုပ်ဆောင်သွားမှာပါ"ဟု ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ပြောသည်။

အဆိုပါဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာဂျပန်သံအမတ်ကြီး၊ ဂျပန်နိုင်ငံ JICA မှ ဌာနေကိုယ်စားလှယ် နှင့်တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့်ဧည့်သည်များတက်ရောက်ကြပြီး Electronic Interlocking System အသစ်တပ်ဆင်ခြင်းအား တရားဝင်ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကာ Control ခန်း၊ Signal Equipment ခန်းနှင့် Training ခန်းတို့အားလှည့်လည်ကြည့်ရှုကြသည်။

Electronic Interlocking System အသစ်တပ်ဆင်ခြင်းသည် ရန်ကုန်ဘူတာကြီးနှင့် ပုဇွန်တောင်ဘူတာ ထိန်းချုပ်ရေး ဗဟိုစနစ် ဂျပန် - မြန်မာ ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် ဂျပန်နိုင်ငံ အကူအညီဖြင့် JICA မှစီမံကိန်းများအတွက် ချေးယူ ငွေ အမေရိကန်ဒေါ်လာ သန်း ၄၀ အကုန်အကျခံကာဆောင်ရွက်သည့် စီမံကိန်းတစ်ခု ဖြစ်ကြောင်းသိရသည်။



ရထားပြေးဆွဲမှု ဗဟိုထိန်းချုပ်သည့်စနစ်နှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ပစ္စည်းကိရိယာများတပ်ဆင်အသုံးပြုခြင်း စီမံကိန်းများ အပိုင်းသုံးပိုင်းတွင် Electronic Interlocking System သည်တစ်ခုအပါဝင်ဖြစ်သည်။ ထိုစီမံကိန်းရှိ ရန်ကုန်ဘူတာကြီးယာဒ်ဝန်းတွင် Point Mission ၈၁ ခုတပ်ဆင်ထားပြီး ပုဇွန်တောင်ဘူတာအထိ Point Mission များ တပ်ဆင်ထားကာ စုစုပေါင်း အခု ၁၀၀ကျော်ရှိကြောင်း သိရသည်။ ထိုစီမံကိန်းကို JICA၊ Mitsubishi နှင့် HITACHI နှင့်မိတ်ဖက် ကုမ္ပဏီတို့မှ မြန်မာ့မီးရထားနှင့်ပူးပေါင်း ကာ ၂၀၁၅ ခုနှစ်တွင်လေ့လာမှု လုပ်ငန်းများစတင်ပြုလုပ်ခဲ့ပြီး လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ ၂၀၁၈ ခုနှစ် မေ ၂၇ ရက်တွင် အသုံးပြုရန်လွှဲအပ်ခဲ့ကြောင်းနှင့်ယနေ့တွင် စတင်အသုံးပြုခြင်း အခမ်းအနားကိုကျင်းပခြင်းဖြစ်ကြောင်းသိရသည်။

ရန်ကုန်ဘူတာကြီးသည် ၁၉၅၄ ခုနှစ်မှစတင်ကာ အင်္ဂလန်နိုင်ငံ WIESTINGHOUSE ကုမ္ပဏီထုတ် လမ်းလွှဲနှင့် အချက်ပြ မောင်းတံများဆွဲ၍ လုပ်ရသော လျှပ်စစ်ချိတ်ဆက်ထိန်းချုပ်ခုံအား ဖွင့်လှစ်အသုံးပြုခဲ့ရာ ၆၄ နှစ်ကြာမြင့်ခဲ့ပြီဖြစ်သည်။ ယခုအခါတွင် ဂျပန်နိုင်ငံ၏ထောက်ပံ့မှုဖြင့် Computer Control Electronic Interlocking System ကို အသုံးပြု၍ ရန်ကုန်ဘူတာကြီးနှင့် ပုဇွန်တောင်ဘူတာယာဒ်ဝန်းအပါအဝင်ပူးတွဲကာ လမ်းလွှဲပေါင်း ၈၁ ခုကို တိုက်ရိုက်ထိန်းချုပ်ဆောင်ရွက်နိုင်ပြီး စုစုပေါင်း လမ်းလွှဲအခု ၁၀၀ကျော်ရှိပြီဖြစ်ကြောင်း သိရသည်။

ယခင်က မက္ကယ်နီကယ် Interlock System ကိုစတင်အသုံးပြု ခဲ့ကြောင်း၊ ယင်းစနစ်တွင် လူအားဖြင့် မက္ကယ်နီကယ်မောင်းတံများကို ဆွဲရကြောင်းနှင့် အချက်ပြစနစ်သည် လျှပ်စစ်မီးဖြင့် အချက်ပြခြင်းဖြစ်ကြောင်း၊ ယခုအချိန်ထိ နှစ်ပေါင်း ၆၄ နှစ်ရှိနေပြီဖြစ်ကြောင်းနှင့် ရထားယာဒ်ဝန်းများ ရေနစ်မြုပ်နေမှုနှင့် အချက်ပြမီးနီနေမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ပြီးခဲ့သည့် နှစ်ပိုင်းအတွင်းက အဆိုပါ အချက်ပြစနစ်မောင်းတံစနစ်ကြောင့် မတော်တဆ ထိခိုက်မှု မှုခင်းဖြစ်စဉ်ခြောက်မှုခန့်ရှိခဲ့ကြောင်း သိရသည်။

ယခုအခါတွင် ရန်ကုန်မြို့ပတ်လမ်းပိုင်းအနေဖြင့် မြို့ပတ်နှင့် ဆင်ခြေဖုံးရထားလမ်းပိုင်း၌ RBE ရထားတွဲဆိုင်း ၁၂ ဆိုင်း၊ ရထားတွဲဆိုင်းကြီး ၁၃ ဆိုင်းဖြင့် စုစုပေါင်းရထားတွဲဆိုင်း ၂၅ ဆိုင်း ကိုအသုံးပြု ပြေးဆွဲလျက်ရှိပြီး တစ်ရက်လျှင် ရထားပြေးဆွဲမှုအခေါက်ရေ ၂၂၀ တွင်ရထားစီး ခရီးသည်ရှစ်သောင်းခန့်ကို နေ့စဉ်ပို့ဆောင်ပေးနေကြောင်း မြန်မာ့မီးရထား(အောက်မြန်မာပြည်)မှသိရသည်။ **ပွင့်သစ္စာ**

## မြို့နယ်အဆင့် ကျောင်းကျန်းမာရေးနှင့် လူငယ်ကျန်းမာရေး ဆင့်ပွားသင်တန်းဖွင့်

**ရန်ကုန် ဇွန် ၁၇**

ဒဂုံ မြို့သစ်(ဆိပ်ကမ်း)မြို့နယ် ၉၄ ရပ်ကွက် ယုဇနဥယျာဉ်မြို့တော် အထက ၂ ယုဇနကျောင်းခန်းမဆောင်၌ ဇွန် ၁၆ ရက် နံနက် ၉နာရီခွဲက မြို့နယ်အဆင့် ကျောင်းကျန်းမာရေးနှင့် လူငယ်ကျန်းမာရေး ဆင့်ပွားသင်တန်း ဖွင့်လှစ်ပို့ချရာ မြို့နယ်ကျန်းမာရေးဝန်ထမ်းဆရာမများနှင့် မြို့နယ်ပညာရေးဌာနမှ ဆရာ ဆရာမများ ၁၄၀ ခန့် တက်ရောက်ကြသည်။

မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်အုန်းကြည်က သင်တန်းအဖွင့်အမှာစကားပြောကြားပြီး အရှေ့ပိုင်းခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အဖွဲ့ခေါင်းဆောင် ဆရာဝန် ဒေါက်တာယုနန္ဒာအောင်က သင်တန်းပို့ချရခြင်း၏ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးမူယာကျော်က ကျန်းမာရေးနှင့် သက်ဆိုင်သည့် သိကောင်းစရာအကြောင်းအရာများကို ရှင်းလင်းပြောကြားပြီးနောက် Decolgen ကိုယ်စားလှယ် (တာဝန်ခံ) ဒေါ်တင်အေးချိုက ဆေးဝါး၏ ကျန်းမာရေးအာနိသင်ကို မိတ်ဆက်ပေးသည်။

ယင်းနောက် သင်တန်းနည်းပြ အဖွဲ့ခေါင်းဆောင် ဆရာဝန် ဒေါက်တာယုနန္ဒာအောင်၊ ဒေါက်တာကောင်းမြတ်စိုး၊ မြို့နယ်ပညာရေးမှူး ဆရာမကြီးဒေါ်အုန်းကြည်နှင့် မြို့နယ်ကျန်းမာရေးမှူး အဆင့်(၁) ဦးအောင်မိုးသန်းတို့က သင်တန်းသား သင်တန်းသူ ၈၀ ကို သင်တန်းပို့ချကြောင်း သိရသည်။ **၅၁၂**

## မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး သန်လျင်၌ အသိပညာပေး

**ရန်ကုန် ဇွန် ၁၇**

သန်လျင်မြို့နယ် ရဲတပ်ဖွဲ့မှူး (ယာယီ) ရဲမှူးထွန်းထွန်းဦးသည် ဇွန် ၁၆ ရက် ည ၇ နာရီက သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာ နယ်မြေ ၁၅ ဘောဇန သုခမ္မာရုံတွင် မှုခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိ ပညာပေးဟောပြောရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ပြည်သူ ၆၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **၆၈၉**

## ဇဟန်းမြို့နယ်၌ "လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်" ခေါင်းစဉ်ဖြင့်ပြည်သူ့စကားဝိုင်းကျင်းပ

**ဇဟန်း ဇွန် ၁၇**

ရန်ကုန်အနောက်ပိုင်းခရိုင် ဇဟန်းမြို့နယ် နတ်မောက်လမ်းရှိ ကောင်းထက်ကျော် ကိုယ်ပိုင်အထက်တန်းကျောင်း၌ ဇဟန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဇဟန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပညာရေးဌာန၊ ကောင်းထက်ကျော် ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် ဇဟန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ပြည်သူ့စကားဝိုင်း (Public Talk) ဆွေးနွေးပွဲကို "လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်" ခေါင်းစဉ်ဖြင့် ဇွန် ၁၆ ရက် နံနက် ၉ နာရီက ကျင်းပသည်။

**ဆွေးနွေး**

ဇဟန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နောင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ "လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်"ခေါင်းစဉ်ဖြင့် ဦးသောင်းထွန်း (တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်)၊ ရဲမှူးသိန်းဝင်း (ဇဟန်းမြို့နယ်ရဲတပ်ဖွဲ့မှူး)၊ ဦးကျော်စွာခိုင် (ဇဟန်းမြို့နယ်ဥပဒေအရာရှိ)၊ ဒေါက်တာထွန်းစန္ဒာလင်း (စိတ်ကျန်းမာရေးဆေးရုံ)တို့က Moderator အဖြစ် ဆောင်ရွက်ကာ ဆွေးနွေးပွဲကို ကျင်းပခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးကြသူတို့က ပြန်လည်ဖြေကြားပေးခဲ့ပြီး နံနက်ပိုင်းတွင် အခမ်းအနားအောင်မြင်စွာပြီးစီးခဲ့ကြောင်း သိရသည်။

**ရွှေတိုင်လွင်**

## ရေတာရှည်၌ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး ဘက်ပေါင်းစုံမှ ဆွေးနွေးနိုင်ရန် ပြည်သူ့စကားဝိုင်းကျင်းပ

**ရေတာရှည် ဇွန် ၁၇**

ရေတာရှည်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရေတာရှည်မြို့နယ် စာပေမြတ်နိုးသူများအဖွဲ့တို့ ပူးပေါင်း၍ မြို့ပြ၊ ကျေးလက်ဒေသများတွင် နေထိုင်ကြသော လူငယ်၊ လူရွယ်အားလုံး အသိပညာဗဟုသုတများဖွံ့ဖြိုးတိုးတက်စေရန်၊ ဒီမိုကရေစီစံနှုန်းများနှင့်အညီ ရပ်ကျိုးရွာကျိုးဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲများတွင် ပွင့်လင်းမြင်သာစွာ ပါဝင်ဆွေးနွေးတတ်စေရန် ပြည်သူ့စကားဝိုင်း (Public Talk) ဆွေးနွေးပွဲကို ဇွန် ၁၆ ရက် နံနက် ၉ နာရီခွဲက ရေတာရှည်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်း၊ အောင်ဆန်းခန်းမ၌ ပြုလုပ်ခဲ့သည်။



ထို့နောက် ပြည်သူ့စကားဝိုင်းကို ဆက်လက် ပြုလုပ်ခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မိုးနိုင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်အောင်၊ စာပေမြတ်နိုးသူများအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မျိုးသန့်တို့က ပြည်သူတို့၏ဒေသလိုအပ်ချက်များ၊ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုလုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်ရန်ရှိသည့် ကိစ္စရပ်များကိုလည်းကောင်း၊ လမ်းပန်းဆက်သွယ်မှု၊ ကျေးလက်ဒေသ လျှပ်စစ်မီးရရှိနိုင်ရေး၊ ပညာရေး၊ မူးယစ်ဆေးဝါးပြဿနာ၊ ပြည်သူလူထု၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာတို့ကို ဥပဒေအရ အကာအကွယ်ပေးနိုင်မည့် ကိစ္စရပ်များကိုကဏ္ဍအလိုက် ဆွေးနွေးပြောကြားသည်။

ယင်းနောက် တက်ရောက်လာသူများ၏ သိရှိလိုသော ဆွေးနွေးမေးမြန်းမှုများကို ဦးဆောင်ဆွေးနွေးသူများက ပြန်လည် ရှင်းလင်းပြောကြားခဲ့သည်။ ယနေ့ကျင်းပသော ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့အသီးသီးနှင့် ကျေးလက်နေ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# ဒူးဆစ်နာခြင်းနှင့် အကောင်းဆုံးဆေး

တက္ကသိုလ်ဆရာတစ်ဦး

**ကြီးမားသော ကျန်းမာရေးပြဿနာ**

ဒူးဆစ်နာခြင်းကို သက်ကြီးပိုင်းအရွယ်တွင် များစွာ တွေ့ရလေ့ရှိသည်။ ကမ္ဘာ့ကုလသမဂ္ဂအစီရင်ခံစာအရ အသက် ၆၀ အထက် အရွယ်ပိုင်းတွင် လူ ၁၀၀ လျှင် ၁၅ ယောက်သည် ဒူးဆစ်နာရောဂါရှိကြောင်း တွေ့ရပြီး ငါးယောက်သည် ဆိုးရွားစွာ ခံစားနေရကြောင်း တွေ့ရသည်။ ၎င်းကိန်းဂဏန်းသည် နှစ်စဉ် တိုးပွားလျက်ရှိရာ ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေ သန်း ၁၃၀ သည် ရောဂါခံစားရရှိနေမည်ဖြစ်ပြီး သန်း ၄၀ တွင် ရောဂါပြင်းထန် ဆိုးရွားနေမည်ဖြစ်သည်။ ပုံမှန်လှုပ်ရှားသွားလာမှု မပြုနိုင်ခြင်း၊ ဆေးဝါးကုသစရိတ် ကုန်ဆုံးခြင်း၊ အလုပ်ခွင်မကြာခဏ ပျက်ကွက်ခြင်းတို့ကြောင့် ဆိုးရွားသော ကျန်းမာရေးချို့တဲ့မှု တစ်ခုဖြစ်ပြီး နိုင်ငံအတွက်လည်း ကြီးမားသော ကျန်းမာရေးပြဿနာတစ်ခု ဖြစ်ပေသည်။

**ဒူးဆစ်၏ လေးလံသောတာဝန်**

ဒူးဆစ်သည် ပေါင်ရိုးနှင့် ခြေသလုံးရိုးတို့ကို အရွတ်လေးခုဖြင့် ဆက်သွယ်ထားသော တေ့ဆက်အရိုးဆစ်တစ်ခု ဖြစ်သည်။ ခန္ဓာကိုယ်အလေးချိန်နှင့် လှုပ်ရှားမှုဒဏ်ကိုခံနိုင်သော သန်မာသောအဆစ်တစ်ခုလည်းဖြစ်သည်။ အရိုးနှစ်ခုထိဆက်ရာ မျက်နှာပြင်ကို အရိုးနုအလွှာ ဖုံးအုပ်ထားခြင်းဖြင့် အရိုးမျက်နှာပြင်နှစ်ခု ပွတ်တိုက်ခြင်းကြောင့် ဖြစ်ပေါ်လာသော ပွန်းတီးမှုကို ကာကွယ်ပေးထားသည်။

အဆစ်တစ်ခုလုံးကို အဆစ်ဖုံးအမြှေးပါးဖြင့် ဖုံးထားပြီး ထပ်မံ၍အပေါ်မှ အဆစ်ဖုံးအရွတ်ဖြင့် ကာကွယ်ထားပြန်သည်။ ချောမွေ့စွာလှုပ်ရှားနိုင်ရန် အဆစ်ဖုံးအမြှေးပါး၏ ကလာပ်စည်းဆဲလ်များသည် ပျစ်ချွဲသော ချောဆီသဖွယ်အရည်ကို စစ်ထုတ်ပေးသည်။

အထက်ပါ လူတို့၏ ဒူးဆစ်တည်ဆောက်ပုံသည် မွေးချိန်မှ သေသည်အထိ ခန္ဓာကိုယ်အလေးချိန်နှင့် လှုပ်ရှားမှုဒဏ်ကိုခံနိုင်ရန် သဘာဝကဖန်တီးပေးထားသော ဒူးဆစ်၏ လေးလံသောတာဝန် တစ်ရပ်ဖြစ်သည်။

**ဇရာ၏ ထိုးနှက်ချက်**

ဇရာကြောင့် ရုပ်ခန္ဓာ ဖောက်ပြန်ပျက်စီးခြင်းသည် ရောဂါဖြစ်ရခြင်း၏ အဓိကအကြောင်းအရင်း တစ်ခုဖြစ်သည်။ နှစ်ရှည်လများ ပွတ်တိုက်ခြင်းကြောင့် အရိုးနုမျက်နှာပြင် ကွဲအက်ပျက်စီးလာပြီး အရိုးနုကလာပ်စည်းဆဲလ်အသစ်များ အစားဖြည့်တင်းနိုင်မှုမရှိခြင်းသည် ဇရာ၏ ထိုးနှက်ချက်တစ်ခု ဖြစ်လေသည်။ အဆစ်ဖုံးအမြှေးပါး ကလာပ်စည်းဆဲလ်များ၏ ချောဆီအရည် စစ်ထုတ်ပေးခြင်းသည်လည်း အသက်ကြီးသည်နှင့်အမျှ လျော့နည်းလာလေသည်။ ကွဲအက်သွားသော အရိုးနုမျက်နှာပြင်အောက် အရိုးမာမှ အရိုးကျိုးပေါင်းအတက်များ ပေါ်ထွက်လာပြီး ရောဂါလက္ခဏာများကို ဖြစ်ပေါ်စေသည်။

ဒူးဆစ်နာခြင်းသည် မျိုးရိုးလိုက်ပြီး အဝလွန်ခြင်း၊ အမျိုးသမီးဖြစ်ခြင်း၊ ဒူးဆစ်ကိုအားပြုရသော အသက်မွေးဝမ်းကျောင်းဖြစ်ခြင်း၊ ဒူးဆစ်ကိုထိခိုက်ဒဏ်ရာရဖူးခြင်းတို့သည် အထက်ပါရောဂါဖြစ်စဉ်ကို လျင်မြန်စွာနှင့် ပိုမိုဆိုးရွားစွာဖြစ်ပေါ်စေသည်။

**ဝေဒနာဖြင့် နိုးထရသော တစ်နေ့တာ**

ဒူးဆစ်နာခြင်း၏ သင်္ကေတလက္ခဏာတစ်ခုမှာ နံနက် အိပ်ရာမှထသောအချိန်တွင် ဒူးဆစ်ဝန်းကျင်၌ ကိုက်ခဲနာကျင်နေပြီး ကွေးဆန့်မရခြင်းတို့ဖြစ်သည်။ တစ်နေ့တာတွင်လည်း ကြာရှည်စွာနားနေ၊ ထိုင်နေပြီး ထလိုက်သောအခါ ဒူးဆစ်ဝန်းကျင်တွင် ကိုက်ခဲနာကျင်နေပြီး ကွေးဆန့်၍မရခြင်းတို့ ခံစားရပြန်သည်။

ရောဂါအနုအရင့်အပေါ်မူတည်၍ ဒူးဆစ်နာခြင်းကို အဆင့်လေးဆင့် ခွဲခြားထားနိုင်သည်။

အဆင့် (၁) မှာ ရောဂါဖြစ်စ အဆင့်ဖြစ်ပြီး နာကျင်သော ခံစားမှုမရှိသေးဘဲ ဓာတ်မှန်ရိုက်ကြည့်သောအခါမှသာ အရိုးကျိုးပေါင်းတက်စ ပြနေသည်ကို တွေ့ရသည်။

အဆင့် (၂) မှာ ရောဂါနုသော အဆင့်ဖြစ်သည်။ လမ်းလျှောက်ပြီးသော အချိန်နှင့် ပြေးလွှားပြီးသော အချိန်တွင် နာကျင်ကိုက်ခဲခြင်းကို စတင်ခံစားရသည်။

အဆင့် (၃) မှာ ရောဂါတိုးသော အဆင့်ဖြစ်သည်။ နံနက်အိပ်ရာထသော အချိန်နှင့် နားနေပြီးသော အချိန်တို့တွင် ကိုက်ခဲနာကျင် တောင့်တင်းခြင်းကို သိသာ ခံစားရသည်။ လမ်းလျှောက်သည့်အချိန်တွင်လည်း ဒူးဆစ်အရိုး မျက်နှာပြင်နှစ်ခု ပွတ်တိုက်ခြင်းကို ခံစားသိရှိနေရသည်။

အဆင့် (၄) မှာ ရောဂါရင့်သော အဆင့်ဖြစ်သည်။ အချိန်နှင့်အမျှ ဒူးဆစ်ဝန်းကျင်တွင် ကိုက်ခဲနာကျင်နေပြီး ပုံမှန်သွားလာ လှုပ်ရှားမှုပြုရန်ပင် ခက်ခဲလာသည်။ ဒူးဆစ်ဝန်းကျင်ရှိ ကြွက်သားများ အားပျော့ပြီး လှုပ်ရှားမှုကို ပိုမိုခက်ခဲလာစေသည်။

**ကုရာနတ္ထိ ဆေးမရှိ**

ခေတ်မီတိုးတက်ပါသည်ဆိုသော အနောက်တိုင်းဆေးဝါးများသည် ဇရာကို အန်တုနိုင်စွမ်းမရှိချေ။ ဒူးဆစ်နာရောဂါ ပျောက်ကင်းအောင် ကုသနိုင်သော ဆေးမရှိသေးချေ။ အကိုက်အခဲပျောက်ဆေးများကိုသာ အားကိုးနေရပြီး ရောဂါရင့်သော အဆင့်တွင် ခွဲစိတ်ပြီး ဒူးဆစ်အတုဖြင့် အစားထိုးသော နည်းကို အသုံးပြုရသည်။

ရောဂါ အဆင့် (၃) နှင့် (၄) တို့တွင် အကိုက်အခဲပျောက်ဆေးများဖြင့် မသက်သာသဖြင့် ဒူးဆစ်အတွင်းသို့ ဆေးထိုးရခြင်း၊ ခွဲစိတ်၍ ဒူးဆစ်အတုဖြင့် အစားထိုးရခြင်းတို့ဖြင့် ကုသရသည်။ အလွန်ငွေကုန်ကြေးကျများပြီး နောက်ဆက်တွဲ ဆိုးကျိုးများစွာ ဖြစ်ပေါ်စေနိုင်သော ကုသနည်းများဖြစ်ပေသည်။



ကျန်းမာသော ဒူးဆစ်



ဒူးဆစ်နာရောဂါ ခံစားနေရသော ဒူးဆစ်

**လေ့ကျင့်ခန်းသည်သာ အားကိုးရာ**

နောက်ဆုံးတွေ့ရှိချက်များအရ နေ့စဉ်ပုံမှန် လေ့ကျင့်ခန်း ပြုလုပ်ခြင်းသည် ဒူးဆစ်နာရောဂါအတွက် အကောင်းဆုံးကုသမှုဖြစ်သည့်အပြင် ရောဂါကို ပိုမိုဆိုးရွားမလာစေရန် တားဆီးထားနိုင်စွမ်းရှိကြောင်း တွေ့ရှိရသည်။ သုတေသနတွေ့ရှိချက်များအရ နေ့စဉ်ပုံမှန် လေ့ကျင့်ခန်း ပြုလုပ်ခြင်းသည် -

၁။ အရိုးနုမျက်နှာပြင်သို့ သွေးလျှောက်နှုန်း ပိုမိုအားကောင်းစေပြီး ပျက်စီးသွားသော အရိုးနုကလာပ်စည်းဆဲလ်များအား အသစ်ကလာပ်စည်းဆဲလ်များဖြင့် ဖြည့်ဆည်းစေသည်။

၂။ အဆစ်ချောဆီ ခန်းခြောက်ခြင်းကို ပြန်လည်ဖြည့်တင်းစေသည်။

၃။ ဒူးဆစ်ဝန်းကျင်ရှိ ကြွက်သားများကို သန်စွမ်းစေပြီး နာကျင်ခြင်း၊ ရောင်ရမ်းခြင်းကို လျော့နည်းစေသည်။

၄။ ဒူးဆစ်လှုပ်ရှားမှုကို ပျော့ပျောင်းသွက်လက်လာစေပြီး နံနက်အိပ်ရာထ ဒူးဆစ်တောင့်တင်းခြင်းကို လျော့နည်းစေသည်။

၅။ ခန္ဓာကိုယ်အလေးချိန် လျော့နည်းလာပြီး ဒူးဆစ်အပေါ်သို့ကျရောက်သည့် အလေးဝန်လျော့နည်းစေသည်။

၆။ ပုံမှန်လေ့ကျင့်ခန်း ပြုလုပ်ခြင်း၏ အခြားအကျိုးကျေးဇူးများဖြစ်သော စိတ်အားငယ်ခြင်း၊ စိုးရိမ်သောကဖြစ်ခြင်းများကို လျော့နည်းစေပြီး ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါများကို ထိန်းသိမ်းနိုင်ခြင်း စသည့် များစွာသော အကျိုးကျေးဇူးများကို ရရှိနိုင်ပေသည်။

ထို့ကြောင့် ယနေ့အချိန်တွင် ဒူးဆစ်ပေါ်သို့ ကိုယ်အလေးချိန်များစွာ မကျရောက်သော နေ့စဉ်ပုံမှန် လေ့ကျင့်ခန်းများကို ကုထုံးအဖြစ် ထိရောက်စွာ အသုံးပြုသည်ကို တွေ့ရှိရသည်။

၎င်းလေ့ကျင့်ခန်းများမှာ ရေကူးခြင်း၊ (နေရာမရွေ့သော)စက်ဘီးနင်းခြင်း၊ တိုင်အိချီ၊ ယောဂလေ့ကျင့်ခြင်းတို့ဖြစ်ကြသည်။ သို့သော် စာရေးသူတို့ ဗုဒ္ဓဘာသာလူမျိုးများအဖို့ အထက်ပါလေ့ကျင့်ခန်းများထက် များစွာသာလွန်ကောင်းမွန်သော ကုထုံးရှိပေသည်။ ၎င်းမှာ ဘုရားပေးသောဆေး ဖြစ်သည်။

**ဘုရားပေးသောဆေး-သတိအမှတ်ဖြင့် စင်္ကြံလျှောက်ခြင်း**

အင်္ဂုတ္တရ ကာယံ ပဉ္စကနိပါတ် စင်္ကမသုတ်၌ မြတ်စွာဘုရားသည် ရဟန်းတို့အား စင်္ကြံလျှောက်ခြင်း၏ အကျိုးအာနိသင်ကို ဤသို့ မိန့်တော်မူ၏။

"ရဟန်းတို့ စင်္ကြံလျှောက်ခြင်း၌ အကျိုးအာနိသင်တို့သည် ဤငါးမျိုးတို့တည်း။ အဘယ်ငါးမျိုးတို့ နည်းမူ-ခရီးရှည် သွားနိုင်၏၊ ကြိုးစားအားထုတ်နိုင်၏၊ အနာရောဂါကင်း၏။ စားသောက်လျက်အပ်သော အစာအာဟာရသည် ကောင်းစွာကြေညက်နိုင်၏၊ စင်္ကြံလျှောက်ခြင်းဖြင့် ရအပ်သော တည်ကြည်မှု (သမာဓိ)သည် ကြာမြင့်စွာ တည်တံ့နိုင်၏။

ရဟန်းတို့ ဤသည်တို့ကား စင်္ကြံလျှောက်ခြင်း၌ အကျိုးအာနိသင် ငါးမျိုးတို့တည်း" ဟု (မိန့်တော်မူ၏)။

ထို့ပြင် မဟာသတိပဋ္ဌာနသုတ်တွင် "ပုနစပရံ ဘိက္ခဝေ ဘိက္ခု ဂစ္ဆတော ဝါ ဂစ္ဆာမီတိ ပဇာနာတိ" ရဟန်းတို့ တစ်ဖန်မူလည်း တစ်ပါးသောရှုပုံကား သွားလျှင်လည်း သွားသည်ဟုသိ၏" ဟု သတိအမှတ်ဖြင့် လျှောက်လှမ်းရန် ဟောတော်မူ၏။ မဟာစည်ဆရာတော်၏ ဝိပဿနာရှုနည်းကျမ်း၌ "သွားသောအခါ၌ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း သွားတယ် သွားတယ်ဟု ဖြစ်စေ၊ လှမ်းတယ် လှမ်းတယ်ဟု ဖြစ်စေ၊ ညာလှမ်းတယ် ဘယ်လှမ်းတယ်ဟု ဖြစ်စေ၊ ကြွတယ်၊ လှမ်းတယ်၊ ချတယ်ဟုဖြစ်စေ မှတ်အပ်၏"ဟု ညွှန်ကြားတော်မူ၏။ ဝိပဿနာရှုမှတ်ခြင်းကြောင့် ရောဂါများပျောက်ကင်းသွားကြောင်း သာဓကများကို တော်ကူးဆရာတော်၏ တရားရိပ်သာ၌ ထင်ရှားစွာတွေ့ရသည်။ ဆရာတော်က "ဝိပဿနာဆိုတဲ့ ဘုရားပေးတဲ့ဆေးဟာ ရောဂါ ၉၆ ပါးကို အမြစ်ပါမကျန်အောင် ပျောက်ကင်းစေနိုင်တယ်" ဟု ယောဂီများကို ဟောကြားတော်မူသည်။

ဆရာကြီးဒေါက်တာမင်းတင်မွန်က "ဝိပဿနာ ဂုဏ်ထူးဆောင်" စာအုပ်တွင် ဝိပဿနာရှုမှတ်သူတို့တွင် ရောဂါပျောက်ကင်းရသည့်အကြောင်းမှာ တရားတော်၏ တန်ခိုးသတ္တိကြောင့်ဖြစ်ပြီး ရှုမှတ်နှလုံးသွင်းမှုဖြင့် ဗောဇ္ဈင်တရားများဖြစ်ပေါ်လာကြပြီး ဤတရားတို့၏ အာနုဘော်ကြောင့် ရောဂါပျောက်ကင်းခြင်းဖြစ်ကြောင်း မဟာစည်ဆရာတော်၏ မိန့်ကြားချက်ကို ဖော်ပြထားလေသည်။

ဤစာအုပ်တွင် ဆရာကြီးက ဗောဇ္ဈင်တရားအကြောင်း ဤသို့ထပ်မံရှင်းလင်း ဖော်ပြထားသည်ကို မှတ်သားရပြန်ပါသည်။

"ဗောဇ္ဈင်(ဝါ)ဗောဇ္ဈင်္ဂသည် ဗောဓိအင်္ဂ ဟူသော ပုဒ်နှစ်ခုမှ ဆင်းသက်လာပြီး အသိဉာဏ်၏ အကြောင်းအင်္ဂါဟု အဓိပ္ပာယ်ရ၏။ ဗောဇ္ဈင်ခုနစ်ပါးရှိ၏။

(၁)သတိသမ္ဗောဇ္ဈင် = အမှတ်သတိရှိခြင်း၊
(၂)ဓမ္မဝိစယသမ္ဗောဇ္ဈင် = ထူးသောဉာဏ်ဖြင့်သိခြင်း၊
(၃)ဝီရိယသမ္ဗောဇ္ဈင် = လုံ့လစိုက်ထုတ်ခြင်း၊
(၄)ပီတိသမ္ဗောဇ္ဈင် = နှစ်သက်ဝမ်းမြောက်ခြင်း၊
(၅)ပဿဒ္ဓိသမ္ဗောဇ္ဈင် = ငြိမ်းအေးခြင်း၊
(၆)သမာဓိသမ္ဗောဇ္ဈင် = စိတ်တည်ကြည်ခြင်း၊
(၇)ဥပေက္ခာသမ္ဗောဇ္ဈင် = လျစ်လျူရှုခြင်း။

ဤဗောဇ္ဈင် ခုနစ်ပါးသည် သတိ၊ ပညာ၊ ဝီရိယ၊ ပီတိ၊ ပဿဓိ၊ ဧကဂ္ဂတာနှင့် တတြမဇ္ဈတ္တာ ဟူသော စေတသိက်တို့ပင်တည်း။

ဗောဇ္ဈင်တရားကို နှလုံးသွင်းဆင်ခြင်သောအခါ ဤစေတသိက်တို့ အားကောင်းလာကြသည့်အတွက် စိတ်သည် အထူးကြည်လင် သန့်စင်တည်တံ့၍ ငြိမ်းအေးလာ၏။ ဤစိတ်အစဉ်ကြောင့်ဖြစ်သော ရုပ်တို့သည်လည်း ကြည်လင်သန့်စင်ပြီး ငြိမ်းအေးခြင်း သဘောရှိ၏။ ဤသို့သောစိတ်အစဉ်နှင့် ရုပ်အစဉ်တို့ အဆက်မပြတ် ထပ်ခါထပ်ခါ ဖြစ်ပွားကြသောအခါ ရောဂါရုပ်များသည် တစ်စတစ်စ ပပျောက်ကုန်ပြီး ရောဂါပျောက်ကင်းပါတော့၏" ဟု ဆရာကြီးက ဖော်ပြ၏။

**စာရေးသူ၏အတွေ့အကြုံ**

ဤဆောင်းပါးသည် ဝိပဿနာ ရှုမှတ်ခြင်းကို ရေးသားလိုခြင်း မဟုတ်ပါ။ စင်္ကြံလျှောက်ရှုမှတ်ခြင်းဖြင့် စာရေးသူ၏ ဒူးဆစ်နာရောဂါကို အကိုက်အခဲပျောက်ဆေး တစ်လုံးမျှသောက်ရန်မလိုဘဲ ပိုမိုဆိုးရွားမလာစေရန် ထိန်းသိမ်းထားနိုင်ခြင်းကို မျှဝေလို၍ ဖြစ်ပါသည်။ စာရေးသူသည် လွန်ခဲ့သော ခုနစ်နှစ်ခန့်မှစ၍ ဒူးဆစ်နာရောဂါကို စတင်ခံစားရပါသည်။ ရောဂါရပြီး တစ်နှစ်အကြာ မဟာစည်ရိပ်သာ၌ တရားစခန်းဝင်စဉ် မိနစ်ငါးဆယ်အကြာ ထိုင်မှတ်ရှုမှတ်အပြီးတွင် ရောဂါရှိသော ဘယ်ဒူးဆစ်သည် ဆန့်၍မရတော့ဘဲ ပြင်းထန်စွာ ကိုက်ခဲနာကျင်နေပါတော့သည်။ ထိုအကြောင်းကို တရားစစ်လျှောက်ချိန်၌ ဆရာတော်အား လျှောက်ထားသောအခါ ဆရာတော်က စင်္ကြံလျှောက်ရှုမှတ်ခြင်းကို ဂရုစိုက်ပြုလုပ်ရန်ပြောကြားပြီး ရှုမှတ်နည်းကို ညွှန်ကြားတော်မူပါသည်။ ညွှန်ကြားတော်မူသည့်အတိုင်း စင်္ကြံလျှောက်ခြင်းကို ဝါယမစိုက်၍ အားထုတ်သောအခါ ထိုင်မှတ်ပြုလုပ်အပြီး၌ ဒူးဆစ်နာ လျော့နည်း သက်သာလာသည်ကို ဂရုပြုမိလာပါသည်။ သတိပြု၍ ဆက်လက်အားထုတ်ကြည့်သောအခါ စင်္ကြံလျှောက်ခြင်းကို ဂရုတစိုက်အချိန်ပြည့် သမာဓိရစွာ အားထုတ်လျှင် ထိုင်မှတ်အပြီး ဒူးဆစ်နာ လျော့နည်းသက်သာသည်ကို တွေ့ရသည်။ ထိုအကြောင်းကို ဆရာတော်အား လျှောက်ထားသောအခါ ဆရာတော်၏ မိန့်မှာချက်သည် ယနေ့ထက်တိုင် စာရေးသူ၏ နားထဲဝယ် စွဲမြဲနေပါသည်။ ဆရာတော်က "ဒကာကြီး ဝိပဿနာ အားထုတ်တာဟာ ဒူးဆစ်နာပျောက်ဖို့မဟုတ်ဘူး၊ ဒူးဆစ်နာထက် အဆများစွာဆိုးရွားတဲ့ သံသရာဝဋ်ဆင်းရဲမှ လွတ်ကင်းဖို့ဆိုတာ မမေ့ပါနဲ့" ဟု မိန့်ကြားပါသည်။

ထိုအချိန်မှစ၍ စာရေးသူသည် ဆရာတော်၏ မိန့်ကြားချက်ကို မှတ်သားလျက် စင်္ကြံလျှောက်ခြင်းကို နေ့စဉ်ဝတ္တရားတစ်ရပ်အဖြစ် အားထုတ်ပါသည်။ ယနေ့အချိန်အထိ စာရေးသူ၏ ဒူးဆစ်နာမှာ အဆင့် (၂)မှ ရှေ့သို့ဆက်၍ ဆိုးရွားမလာပါ။

ဤဆောင်းပါးသည် စင်္ကြံလျှောက် ရှုမှတ်ခြင်းဖြင့် ဒူးဆစ်နာရောဂါကို ထိန်းသိမ်းထားနိုင်သော စာရေးသူ၏ အတွေ့အကြုံကို မျှဝေလိုရင်း ဖြစ်ပါသည်။

အတွေ့အကြုံအရ အရေးကြီးသော အောက်ပါအချက် သုံးချက်ကို နိဂုံးအဖြစ် ဖော်ပြလိုပါသည်။

၁။ စင်္ကြံလျှောက်ရှုမှတ်ခြင်းကို ဆရာတော်များထံမှ သင်ကြားခံယူပါ။

၂။ တစ်နေ့လျှင် အနည်းဆုံး နံနက် မိနစ် ၂၀၊ ည မိနစ် ၂၀ (အိပ်ရာထ အိပ်ရာဝင်) အားထုတ်ပါ။

၃။ လျှောက်လှမ်းစဉ် ခြေလှမ်းကို နှေးနိုင်သမျှ ဖြည်းနှေးစွာ လျှောက်လှမ်းပါ။

စာရှုသူများ ဤဘုရားပေးသော ဆေးနည်းကို သုံးစွဲခြင်းဖြင့် ဒူးဆစ်နာဝေဒနာသက်သာပြီး သံသရာဝဋ်ဆင်းရဲမှ လွတ်ကင်းနိုင်ကြပါစေ။ ။

# ဝဲကြီးဆည်ရေသောက်စနစ်တူးမြောင်းများ အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ပြည် ဇွန် ၁၇**
ပြည်ခရိုင် ပေါင်းတည်မြို့နယ်အတွင်းရှိ ဝဲကြီးဆည်ရေသောက်စနစ်တူးမြောင်းများ အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတည်ဆောက်ရေး(၂) ပြည်မြို့နှင့် ထိန်းသိမ်းရေး(ပြည်)တို့ ပူးပေါင်း၍ အရှိန်အဟုန်မြှင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဝဲကြီးဆည်ရေသောက်စနစ်ကို ၁၉၉၈-၁၉၉၉ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၀-၂၀၀၁ ခုနှစ်တွင် ပြီးစီးခဲ့ကြောင်း၊ ရေလှောင်တမံ၏ ရေပြည့်ရေလှောင် ပမာဏမှာ ၂၅၂၀၀၀ ဧကပေဖြစ်ပြီး ဆည်ရေသောက်ဧရိယာ ၄၀၄၂၈ ဧကအား စိုက်ပျိုးရေပေးဝေရန် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဆည်ရေသောက်စနစ် တူးမြောင်းများသည် နှစ်စဉ်နွေစပါး၊ မိုးစပါးအတွက် တစ်နှစ်လုံးနီးပါး ရေပေးဝေနေရသည့်အပြင် နှစ်ကာလကြာမြင့်သည်နှင့်အမျှ ထိရောက်သော ပြင်ဆင်မှုမလုပ်နိုင်ခဲ့၍ တူးမြောင်းပေါင်များအတွင်း သဲနုန်းများပို့ချလာခြင်း၊ ရေမှော်နှင့်သစ်ပင်ငယ်များပေါက်လာခြင်း၊ တူးမြောင်းပေါင် နိမ့်ကျပျက်စီးလာခြင်း၊ တူးမြောင်းကွန်ကရစ်အဆောက်အအုံများနှင့် လိုင်နင်များပြန်လည်ပြုပြင်ရန် လိုအပ်လာခြင်းကြောင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)နှင့် နိုင်ငံတော်အစိုးရတို့ သဘောတူညီချက်အရ ဖွံ့ဖြိုးရေးချေးငွေဖြင့် ဝဲကြီးဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ဝဲကြီးဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများကို အတိုင်ပင်ခံ အင်ဂျင်နီယာများက အပတ်စဉ်မြေပြင် မျက်မြင်တိုင်းတာစစ်ဆေးခြင်း၊ အရည်အသွေးစစ်ဆေးခြင်းနှင့် ဒိုင်မင်းရှင်းအတိုင်းအတာများ မှန်ကန်မှုရှိစေရန် စစ်ဆေးခြင်းများကို စစ်ဆေးလျက်ရှိရာ ဇွန် ၇ ရက်တွင် အတိုင်ပင်ခံအင်ဂျင်နီယာများက လာရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

ယခုအခါ ဝဲကြီးတူးမြောင်းမကြီး၊ လက်ဝဲတူးမြောင်းများနှင့် လက်တံများတွင် တူးမြောင်းအဆောက်အအုံ အဆင့်မြှင့်တင်ခြင်း၊ အသစ်တည်ဆောက်ခြင်းနှင့် လိုင်နင်စီခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကာ လက်ယာတူးမြောင်းများနှင့် လက်တံမြောင်းများ ဆောင်ရွက်နေဆဲဖြစ်ပြီး တည်ဆောက်ရေးလုပ်ငန်းများ၏ ၉၂ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်မှစတင်၍ နွေနှမ်း ဧက ၁၀၀ စိုက်ပျိုးသည့် တောင်သူများအတွက် လက်ဝဲလက်တံ အမှတ်(၄)နှင့်အမှတ်(၆) တို့မှ ရေစတင်ပေးဝေခဲ့ကြောင်းနှင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍ လက်ဝဲတူးမြောင်းမကြီး လက်တံ(၁)မှ (၇)အထိဆည်ရေသောက်ဧရိယာအတွင်းရှိ နွေစပါး ဧက ၅၇၂၀ ကို ဆည်ရေပေးဝေလျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

**မြင့်နိုင်(ပြည်)**



# မယ်စဲ့မြို့နယ်၌ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အကြိုနှံ့ရုံကပ်စာစောင်၊ဓာတ်ပုံပြပွဲကျင်းပ



**မယ်စဲ့ ဇွန် ၁၇**
ကယားပြည်နယ် ဘော်လခဲခရိုင် မယ်စဲ့မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre၌ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြိုနှံ့ရုံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့်ဟောပြောပွဲကို ဇွန် ၁၇ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စောဝတ်ရည်က ဟောပြောပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်ကိုရှင်းလင်းတင်ပြပြီး မြို့နယ်ရဲတပ်ဖွဲ့ ဒုမြို့နယ်မှူးဒုရဲမှူးမြင့်ဌေးက မူးယစ်ဆေးဝါး၊ စိတ်ကြွရူးသွပ်ဆေးဝါးနှင့်ဆေးလိပ်၊ ဆေးရွက်၊ ကွမ်းယာ၊ အရက်သုံးစွဲမှုမရှိစေရေး၊ သုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာသော နောက်ဆက်တွဲဆိုးကျိုးများ အကြောင်းကို အသိပညာပေးဟောပြောခဲ့သည်။

အဆိုပါဟောပြောပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးကျော်မင်း၊ ဒုမြို့နယ်မှူးဒုရဲမှူးမြင့်ဌေး၊ အထက(မယ်စဲ့) ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြမော်၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ နိုင်ငံရေးပါတီများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# ဘက်စုံအဆင့်မြှင့်နည်းပညာသုံး စံပြကျေးရွာရှိ တောင်သူများအား သွင်းအားစုဓာတ်မြေဩဇာများ တာချီလိတ်၌ပေးအပ်

**တာချီလိတ် ဇွန် ၁၇**
ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဘက်စုံအဆင့်မြှင့်နည်းပညာသုံးစံပြကျေးရွာတွင် စိုက်ပျိုးမည့်တောင်သူများအား ဇွန် ၁၆ ရက် နံနက် ၉ နာရီက ဖန်မင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၌ တတိယအကြိမ်တွေ့ဆုံကာ သွင်းအားစု ဓာတ်မြေဩဇာများ ပေးအပ်သည်။

ပေးအပ်ပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းခင်ဇော်လတ်က တောင်သူများအား မျိုးစေ့များ အခမဲ့ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ သွင်းအားစုဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများကို စိုက်ပျိုးချိန်အမီ လာရောက်ပေးအပ်ခြင်းဖြစ်ပါကြောင်း၊ ဆက်လက်၍ သီးနှံများအထွက်နှုန်း တိုးတက်ရရှိစေရေးနှင့်ရေရှည်တည်တံ့သော စိုက်ပျိုးရေး နည်းစနစ်များပြန့်ပွားရေးအတွက် လုပ်ငန်းစဉ်အဆင့်ဆင့်အား ပညာပေးကွင်း ဝန်ထမ်းများက ကွင်းထဲအရောက် ကြီးကြပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးလှသိန်းနှင့် တောင်သူများကိုယ်စား ဦးနွဲ့စိန်တို့က စနစ်တကျ စိုက်ပျိုးနည်းစနစ်များ ရှင်းလင်းပညာပေးခြင်းများနှင့်အတူ မျိုးစပါးများ၊ သွင်းအားစုများ ထောက်ပံ့ပေးသည့်အတွက်ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်လာသည့် တောင်သူများအား မြန်မာ၊ ရှမ်း၊ လားဟူတိုင်းရင်းသား ဘာသာတို့ဖြင့် စီစဉ်ပြုစုထားသည့် စပါးစိုက်ပျိုးနည်းစနစ်၊ မျိုးကွဲပယ်နည်း၊ ပိုးသတ် ဆေးစနစ်တကျ သုံးစွဲနည်းနှင့် EMဘိုကာရှိ ပြုလုပ်သုံးစွဲနည်းများပါဝင်သည့် အသိပညာပေးလက်ကမ်းစာစောင်များကို အခမဲ့ ဖြန့်ဝေပေးခဲ့သည်။

**ဝေယံလင်း(ပြန်/ဆက်)**

# ပြည်သူတွေဟာ ရုပ်ရှင်နဲ့ ဝေးခဲ့ပေမယ့် ရုပ်ရှင်ကိုပြန်လည်ကြည့်ရှုလာကြပြီ

"နယ်တွေမှာ ၁၀ စုနှစ်လောက် ရုပ်ရှင်ကြည့်တဲ့ အလေ့အထ ပြတ်သွားခဲ့တယ်။ အဲဒီလိုအခြေအနေတွေကြောင့် ပါရာဒိုက်ဆိုက နယ်တွေကို ရုပ်ရှင်ရုံတွေစပြီး တည်ဆောက်တယ်။ တစ်ချိန်တုန်းက နယ်ကရုပ်ရှင်ကို အားပေးချင်တဲ့ ပရိသတ်တွေဟာ ရန်ကုန်နဲ့တန်းတူ ကြည့်ရတဲ့ ရုပ်ရှင်ဆိုတာ မရှိခဲ့ဘူး။ ဒီအချက်ကို အဓိကစဉ်းစားပြီး ဆောင်ရွက်ခဲ့ကြတာပါ။ ကျွန်တော်တို့ဆောက်ခဲ့တဲ့ ရုပ်ရှင်ရုံတွေကို မြို့ပေါ်လူဦးရေ တစ်သိန်းလောက်ရှိတဲ့ နယ်မြို့တွေမှာ တည်ဆောက်ခဲ့တာပါ။ အဲဒီလို ရုပ်ရှင်ရုံတွေ တည်ဆောက်ပြီး ပြသခဲ့တဲ့အခါကျတော့ မိသားစုအလိုက် ရုပ်ရှင်လာကြည့်ကြတာကို တွေ့ရတယ်။ လူငယ်တွေလည်း အပန်းဖြေတဲ့အနေနဲ့ ကြည့်လာကြတယ်။ အခုဆိုရင် ရုပ်ရှင်ရုံတွေ ဖွင့်လှစ်ခဲ့တာ တစ်နှစ်တာကာလအတွင်းကို ရောက်လာပြီ။ ပြည်သူတွေဟာ ရုပ်ရှင်နဲ့ဝေးခဲ့ပေမယ့် ရုပ်ရှင်ကိုပြန်လည်ကြည့်တတ်လာကြပြီ။ နောက် ရုပ်ရှင်ကို ရွေးပြီးကြည့်တဲ့ အလေ့အထပေါ်လာပြီ။ မြန်မာကားဟာသကားများကို အရင်တုန်းက ဦးစားပေးကြည့်ကြတယ်။ အခုက နှစ်ကားပြိုင်ပြတဲ့ စနစ်တွေပေါ် လာတော့ ဒရာမာကားတွေလည်း ကြည့်လာကြတယ်။ နယ်တွေမှာ ဘယ်လိုကားပဲဖြစ်ဖြစ် ကားကောင်းရင် ကြည့်တယ်ဆိုတဲ့ ရလဒ်တစ်ခုကို ရနေပြီ"ဟု ပါရာဒိုက်ဆိုမှ ဦးရဲနိုင်စိုးက ပြောသည်။

Gift Card ကို စတင် အသုံးပြုမှုနှင့်ပတ်သက်၍ ဦးကိုကိုဇေယျာဖြိုးက "ကတ်အမည်က Gift Card ပါ။ Gift Card မှာ Gold Class နဲ့ Silver Class ဆိုပြီး နှစ်မျိုးထားပါတယ်။ ရုပ်ရှင်ရုံတွေမှာရှိတဲ့ အလယ်အလတ်နှစ်တန်းပေါ့။ ၁၇၀၀ တန်းနဲ့ ၂၂၀၀ တန်း အဲဒီနှစ်တန်းအတွက်ကို ကတ်လေးနှစ်ကတ် လုပ်ထားတယ်။ ကတ်လုပ်တာနဲ့ ဆယ်ခုံဖိုးတစ်ခါတည်းပေးထားရမယ်။ အပိုတစ်ခုံရမယ်။ စုစုပေါင်း ၁၁ ခုံပေါ့။ နယ်တွေမှာ အင်တာနက်က အခက်အခဲရှိတော့ ဖုန်းဘိုကင်တို့ အက်ပလီကေးရှင်းတို့ ဝက်ဘ်ဆိုက်တို့သွားဖို့ ကျတော့ လိုသေးတယ်။ တန်းစီပြီး လက်မှတ်ဝယ်ရတဲ့နေရာမှာလည်း အခက် အခဲလေးတွေရှိတယ်။ ဒီကတ်လေးတွေထုတ်ရတဲ့ အဓိက ရည်ရွယ်ချက်ကတော့ ကတ်တွေဝယ်ထားတဲ့ လူတွေက တန်းစီစရာ မလိုဘူး။ တစ်နာရီကြိုဖုန်းဆက်ပြီး ထိုင်ခုံကို confirm လုပ်ရပါမယ်။ ထိုင်ခုံရှိတယ်လို့ ရုံကအကြောင်းပြန်ရင် သူ့အနေနဲ့ viber ကနေ ဒီကတ်လေးကို Screen Short ရိုက်ပြီးတော့ ပို့လိုက်ရင် လက်မှတ်ဖြတ်ပေးထားမယ်။ လက်မှတ်စစ်ကို သူ့ကတ်လေးပြလိုက်တာနဲ့ ဖြတ်ပြီးသားလက်မှတ်ကို ပေးလိုက်မှာဖြစ်တယ်။ ခါတိုင်းဆို လက်မှတ်ဝယ်ဖို့အတွက် ရုပ်ရှင်ရုံကို နှစ်ခါလာရတယ်။ အဲဒီလိုအားသာချက်လေးတွေရှိတယ်။ အားနည်းချက် အနေနဲ့ကတော့ ကတ်ပျောက်ရင် တာဝန်မယူပါ။ လက်လွှဲပြီးသုံးစွဲပိုင်ခွင့်ရှိတယ်။ ကတ်လက်ထဲမှာ ရှိတဲ့သူပဲ သုံးခွင့်ရှိတယ်။ ကတ်အတု မဖြစ်အောင်တော့ Register နံပါတ်နဲ့ code လုပ်ထားရတယ်။ ဒီနံပါတ်က ဘယ်လောက်စတယ်။ ဘယ်ရုံမှာသုံး လို့ရတယ်ဆို တာသိတယ်။ (ဥပမာ-မှော်ဘီမှာ ဝယ်ထားတဲ့ ကတ်က မုံရွာမှာ ကြည့်လို့ မရပါဘူး။) အင်တာနက်တွေ ကောင်းလာရင်တော့ နောက်ပိုင်းရုံအားလုံးမှာ ကြည့်လို့ရအောင် ကတ်တွေကို လုပ်မှာပါ။ ဒီနှစ်ပတ်ကိုတော့ မှော်ဘီမှာ ဇွန် ၁၁ ရက်စပြီ။ နှစ်ပတ်ပြီးတာနဲ့ ရုံ ၁၅ ရုံကို ခွဲသွားမှာဖြစ်ပါတယ်။ အခုက တစ်ရုံနဲ့တစ်ရုံ link လုပ်ဖို့ကအခက်အခဲတွေရှိနေပါတယ်။ နောက်ပိုင်း နည်းပညာတွေ မြင့်လာရင်တော့ E-ticket ဖြစ်သွားမှာပေါ့။ ကတ်မှာ QR Code ထည့်ရိုက်ထားမယ်။ အဲလိုဖြစ် သွားရင် ဖုန်းကနေ ဘိုကင်လုပ်ပြီးတာနဲ့ ရုပ်ရှင်ရုံရောက်တာနဲ့ QR Code ကို QR Code Redar ရှေ့မှာ ပြလိုက်တာနဲ့ လက်မှတ်က အလိုအလျောက်ထွက်လာမှာပါ"ဟု ရှင်းပြသည်။

**ပေါက်ကြီး**



# မိတ္ထီလာမြို့ရက်ကန်းနှင့်အသက်မွေးပညာ သင်တန်းကျောင်း၌ စက်ရက်ကန်းနှင့် လက်ရက်ကန်းရက်လုပ်ပြိုင်ပွဲကျင်းပ

**မိတ္ထီလာ ဇွန် ၁၇**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့် အသက်မွေးဝမ်းကျောင်း ပညာသင်တန်းကျောင်းများကို တောင်ကြီး၊ ဆောင်းဒါး၊ မြစ်ကြီးနား၊ မုံရွာ၊ ကျောက်မဲ၊ ပခုက္ကူ၊ မင်းတပ်၊ ဖလံနှင့် မိတ္ထီလာမြို့နယ်များတွင် ဖွင့်လှစ်၍ ဒေသအတွင်းရှိ ပညာရေးဆုံးခန်းတိုင်အောင် မသင်ကြားရသူများအတွက် အလုပ်အကိုင်များရရှိစေရန် ၊ မြန်မာ့ရိုးရာရက်ကန်းပညာများ မတိမ်ကော မပပျောက်ရေး၊ မြန်မာ့ရိုးရာ အထည်အလိပ်ထုတ်လုပ်မှု ရက်ကန်းပညာစနစ်တကျပြန့်ပွားစေရေးနှင့် ပုဂ္ဂလိကပိုင်စက်ရုံများ နိုင်ငံပိုင်စက်ရုံများတွင် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်၍ ချည်မျှင်နှင့် အထည်အလိပ်ကျွမ်းကျင်သူတစ်နှစ် သင်တန်း၊ လက်ရက်ကန်း ခြောက်လ သင်တန်း၊ စက်မောင်း/စက်ပြင်သင်တန်း၊ မော်တော်ဆိုင်ကယ်ပြင်သင်တန်း၊ ဆိုးဆေးလုပ်ငန်းများ၊ သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်သင်တန်း၊ ဆေးရေးပန်းချီသင်တန်း၊ စက်ချုပ် သင်တန်းများကို အခမဲ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ထို့သို့ သင်တန်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိရာမှ တောင်ကြီး၊ ဆောင်းဒါး၊ မြစ်ကြီးနား၊ မုံရွာ၊ ကျောက်မဲ၊ ပခုက္ကူ၊ မင်းတပ်၊ ဖလံနှင့် မိတ္ထီလာမြို့နယ်များတွင် ချည်မျှင်နှင့် အထည်အလိပ်ကျွမ်းကျင်သူ တစ်နှစ် သင်တန်းတက်ရောက်လျက်ရှိသည့် ကျောင်းသား ၃၁ ဦး၊ ကျောင်းသူ ၁၂၈ဦး စုစုပေါင်း ၁၅၉ ဦးတို့အား မိတ္ထီလာမြို့ တပ်မတော် ချည်မျှင်နှင့် အထည်စက်ရုံသို့ လွှန်းမဲ့စက်ရက်ကန်း ပညာရပ်ကို လက်တွေ့သိရှိနိုင်ရန်နှင့် စက်ရုံထုတ်လုပ်မှုအဆင့်ဆင့်လုပ်ငန်းခွင် အတွေ့အကြုံများရရှိစေရန် ဇွန် ၄ ရက်က သွားရောက်လေ့လာခဲ့ပြီး ဇွန် ၁၆ ရက်တွင် မိတ္ထီလာမြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၌ စက်ရက်ကန်း၊ လက်ရက်ကန်းနှင့် ဆိုးဆေးလုပ်ငန်းများကို ကျောင်းအလိုက် တစ်ကျောင်းနှစ်ဦးနှုန်းဖြင့် ယှဉ်ပြိုင်ရက်လုပ်ခဲ့ကြကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတက်ရောက် မြို့တွင်းလမ်းများ တိုးချဲ့ဆောင်ရွက်မှုစနစ်ကျစေရေး မှာကြား

**မြစ်ကြီးနား ဇွန် ၁၇**
၂၀၁၈ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို မြစ်ကြီးနားတက္ကသိုလ်ဝင်းအတွင်း၌ ဇွန် ၁၆ ရက် နံနက်ပိုင်းက ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ် ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာန ဆိုင်ရာများ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ သူနာပြု သင်တန်းကျောင်းနှင့် ပညာရေးကောလိပ်မှ သင်တန်းသား သင်တန်းသူများ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်း၍ ကျွန်း၊ ပျဉ်းကတိုး၊ ယင်းမာ၊ ကံ့ကော်၊ ရေတမာ၊ ယုဇန အစရှိသည့် ပျိုးပင်ပေါင်း ၁၇၀၀ ကို တပျော်တပါး စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်ကြီးနားမြို့ ယုဇန



ရပ်ကွက်ရှိ စိမ်းမြဲရော ပန်းခြံဘေး ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ လမ်းတိုးချဲ့နိုင်ရေး ကြည့်ရှုစစ်ဆေးပြီး ကြက်ပေါင်ခြံရပ်ကွက်၌ ဖြတ်သန်းသွားသော ပင်မရေနုတ်မြောင်းအား ရေစီးရေလာကောင်းမွန်ရေး နုန်းမြေဆယ်ယူနေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဈေးကြီးလမ်းနှင့် မဟာဗန္ဓုလလမ်းဆုံအနီး Box Culvert တည်ဆောက်မည့် အခြေအနေနှင့် ရေနုတ်မြောင်းအတွင်း ပိတ်ဆို့နေမှုကို ဆောင်ရွက်နိုင်ရန် ကြည့်ရှုစစ်ဆေးပြီး ခေမာသီရိ ရပ်ကွက်အတွင်း အနော်ရထာလမ်းမကြီးအား ဗွိဘဏ်ရှေ့မှ အမှတ် ၂ ရဲစခန်းအထိ လမ်းပိုင်းအား ကတ္တရာခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ရှိသူများနှင့် လမ်းများ တိုးချဲ့ဆောင်ရွက်ရာတွင် လုပ်ငန်းများစနစ်တကျရှိစေရေး ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ချောင်းရေနှင့်မျောပါသွားသော ရေနံ့သာဘေလီတံတား ပြန်လည်တည်ဆောက်လျက်ရှိ



**ကံမ ဇွန် ၁၇**
မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ချောင်းရေနှင့် မျောပါပျက်စီးသွားသော သရက်-ကံမကားလမ်းပေါ်ရှိ ရေနံ့သာကျေးရွာ၏မြောက်ဘက် မိုင်တိုင်အမှတ် (၂၀/၀) ရှိ မင်းတုန်းချောင်းကူး ရေနံ့သာဘေလီတံတားအား ဇွန် ၁၇ ရက်မှစတင်၍ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် တံတားတည်ဆောက်ရေးအဖွဲ့ ၃ ၊ တံတားအထူးအဖွဲ့ ၃ နှင့် တံတားအထူးအဖွဲ့ ၁၀ တို့မှ အင်ဂျင်နီယာများနှင့် ကျွမ်းကျင်ဝန်ထမ်းများက တာဝန်ယူဆောင်လုပ်လျက်ရှိပြီး တံတား၏အမြင့်ပေအား မူလအမြင့်ထက်မြှင့်တင်ဆောက်လုပ်သွားမည်ဖြစ်ကြောင်း၊ ဆက်သွယ်ရေးလမ်းများ ပြတ်တောက်နေသည့်အတွက် အမြန်ဆုံးပြန်လည်သွားလာနိုင်ရန် တည်ဆောက်ရေးလုပ်ငန်းအား အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေပါကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါတံတားသည် မကွေး-သရက်-ကံမ-ပြည်ကားလမ်းပေါ်တွင် အရေးပါသောတံတား တစ်စင်းဖြစ်ပြီး ၂၀၀၉ ခုနှစ် စက်တင်ဘာ ၂၆ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည့် သံကူကွန်ကရစ်တိုင်များပေါ်တွင် တည်ဆောက်ထားသော အလျားပေ ၇၂၀၊ အကျယ် ၁၅ ပေရှိသောဘေလီတံတား ဖြစ်သည်။

**ကျော်ဇေယျဝင်း (ပြန်/ဆက်)**

# မိုင်းဖြတ်မြို့၌လူငယ်နှင့် မူးယစ်ဆေးဝါး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

**မိုင်းဖြတ် ဇွန် ၁၇**
မိုင်းဖြတ်မြို့၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနတို့ ပူးပေါင်းကျင်းပသည့် "လူငယ်နှင့် မူးယစ်ဆေးဝါး" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း(Public Talk)ဆွေးနွေးပွဲကို ဇွန် ၁၅ ရက် နံနက် ၁၀ နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထို့နောက် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျောက်က ဒေသဖွံ့ဖြိုးဖို့ မူးယစ်ဆေးဝါးကို တိုက်ဖျက်စို့ဟူသည့် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က လူငယ်များ မူးယစ်ဆေးဝါးကင်းစင်ဖို့ ဘိန်းအစားထိုး သီးနှံစိုက်ပျိုးစို့စသည့် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်နိုင်က လူငယ်များနှင့် မူးယစ်ဆေးဝါးပြဿနာ စသည်ဖြင့်လည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးစိုးထက်အောင်က မူးယစ်ဆေးဝါးဆိုင်ရာဥပဒေနှင့် ပြစ်မှုပြစ်ဒဏ်များကိုလည်းကောင်း၊ စာပေပညာရှင် ဦးကျော်ဆွေဦး (ဝတီနွယ်)က လူငယ်ဘဝဖွံ့ဖြိုးဖို့ မူးယစ်ဆေးဝါးကို တိုက်ဖျက်စို့ဟူသည့် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးကျော်မျိုးနိုင်က လူငယ်ဘဝဖွံ့ဖြိုးရေး စာပေအသိပညာ မြှင့်တင်ပေးစသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ရာ တက်ရောက်လာသူများက သိရှိလိုသည့်အချက်များကို မေးမြန်းဆွေးနွေးခဲ့ရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ပြန်လည်ဆွေးနွေးဖြေကြားခဲ့သည်။

ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲအခမ်းအနားသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျောက်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားစာပေယဉ်ကျေးမှုကော်မတီဝင်များ၊ရပ်ကွက်၊ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ၊ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း၂၅၀ ခန့် တက်ရောက်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# စိုက်ပျိုးရေးသွင်းအားစု မျိုးစေ့နှင့် ဓာတ်မြေဩဇာ ထောက်ပံ့ပစ္စည်းများ မြစ်ကြီးနားတွင်ပေးအပ်

**မြစ်ကြီးနား ဇွန် ၁၇**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် တစ်မြို့နယ်တစ်ရွာနှုန်းဖြင့် ဘက်စုံအဆင့်မြင့် နည်းပညာသုံး စံပြကျေးရွာဆောင်ရွက်မှုအစီအစဉ်ဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် မိုးစပါးရာသီ ဘက်စုံအဆင့်မြင့် နည်းပညာသုံးစံပြကျေးရွာ စိုက်ပျိုးရေးသွင်းအားစု မျိုးစေ့နှင့် မြေဩဇာ ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၁၅ ရက် နံနက် ၁၀ နာရီက မြစ်ကြီးနားမြို့ ပမ္မတီးရပ်ကွက်အုပ်စု ရွှေအိုက်ရပ်ကွက်ရှိ ကွင်းအမှတ် ၇၁ ရှိ တောင်သူ ၁၃ ဦး၏ လယ်ယာမြေရှိ ယာယီမဏ္ဍပ်တွင် ကျင်းပသည်။

ကချင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမြင့်ဆွေက အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားကာ မြစ်ကြီးနားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးခင်မောင်အေးက ဘက်စုံစံပြကျေးရွာ တည်ဆောက်ရာတွင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၌ ပါဝင်သည့် မျိုးသန့်မျိုးစေ့ထုတ် ၁၀ ဧက၊ စပါးအစွမ်းရှိ စိုက်နည်းစနစ်(SRI) နှစ်ဧက၊ သိပ္ပံနည်းကျ စိုက်နည်းစနစ် ဧက ၂၀၊ စိုက်နည်းစနစ် လေးမျိုးစမ်းသပ်ကွက် နှစ်ဧကတို့ လုပ်ဆောင်နိုင်ရေးတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက ဒေသခံတောင်သူများသို့ စိုက်ပျိုးရေးသွင်းအားစု ဆင်းဧကရီစပါးမျိုးသန့် ၂၅ တင်းနှင့် မော်ဘီ နှစ်မျိုးစပါးငါးတင်း၊ အာမိုဓာတ်မြေဩဇာ ကွန်ပေါင်းအိတ် ၃၀ အား ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာတွင် ပါဝင်သည့် တောင်သူ ၁၃ ဦးအား လွှဲပြောင်းထောက်ပံ့ပေးကာ ဒေသခံတောင်သူများကိုယ်စား တောင်သူဦးချစ်ရွှေက ကျေးဇူးတင်စကားပြန်လည်ပြောကြား၍ အခမ်းအနားသို့ ပြည်နယ်ခရိုင် မြို့နယ်အဆင့် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မိတ်ဖက်အဖွဲ့အစည်းများမှ ဖိတ်ကြားထားသည့် တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများအင်အား ၅၀ ခန့် တက်ရောက်ကြောင်း သိရသည်။ **ဦးလေးကြီး**

# အများသုံးသန့်စင်ခန်းနှင့် ကျန်းမာရေးအခြေအနေ

ရွှေတိုင်လွင်

ကျွန်ုပ်တို့မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့်စာလျှင် လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံရေးစသည်တို့ကို အင်တိုက်အားတိုက် အရှိန်အဟုန်ဖြင့် ကြိုးပမ်းအားထုတ်လျက်ရှိနေသော်လည်း အဘက်ဘက်မှာ နောက်ကျ နောင့်နှေးလျက်ရှိပေသည်ဆိုလျှင် ငြင်းဆန်၍မရနိုင်သည်မှာ သေချာလှပါပေသည်။

စာရေးသူတို့နိုင်ငံ၌ အများသုံးသန့်စင်ခန်းများတွင် ဆီးသွားရန်ခွက်များကို လူနှင့်အနီးကပ်ဆုံး ထားသည်ကများသည်ကိုလည်း ရှုမြင်ကြရပါပေမည်။ သို့ပေသည့် မြန်မာနိုင်ငံတွင် အလွန်ကြီးမားသည့် နိုင်ငံတကာ အသုံးပြုသည့် နိုင်ငံခြားသားများအဝင်အထွက်များသော ဟိုတယ်ကြီးများတွင် အမျိုးသားများ သန့်စင်ခန်းများတွင် ဆီးသွားခွက်များအား နှစ်ပေ သုံးပေခန့်အကွာ၌ ထားရှိသည်ကို ရှုမြင်ရပါပေသည်။

ထိုကိစ္စများအား စာရေးသူ ကောင်းစွာသတိမမူခဲ့သော်လည်း တစ်နေ့တွင် စာရေးသူ၏မိတ်ဆွေ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးနှင့် ရွှေအိမ်သစ်စားသောက်ဆိုင်တွင်ဆုံပြီး စကားပြောဖြစ်ကြရာမှာ ကျွန်တော်၏မိတ်ဆွေက ရွှေအိမ်သစ်စားသောက်ဆိုင်ပိုင်ရှင်တို့ဆုံတွေ့ကြကာ စကားဝိုင်းပြုကြရာ နိုင်ငံတကာအတွေ့အကြုံများ၊ ကျန်းမာရေးကိစ္စများအကြောင်း ဆွေးနွေးဖြစ်ကြလေသည်။

အထူးသဖြင့် ရွှေအိမ်သစ်စားသောက်ဆိုင်နှင့် ကေတီဗွီဆိုင်ပိုင်ရှင်သည် စာရေးသူ၏ မီဒီယာ အသိုင်းအဝန်းမှဖြစ်သလို ပြည်ပနိုင်ငံအတွေ့အကြုံရှိသူဖြစ်သည်။

ဂျပန်နိုင်ငံတွင် နှစ်ပေါင်းကြာမြင့်စွာနေထိုင် စီးပွားရှာခဲ့သူဖြစ်သလို ဗဟုသုတအလွန်ကျယ်ပြန့်သော သူတစ်ဦးဟုဆိုရလျှင် မှန်ပါ၏။ ထို့အတူ ကျွန်ုပ်၏မိတ်ဆွေ စီးပွားရေးလုပ်ငန်းရှင်ကလည်း ခေသူမဟုတ်၊ စာအလွန်ဖတ်သူဖြစ်၍ စာရေးသူနှင့် အလွန်အဖွဲ့ကျသူများဖြစ်ပေရာ အကြောင်းအရာများစွာ ဆွေးနွေးပြောဆိုရာမှ အမျိုးသားများ၏ ကျန်းမာရေးသည် အများသုံးသန့်စင်ခန်းများအသုံးပြုလျှင် အလွန်သတိထားကြဖို့ကို ဆွေးနွေးအကြံပြုခဲ့ကြပါလေ၏။

အထက်၌ စာရေးသူတင်ပြခဲ့သလို နိုင်ငံတကာအတွေ့အကြုံရှိသူ ရွှေအိမ်သစ်စားသောက်ဆိုင်ပိုင်ရှင် ကိုခိုင်က အနောက်နိုင်ငံနှင့်အိမ်နီးချင်း တိုးတက်သောနိုင်ငံများတွင် အမျိုးသားသန့်စင်ခန်း ဆီးခွက်များကို လူနှင့်အနီးကပ်ဆုံးမထားဘဲ ခပ်ခွာခွာ သုံးပေခန့်တွင်သာ ထားရှိသည်ကို ပြောကြားရာမှ ယင်းသို့ ဘာလို့ထားရသလဲဟူ၍ မိတ်ဆွေစီးပွားရေးလုပ်ငန်းရှင်ကြီးက မေးမြန်းသည်တွင် တချို့အမျိုးသားတို့သည် အပျော်အပါးလိုက်စားကြသူတို့ အသုံးပြုသော ဆီးခွက်ကို အခြားလူကောင်းတစ်ယောက်က သုံးမိလျှင် ဆီးနှင့်ပတ်သက်သော ရောဂါပိုးအမျိုးမျိုးကို ရရှိစေနိုင်သည်။ (ဥပမာ-ဂနို၊ ဆစ်ဖလစ်ရောဂါကဲ့သို့သော ကူးစက်ပိုးများမှတစ်ဆင့်)ထိုရောဂါပိုးတို့သည် အပေါ်သို့ တစ်ပေခွဲမှ နှစ်ပေထိ ခုန်နိုင်သော သတ္တိရှိသောကြောင့် အများသုံးသန့်စင်ခန်းမှ အထူးသဖြင့် အမျိုးသားများအား ဆီးရောဂါနှင့် ပတ်သက်သော ရောဂါတစ်မျိုးမျိုး လွယ်လင့်တကူကူးစက်နိုင်ပေသည်ဟု ဆွေးနွေးရာ၊ စာရေးသူတို့က မှန်ကန်ကြောင်း ဒီရောဂါ တွေကို အလွယ်တကူ မကူးစက်ဖို့ရာ အများသုံးသန့်စင်ခန်းတို့တွင် လူနှင့် နှစ်ပေ၊ သုံးပေကွာတွင် ဆီးခွက်များတပ်ဆင်သင့်သည်ဟု သုံးသပ်အကြံပြုကြလေသည်။

အချို့အမျိုးသားများသည် မိမိဘာရောဂါမှ မရှိသည်ကိုသိသော်လည်း အများသုံးသန့်စင်ခန်းများကို အမှတ်တမဲ့သုံးမိရာမှ ရောဂါရသည့်အခါ မိမိကိုယ်မိမိ စိတ်မကောင်းဖြစ်မိကြလေ၏။ အကြောင်းရင်း ဇာစ်မြစ်ကို သေချာဂဏစွာ မသုံးသပ်နိုင်ဘဲ စိတ်ထိခိုက်ခံစားရသောသူများလည်း ရှိခဲ့ဖူးပါပေ၏။

ထိုကဲ့သို့ရှိသော ဆီးခွက်အတွင်း၌ အလုံး(ပရုတ်လုံး)တို့ထည့်ထားခြင်းသည်ကလည်း အနံ့အသက်ကို မဆိုးရွားအောင်ကာကွယ်ပေးသလို လူ၏စိတ်အာရုံအား ထိုအလုံး(ပရုတ်လုံး)ကဖမ်းစားထားခြင်းကြောင့် ထိုအလုံးကလေးများကို ထိအောင် ကျင်ငယ်စွန့်သည့်အခါ ဘေးသို့မစင် တော့ဘဲ ခွက်အလယ်သို့သာ ဆွဲဆောင်ထားသကဲ့သို့ သန့်ရှင်းသောသန့်စင်ခန်းတစ်ခု ဖြစ်ပေမည်ဟု သိရှိရသည်။ မှန်ပါ၏။ တချို့ သန့်စင်ခန်းများတွင် ဤကဲ့သို့ ဆီးခံခွက်မပြုလုပ်ခြင်းကြောင့် ပြန့်ကျဲစွာ ညစ်ပတ်နံစော်သော အခြေအနေများကို တွေ့ရသည်။

သို့ပါ၍ အိမ်နီးချင်း အလွန်တိုးတက်သောနိုင်ငံများဖြစ်သည့် အာရှဒေသတွင်းမှ ထိုင်း၊ စင်ကာပူ၊ ဂျပန်၊ ဩစတြေးလျ၊ ကိုရီးယား စသည့်နိုင်ငံများတွင် အများသုံးသန့်စင်ခန်းတို့အား ဤကဲ့သို့ စီစဉ်ထားသည်ကို လေ့လာတွေ့ရှိရပေသည်။ ကျွန်ုပ်တို့မြန်မာနိုင်ငံသည်လည်း ကျင်ငယ်စွန့်သော သန့်စင်ခန်းများကို အထက်ပါအတိုင်းကျင့်သုံးခြင်းဖြင့် လွယ်လင့်တကူရရှိနိုင်သော အမျိုးသား ရောဂါများကင်းဝေးပြီး ပျော်ရွှင်ကျန်းမာသော အမိမြန်မာနိုင်ငံ၏ အမျိုးသားရေးကဏ္ဍကို ဦးတည်လျှောက်လှမ်းသောအားဖြင့် ကျန်းမာသန့်စွမ်းသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးဖြစ်ရေးအတွက် အများသုံးသန့်စင်ခန်းတို့သည် ကျန်းမာရေးနှင့်ညီညွတ်သော သန့်စင်ခန်းများကို စီစဉ်ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆန္ဒလောင်း၍ ရေးသားတင်ပြလိုက်ရပါတော့သတည်း။ ။

# လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ထိခိုက်ခံစားခဲ့ရသည့် အိမ်ထောင်စုများအား ပြည်နယ်အစိုးရအဖွဲ့ ကူညီထောက်ပံ့

**ဘားအံ ဇွန် ၁၇**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ပိုင်ကျုံမြို့ ဒေါ်လန်းကျေးရွာအုပ်စုရှိ ထန်းကျွန်းကျေးရွာ၊ ရွာကြီးကျေးရွာနှင့် ကော့မရိုင်းကျေးရွာအုပ်စုရှိ ကျိုက်ပေါင်ကျေးရွာတို့တွင် ဇွန် ၁၅ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်က လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် တန်းကျွန်းကျေးရွာတွင် လူနေအိမ် ၁၈ လုံး၊ ရွာကြီးကျေးရွာတွင် လူနေအိမ် ၃၀ လုံးနှင့် ကျိုက်ပေါင်ကျေးရွာတွင် လူနေအိမ် တစ်လုံး စုစုပေါင်း လူနေအိမ် ၄၉ လုံး တစ်စိတ်တစ်ပိုင်း ပျက်စီးဆုံးရှုံးခဲ့ပြီး အိမ်ထောင်စု ၄၉ စု လူဦးရေ ၂၃၀ ဘေးဒုက္ခခံစားခဲ့ရသည်။

ထိုသို့ ဘေးဒုက္ခခံစားခဲ့ရသူများအား ကရင်ပြည်နယ် မွန်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးမင်းတင်ဝင်း၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွန်းလှိုင်ထွေး၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန ပြည်နယ်ဦးစီးမှူးဦးလင်းထွန်းနှင့် တာဝန်ရှိသူများသည် ဇွန် ၁၆ ရက် မွန်းလွဲ ၁ နာရီက ဒေါ်လန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဘေးဒုက္ခခံစားခဲ့ရသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး အားပေးစကားများ ပြောကြားကာ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ဘားအံ)**

# မူလတန်းဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပ

**ဟသ်ာတ ဇွန် ၁၇**

ဟသ်ာတခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ဟသ်ာတမြို့နယ်ပန်းချီ ပန်းပုအသင်းတို့ပူးပေါင်းကျင်းပသည့် အခြေခံပညာမူလတန်းဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲကို ဇွန် ၁၆ ရက်က နံနက် ၉ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကလေးစာဖတ်ခန်း၌ ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲမကျင်းပမီ ပန်းချီ ပန်းပုအသင်းဥက္ကဋ္ဌ ဦးသန်းထွန်းက နည်းစနစ်မှန်ကန်စွာ ဆေးရောင်ခြယ်တတ်စေရန် သင်ကြားပြသပေးပြီး ပြိုင်ပွဲကိုစတင်ကျင်းပခဲ့သည်။

အဆိုပြိုင်ပွဲသို့ မူလတန်းဆင့် ကျောင်းသား ကျောင်းသူ ၁၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆုရရှိသူများနှင့် ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများအား ဟသ်ာတခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိဒေါ်ခင်သူဇာနှင့် တာဝန်ရှိသူများက ဂုဏ်ပြုလက်ဆောင်များချီးမြှင့်ပေးအပ်ခဲ့သည်။ **ကျော်ကျော်(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီး(အရှေ့)တွင်ပထမဆုံးအကြိမ် OSS စနစ်ဖြင့် အိမ်သုံးမီတာများ တပ်ဆင်ပေး

**ပဲခူး ဇွန် ၁၇**

ပဲခူးတိုင်းဒေသကြီး(အရှေ့)တွင် အိမ်သုံးမီတာများအား ကျေးရွာအရောက် One Stop Service(OSS)စနစ်ဖြင့် နေ့ချင်းပြီး တပ်ဆင်ပေးခြင်း လုပ်ငန်းကို ဇွန် ၁၆ ရက် နံနက် ၉ နာရီက စတင်ပြီး ဝေါမြို့နယ် တမံကြီးကျေးရွာ၌ ပြုလုပ်ပေးခဲ့သည်။

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် တမံကြီးကျေးရွာတွင် အိမ်ထောင်စု ၁၀၀ ကျော်ရှိသည့်အနက် အိမ်သုံးမီတာလျှောက်ထားသည့် အိမ်ထောင်စု ၈၆ စုအတွက် မီတာ ၈၆ လုံးအား ဝေါမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်ကမ္ဘာထွန်း ဦးဆောင်မှုဖြင့် ဝန်ထမ်းများစုပေါင်းကာ ပထမဦးဆုံး နေ့ချင်းပြီး တပ်ဆင်ပေးခြင်းဖြစ်သည်။

နိုင်ငံတော်၏ အလင်းရောင်စီမံချက်တစ်ခုအဖြစ် မြို့နှင့်အလှမ်းဝေးသော ကျေးရွာအချို့အား အိမ်သုံးမီတာ နေ့ချင်းပြီးတပ်ဆင်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး(အရှေ့)ရှိ မြို့နယ် ၁၄ မြို့နယ်မှကျေးရွာပေါင်း ၂၀ အား အကောင်အထည်ဖော် ဆောင်ရွက်ပေးမည် ဖြစ်သည်။

**တင်စိုး(ပဲခူး)**

# မူးယစ်ဆေးဝါးနှင့် သက်ငယ်မုဒိမ်း ပြည်သူ့စကားဝိုင်း လှိုင်မြို့နယ် MICT Park ၌ကျင်းပ

**ရန်ကုန် ဇွန် ၁၇**



မူးယစ်ဆေးဝါးနှင့် သက်ငယ်မုဒိမ်း၊ ပြည်သူ့စကားဝိုင်း (Public Talk) ကို ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဇွန် ၁၆ ရက် နံနက် ၉ နာရီက လှိုင်မြို့နယ်ရှိ MICT Park ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မူးယစ်ဆေးဝါးနှင့် သက်ငယ်မုဒိမ်း ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း (Public Talk) ကို ကျင်းပရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦးက မူးယစ်ဆေးဝါးဖြစ်ပေါ်လာပုံ အဆင့်ဆင့်၊ ဥပဒေနှင့် နည်းဥပဒေ၊ အရေးယူမှုတွင် ပြင်ဆင်ရမည့်ဥပဒေများအား အမြန်ဆုံး ပြင်ဆင်အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ စာရေးဆရာမ ဂျူးက လူငယ်အမျိုးသမီးများ စာများများဖတ်ရန် လိုအပ်ကြောင်း၊ ထို့အပြင် လူထုအသိပေး မီဒီယာများမှတစ်ဆင့် သတင်းများ ထုတ်ပြန်ပေးသင့်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မူးယစ်အထူးတပ်ဖွဲ့မှ ဒုတိယရဲမှူး တေဇာလွင်က မူးယစ်ဆေးဝါး၏ ဆိုးကျိုးများ မူးယစ်ဆေးဝါးကြောင့် ဖမ်းဆီးမှု၊ တားဆီးမှု၊ ဖျက်ဆီးမှု၊ မူးယစ်ဆေးဝါးအမျိုးအစား အမျိုးမျိုးနှင့် မူးယစ်သားကောင်များမဖြစ်ရအောင် ပညာပေးစည်းရုံးမှုများကို လည်းကောင်း၊ ရုပ်ရှင်သရုပ်ဆောင် ခိုင်နှင်းဝေက လူငယ်များ လူမှုရေးမီဒီယာများအား အထူးသတိထားကြရန်နှင့် သက်ငယ်မုဒိမ်းဖြစ်ရခြင်းအကြောင်းအရင်းများနှင့် ရှောင်ရှားရမည့် နည်းလမ်းများအကြောင်းကို လည်းကောင်း၊ စာရေးဆရာ ဒါရိုက်တာမင်းတော်ဝင်က လူငယ်များ မူးယစ်ဆေးဝါး သုံးစွဲသူများ၏ ဖြစ်ပေါ်နေသော ရောဂါအမျိုးမျိုးတို့ကို လူငယ်များသိရှိရှောင်ရှားနိုင်စေမည့် ရုပ်ရှင်၊ ဗွီဒီယိုအခွေများ အကြောင်းကိုလည်းကောင်း၊ အကယ်ဒမီ ဆွေဇင်ထိုက်က မူးယစ်ဆေးဝါးအန္တရာယ် လူငယ်များသတိပြုရှောင်ရှားနိုင်စေရန် နည်းလမ်းများ၊ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ကုသနေရသော ရောဂါဝေဒနာရှင်များ၏ အခြေအနေ၊ နိုင်ငံတကာအခြေအနေ၊ သက်ငယ်မုဒိမ်းမဖြစ်ပွားစေရန် ကြိုတင်ပြင်ဆင်ရှောင်ရှားရမည့် နည်းလမ်းများ ဖြစ်ပွားခံရသောသူများ ပြန်လည်ကုသ၊ ဆက်လက်ရှင်သန်နိုင်မည့် နည်းလမ်းများကို လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် အခမ်းအနားတက်ရောက်လာသူများ၏ သိရှိလိုမှုများကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူ ၅၀၀ နှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်မြင့် (ပြန်/ဆက်)**



# လမ်းပျက်စီးနေမှုပြုပြင်ပေးစေလို

**ရန်ကုန် ဇွန် ၁၇**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် မလွကုန်းမီးရထားရပ်ကွက် အဝင်အထွက်လမ်းသည် လွန်စွာပျက်စီးနေသည်ကို ဇွန် ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် တွေ့မြင်ရသည်။

ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများ သွားလာရေး လွန်စွာအခက် အခဲရှိနေသဖြင့် လမ်းအား ပြုပြင်ပေးစေလိုကြောင်း ပြည်သူများ၏ ပြောဆိုနေကြသည်။

**၁၁၈**

GRAND STYLE
TILES EXPO'18
ALL TILES SALE 20% & OTHER ITEMS STOREWIDE
ကြမ်းခင်းနှင့် နံရံကပ်အားလုံး ၂၀% လျှော့ဈေးအပြင် အခြားအမ်ိုးအလှဆင် ပစ္စည်းများကို လျှော့ဈေးဖြင့်ရောင်းချနေပြီ
Jun 06 - Aug 08, 2018
SUPERRRR SALE




New Arrival
Ks 300 200x200MM
Ks 550 300x300MM
Ks 1,100 300x600mm




Ks 2,600 600x600MM
Ks 2,350 8x198x1215MM

YOUR BEST FLOORING SOLUTION
where High Quality Imported Products meet Best Price
လူကြီးမင်းတို့ရဲ့ အိမ်ကြမ်းခင်းတွေအတွက် အကောင်းဆုံး အဖြေကတော့
အရေအသွေးမြင့်မားတဲ့ တင်သွင်းပစ္စည်းတွေကို ဈေးနှုန်းအသက်သာဆုံးရတဲ့နေရာပဲဖြစ်ပါတယ်



LVT Click Type | Homogeneous Vinyl flooring | Outdoor Floor Tiles

Thiri Yadanar Wholesale Market Compound
Building Zone G3, Unit G46-G52, Thudhamma Road, North Okkalapa Township, Yangon, 11031
Building Zone G3, Unit G46-G52, သီရိရတနာ လက်ကားဈေးဝင်း၊ သုဓမ္မာလမ်း၊
အောင်မင်္ဂလာအဝေးပြေးကားဝင်းအနီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့, 11031
www.grandstylemm.com Tel. +95-9785088488,+95-95088488 GrandStyleMM

အသက်ကြီးလာသည်နှင့်အမျှ
လူတိုင်းနီးပါး မလွဲမသွေကြုံတွေ့ရမည့်
ကျန်းမာရေးပြဿနာတစ်ခုဖြစ်တာကြောင့်
စောလျင်စွာသိရှိပြီး
ကြိုတင်ကာကွယ်နိုင်ရန်အတွက်...

အရိုးပါး၊ အရိုးပွရောဂါ
(တတိယအကြိမ်)
ဒေါက်တာခင်မောင်လွင် (FAME)




Ks 5,000

Ph: 09-965 559 860, 01-368 2199, 368 5083, 368 5609

မန္တလာသား
အိမ်ပြောင်း/အိမ်ရွှေ့
ဝန်ဆောင်မှုလုပ်ငန်း
ရန်ကုန်မြို့တွင်း/နယ်ဝေး
အကောင်းဆုံး
ဝန်ဆောင်မှုပေးပါသည်။
Ph: 09-770639155
09-770639166

ဆရာချို (ရူပဗေဒ)
၈-၉-၁၀ တန်း
ဆ၁၈-၁ မြတ်သူဇာကို ၂၀၁၈-ဘာသာစုံဂုဏ်ထူးရှင်
မြန်မာ(၇၈)၊အင်္ဂလိပ်(၇၈)၊သင်္ချာ(၉၆)၊ဓာတု(၉၉)၊ရူပ(၉၂)၊ဇီဝ(၉၉) စုစုပေါင်း(၅၄၂)မှတ်
ဆစခ-၂၂၃ ခင်ညီညီသန့် ၂၀၁၈-လေးဘာသာဂုဏ်ထူးရှင်
မြန်မာ(၇၃)၊အင်္ဂလိပ်(၇၃)၊သင်္ချာ(၉၀)၊ဓာတု(၉၇)၊ရူပ(၉၅)၊ဇီဝ(၉၇) စုစုပေါင်း(၅၂၅)မှတ်
အထူးဘာသာစုံစာသင်ဝိုင်း (ဖွင့်တန်းခွဲခဲ့ပြီ။)
(၂၆)၊ ဦးဝိစာရလမ်း၊ ပုဇွန်တောင်။(ရွှေဘုန်းပွင့်ဘုရားအနီး) ဖုန်း-၀၉ ၂၆၄ ၂၀၀ ၁၀၂

"နွေးထွေးသော ဝန်ဆောင်မှုနှင့်အတူ"
ဖိုးသားရှု ကုမ္ပဏီလီမိတက် အိမ်၊ခြံ၊မြေ
ကွန်ဒို/တိုက်ခန်း (အရောင်းသီးသန့်)

| | | | |
|---|---|---|---|
| 1.Golden City Condo၊ရက | (1650Sqft) | M1,S2,AC4,F.F,လမ်းမတန်းဈေး | 3850L |
| 2.Grandမြေနုကွန်ဒို၊စခ | (2400Sqft) | M3,S1,AC6,လမ်းမတန်းဈေး | 3800L |
| 3.မင်းဓမ္မကွန်ဒို၊ကမရ | (2400Sqft) | M1,S3,ပြင်ပြီး,ဈေးကောင်း | 3600L |
| 4.ဗဟန်းကွန်ဒိုသစ်၊ဗဟ | (2200Sqft) | M2,S2,AC5,ရေကူးကန်ပါ,တိုက်သစ် | 3000L |
| 5.Hill Top Vista၊အလုံ | (1070Sqft) | M1,S1,ရေကူးကန်ပါ,ပြင်ပြီး | 2700L |
| 6.Junction-8အနီး၊မရက | (1650Sqft) | M1,S2,AC5,F.F,ကားပါကင်ပါ | 2600L |
| 7.ရွှေမိုးကောင်းကွန်ဒို၊ရက | (1690Sqft) | M1,S,ရေကူးကန်ပါ,တိုက်သစ် | 2000L |
| 8.စံပယ်ဖြူကွန်ဒို၊သဃက | (1503Sqft) | M1,S2,AC4,ပြင်ပြီး,ကားပါကင်ပါ | 1800L |
| 9.ပြည်လမ်းမကွန်ဒို၊ကမရ | (1100Sqft) | M1,S1,F.F,ဈေးကောင်း,ပြင်ပြီး | 1500L |

☎- 09799991090, 09799991092, 09799991095

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မိုးကောင်းလမ်းနှင့်အောင်ဇေယျလမ်းထောင့်ရှိ တိုက်အမှတ်(ဈေ-၃)၊ အခန်းအမှတ်(ဈေ-၇၀၃)၊ (၁၂)ထပ်တိုက်၏(၇လွှာ)၊ အကျယ်အဝန်း(၁၆၉၀)စတုရန်းပေရှိ ရွှေမိုးကောင်းကွန်ဒိုတိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား (၁)ဦးအောင်မိုးလွင်(၁၂/ရကန(နိုင်)၀၀၀၄၄၃) (၂)ဒေါ်ခင်သူဇာဝင်း(၁၄/ပသန(နိုင်)၀၀၁၄၃၅)တို့မှ တရားဝင်ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေက ရောင်းချသည့်တန်ဖိုးငွေအနက်မှ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တရားဝင်ခိုင်လုံခိုင်မာသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| အထက်တန်းရှေ့နေများ | | တရားလွှတ်တော်ရှေ့နေများ | |
|---|---|---|---|
| ဒေါ်ဇင်မီမီစိုး | ဒေါ်စုမြတ်မောင် | ဒေါ်မိုးမိုးအေး | ဒေါ်တင်ဇာနည်နေဝင်း |
| (LL.B,D.M.L)(စဉ် ၄၀၄၀၀) | (LL.B)(စဉ် ၄၄၅၉၃) | (LL.B,D.B.L,D.M.L,D.I.L) WIPO,DL-101Switzerland(စဉ် ၈၅၅၈) | (LL.B,D.I.L)(စဉ် ၉၅၃၃) DL-101(WIPO)Geneva |

အမှတ်(၄၇-က)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
☎- 09799991090, 09799991092, 09799991095
Email : rabbitfamilyrealestate@gmail.com
Website : www.rabbitfamily.com

စော်ဘွားလေးမိုလ်မိုလ်မောင်ကုမ္ပဏီလီမိတက်မှ
အဆင့်မြင့် စတီးဘလိတ်စားသွားဆူးကြိုးများကိုဈေးနှုန်းချိုသာစွာဖြင့် ရောင်းချတပ်ဆင်ပေးနေပါသည်။
အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်းမ၊
(နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ဗဟန်းမြို့နယ်။
Ph: 01-545531, 09-73058161, 09-795008161
HOTLINE : 09-5008161

BOSS အဆင့်မြင့် ပါကေးအရောင်းခန်းမ
အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများနှင့် 100% ရေစိုခံ
ဗီနိုင်းကြမ်းခင်းပြားများကို ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်။
အရောင်းခန်းမ(၁-)အမှတ်(၂၈၁)၊ အလယ်ရွှေဂုံတိုင်လမ်းမကြီး၊ ရွှေဂုံတိုင်ဟိုတယ်ဘေး၊ ဗဟန်းမြို့နယ်။
Ph: 01-8603151, 01-8603389, 09-8626261, 09-5426261, 09-73152381
အရောင်းခန်းမ(၂) - တိုက်(အေ-၂)၊ အခန်း(၀၀၄)၊ ယုဇနပလာဇာဘေး၊ အောင်မင်္ဂလာမှတ်တိုင်အနီး၊ ပညာဒလလမ်း။
Ph: 09-5425251, 09-73225484
အရောင်းခန်းမ(၃) - အမှတ်(၂၄၈)၊ အရှေ့ပြင်ဖြိုင်ကွင်းလမ်းမကြီး၊ မြန်မာ့ရေနံဆောင်ဘဏ်ဘေး၊ တာမွေမြို့နယ်။
Ph: 09-5076661, 09-5076662, 09-5076663

## ဦးထူးညွန့်
## အသက်(၈၄)နှစ်
**(ထားဝယ်-ကံဘောက်)**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နေ (ဦးထွန်းမင်း-ဒေါ်ဖွားသင်)တို့၏ သား၊ (ဒေါ်သန်းမြင့်)၏ ခင်ပွန်း၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စက်ရုံလမ်း၊ စည်ပင်အားကစားဝင်း၊ မအူကုန်းအိမ်ရာ၊ တိုက်အမှတ်(A4)၊ အခန်း(၂၀၂)နေ ဒေါ်သင်းသင်းဦး၊ ဦးကျော်ဇေယျ-ဒေါ်သင်းသင်းနု၊ ဦးအောင်ဝင်း-ဒေါ်သင်းသင်းညွန့်၊ ဒေါက်တာသင်းသင်းဌေး၊ ဦးသက်ဦး၊ မသင်းသင်းယု(ခ)မဝိသိဋ္ဌာဏီတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၁၇-၆-၂၀၁၈(တနင်္ဂနွေနေ့) နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၆-၂၀၁၈(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၆-၂၀၁၈ (စနေနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမောင်မောင်ကြည်(တသ-၅၀)
## အသက်(၇၃)နှစ်
**အောင်ဆန်း(၁၀)၊ ထွေ/အုပ်**

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၁)ရပ်ကွက်၊ လေးကျွန်းကြာခိုင်လမ်း၊ ခြံအမှတ်(၄၁၅)နေ ဒေါ်စမ်းသိန်း၏ ချစ်လှစွာသောခင်ပွန်း ဦးမောင်မောင်ကြည်သည် ၁၂-၆-၂၀၁၈ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အောင်ဆန်း(၁၀)မိသားစု၊ ဗဟိုဝန်ထမ်းတက္ကသိုလ်၊ ဖောင်ကြီး**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်သန်း (၇၁)နှစ်

ဗိုလ်ကြီးမိုးခိုင်ထွန်း(ငြိမ်း)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ တွံတေးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၏မိခင်ဖြစ်သူ ဒေါ်ခင်သန်း အသက်(၇၁)နှစ်သည် ၁၆-၆-၂၀၁၈(စနေနေ့) ည ၁၀း၃၀နာရီတွင် မိတ္ထီလာမြို့ ဇော်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၁၇)ကျောင်းဆင်းသူငယ်ချင်းများနှင့်**
**မိသားစုဝင်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးထိန်လင်း
## အသက်(၅၄)နှစ်
**တပ်တွင်းဒုရဲအုပ်လောင်းသင်တန်း အပတ်စဉ်(၁၅/၉၁)**
**ဒါရိုက်တာ(ထွန်းသက်ပိုင်ကုမ္ပဏီလီမိတက်)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဝရဇာ(၇)လမ်း၊ အမှတ်(၇၄၄-1B)နေ ဒေါ်တင်မမထွန်း၏ခင်ပွန်း ဦးထိန်လင်းသည် ၁၆-၆-၂၀၁၈ (စနေနေ့) ည ၁၁း၃၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**တပ်တွင်းဒုရဲအုပ်လောင်းသင်တန်း အပတ်စဉ်(၁၅/၉၁)**
**သူငယ်ချင်းများ**

## ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီတွင် ငါးဖမ်းခြင်းမပြုရန် နှိုးဆော်ချက်

**"ငါးရစ် ငါးသန် ဘေးမဲ့ချန်၊ ပုံမှန်စားသုံး မျိုးမသုဉ်း"**
**"ငါးရစ်တစ်ကောင် သုံးလရှောင်၊ ထောင်သောင်းတိုးပွား ရေရှည်စား"**

- မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်ချောင်းအင်းအိုင် အနှံ့အပြား၌ ဥများဖြင့်ပြည့်နေသော ငါးမကြီးများနှင့် မျိုးရည်ပြည့်ဝနေသော ငါးထီးကြီးများသည် ဥချရန်နေရာရှာ၍ ငါးရစ်တက်ကြပါသည်။
- ထိုငါးရစ်ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ပွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်များသည် သေကျေပျက်စီးကာ ရေရှည်စဉ်ဆက်မပြတ် ငါးထုတ်လုပ်နိုင်ရေးနှင့် တစ်နိုင်ငံလုံး ငါးရိက္ခာဖူလုံစွာစားသုံးနိုင်ရေးကို အထောက်အကူ မပြုတော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်ပါသည်။
- စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ်၂/၉၂ ဖြင့် ငါးရစ်ငါးသန်ရာသီချိန်များတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး ငါးများဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ ရေချိုငါးလုပ်ငန်းဥပဒေအရ ဖမ်းဆီးတရားစွဲဆိုအပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။
- သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီအချိန်များတွင် ငါးရစ်ငါးများ လွတ်လပ်စွာ ဥချသားပေါက်နိုင်ရေးနှင့် နုနယ်လှသည့်ငါးသားပေါက်များ ဆက်လက်ရှင်သန်ကြီးထွားနိုင်ရေးအတွက် ငါးရစ်ငါးများနှင့် ငါးသားပေါက်များကို ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ကျင်စော
## အသက်(၈၆)နှစ်

ပြည်မြို့၊ ကျောင်းကြီးရပ်၊ စစ်ကဲလမ်း၊ အမှတ်(၆၀၆)နေ (ဦးသိန်းမောင်-ဒေါ်ကျင်မွှေး)တို့၏ သမီး၊ ဦးဝင်းကြူ၊ ဒေါ်ပြုံးပြုံး(ရွှေနှင်းဆီအထည်ဆိုင်)၊ ဦးဝင်းမောင်၊ ဒေါ်သီတာဝင်း(အရုဏ်သစ်စာပေ)၊ ဦးကျော်ဟန်၊ ဒေါ်သင်းသင်းကြူ(ရွှေစင်စားသောက်ကုန်)တို့၏ ချစ်လှစွာသောအဒေါ်၊ မြေး ၁၀ယောက်တို့၏ဘွားလေး ဒေါ်ကျင်စောသည် ၁၆-၆-၂၀၁၈ (စနေနေ့) ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ပြည်မြို့၊ အေးငြိမ်းရာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး**
## ဒေါ်ခင်သန်း
## အသက်(၇၁)နှစ်

မိတ္ထီလာမြို့၊ မြာကျေးရွာနေ (ဦးသောင်းဟန်-ဒေါ်အေးကြည်)တို့၏ သမီး၊ ညောင်ဦးမြို့နေ ဦးအုန်းရွှေ-ဒေါ်အေးအေးမြင့်တို့၏ညီမ၊ မိတ္ထီလာမြို့နေ ဦးစိုးအောင်-ဒေါ်ငွေနွဲ့၊ ဦးစိုးမောင်-ဒေါ်ခင်စိုး၊ (ဦးဖိုးနီ-ဒေါ်အေးအေး)၊ ဦးသန်းထွန်း-(ဒေါ်တင်တင်ခိုင်)တို့၏အစ်မ၊ ဦးမိုးကျော်ကျော်၊ ဗိုလ်ကြီးမိုးခိုင်ထွန်း(ငြိမ်း) တေဇ-၁၇၊ (တွံတေးမြို့နယ်အုပ်ချုပ်ရေးမှူး)-ဒေါ်မိုးသီတာထွန်း၊ (ဦးတင်အောင်မိုး)၊ ဦးတင်အောင်ကျော်-ဒေါ်ချိုချိုမြင့်၊ ဒေါ်တင်မိုးခိုင်တို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၁၆-၆-၂၀၁၈ (စနေနေ့) ည ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် မိတ္ထီလာမြို့၊ ပြည်သာယာ (၂)လမ်းနေအိမ်မှ မိတ္ထီလာမြို့နယ် မြာကျေးရွာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ မိတ္ထီလာမြို့ ပြည်သာယာ(၂)လမ်း (ဦးလှဘော်-ဒေါ်ခင်သန်း)တို့၏သမီး ဒေါ်တင်မိုးခိုင်၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမျိုးမြင့်ဆွေ
## အသက်(၅၃)နှစ်
**ရုပ်ရှင်ဒါရိုက်တာ**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ မြို့ဟောင်းအမှတ်(၆)၊ စပယ်လမ်းနေ ဦးအုန်းကြည်-ဒေါ်နီနီတို့၏သား၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ အမှတ်(၁၀)၊ ဘုရင့်နောင်လမ်းနေ ဦးမောင်လှ-ဒေါ်စန်းတို့၏ သားသမက်၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဝေဘာဂီလမ်း၊ အမှတ်(၁၉)၊ ပထမထပ်နေ ဒေါ်သူဇာဝေ၏ ခင်ပွန်း၊ မောင်ဖြိုးမင်းသုတ၊ မောင်ဇွဲဘုန်းမြတ်ဆွေတို့၏ ချစ်လှစွာသောဖခင် ဦးမျိုးမြင့်ဆွေ(ရုပ်ရှင်ဒါရိုက်တာ)သည် ၁၅-၆-၂၀၁၈ ရက် ည ၁၁း၄၅ နာရီတွင် ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ၁၉-၆-၂၀၁၈ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၆-၂၀၁၈ ရက် နံနက် ၇နာရီတွင် အမှတ်(၁၉)၊ ပထမထပ်၊ ဝေဘာဂီလမ်းအလုံမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးကြည်သိန်း(ဒုအရာခံဗိုလ်၊ ငြိမ်း)
## အသက်(၇၆)နှစ်
**စစ်ထောက်ချုပ်ရုံး**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ပြည်ပန်းညိုလမ်း၊ အမှတ်(၅၅၆)နေ (ဦးစိုးမောင်-ဒေါ်သိန်းကွန့်)တို့၏သား၊ (ဦးအုံးမောင်-ဒေါ်မြရှင်)တို့၏ သားသမက်၊ ဒေါ်စန်းစန်းရီ(ဌာနခွဲမှူး-ငြိမ်း၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်)၏ ခင်ပွန်း၊ (ဗိုလ်ကြီးအောင်မျိုးဦး-ငြိမ်း)-ဒေါ်ခင်မျိုးဝင်း၊ ဒေါ်မြတ်မြတ်စိုးတို့၏ဖခင်ကြီး၊ မောင်ဇော်လင်းထက်၏ အဘိုးသည် ၁၆-၆-၂၀၁၈ (စနေနေ့) ညနေ ၅း၂၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၁၈ (တနင်္လာနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်မာမာအေး
## အသက်(၅၉)နှစ်
**(ဘီလူးကျွန်း၊ ကမာကေးကျေးရွာ)**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ(၁)လမ်း၊ အမှတ်(၃၇၂)နေ ဦးတင်လှိုင်-(ဒေါ်တင်အောင်)တို့၏သမီး၊ (ဦးစံမြိုင်-ဒေါ်သန်းမြင့်)တို့၏သမီးချွေးမ၊ ဦးစည်သူအောင်-ဒေါ်မိုးမိုးလွင်၊ ဦးအေးကျော်-ဒေါ်လေးလေးလှိုင်၊ ဦးသန်းဇော်-ဒေါ်ခင်မို့မို့လှိုင်၊ ဦးကျော်သူအောင်-ဒေါ်သန်းသန်းစိုးတို့၏အစ်မ၊ ဦးရဲထွဋ်၏ဇနီး၊ မသဉ္ဇာလင်း၊ မောင်စိုးမိုးကျော်-မမျိုးဇာခြည်လင်း၊ မောင်စိုးဇော်ရှိန်း-မအိဖြူဖြူလင်းတို့၏မွေးသမိခင်၊ မြေးနှစ်ယောက်တို့၏အဘွား ဒေါ်မာမာအေးသည် ၁၇-၆-၂၀၁၈(တနင်္ဂနွေနေ့) နံနက် ၂း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၆-၂၀၁၈ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါသည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ရှုဝေ(ခ)ဒေါ်သန်းအေး
## အသက်(၈၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့၊ အမှတ်(၅၁/၂)၊ အောင်ဇေယျလမ်းနေ (ဦးကျင်လှိုင်-ဒေါ်ကျင်မြ)တို့၏ သမီး၊ (ဦးချိန်ဝှမ်း-ဒေါ်တင်-ဒေါ်ထက်ကာ)တို့၏ သမီးချွေးမ၊ (ဦးတင်စိန်)၏ဇနီး၊ ဦးအောင်နိုင်-ဒေါ်တင်ဦး၊ ဒေါ်ယဉ်ကြည်၊ ဦးစန်းလွင်-ဒေါ်ခင်စီ၊ ဦးဆန်းထွန်း-ဒေါ်အိအိခိုင်တို့၏မိခင်၊ မြေးရှစ်ယောက်တို့၏ အဘွားသည် ၁၇-၆-၂၀၁၈ ရက် နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၆-၂၀၁၈ ရက် နံနက် ၁၁ နာရီတွင် အထက်ပါ သုံးခွမြို့ နေအိမ်မှ ကရင်စုသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးဇင်အောင် (၈၁)နှစ်
**ကျန်းမာရေးဦးစီးဌာန**
**(စာရင်းအင်းအရာရှိ-ငြိမ်း)**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရွှေအုန်းပင်အိမ်ရာဝင်း၊ တိုက်(၁၂)၊ အခန်း(၁၄)နေ (ဦးအောင်သိန်း-ဒေါ်မိမိကြီး)တို့၏သား၊ (ဦးတင်ဖေ-ဒေါ်သောင်းသောင်း)တို့၏ သားသမက်၊ ဒေါ်အမာနီ၏ခင်ပွန်း၊ ဦးဝင်းမြင့်-ဒေါ်ဥမ္မာဇင်၊ ဦးကြည်မိုး-ဒေါ်နီလာဇင်၊ ဦးသီဟကျော်ဇင်-Mr's Polar၊ ဦးဝင်းကျော်-ဒေါ်အေးမိုးမိုးဇင်၊ ဦးအောင်ကျော်ဇေယျဇင်တို့၏ ဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၁၇-၆-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၆-၂၀၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍၂၃-၆-၂၀၁၈ (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အနိစ္စ

## ဒေါ်ရှုခင်(ခ)ချွာရှုတ်ခင်
## အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ မေဓာဝီလမ်းမ၊ အမှတ်(၅၈၀)၊ ရတနာသိင်္ဂီဈေးရှေ့နေ [ကျွမ်းတင့်ကင်း(ခ)ဦးအောင်မင်း]၏ ဇနီး၊ ဒေါ်သန်းသန်းအေး-ဦးလီဟွာမင်း၊ ဦးသန်းမြင့်-ဒေါ်မြမြဝင်း၊ ဒေါ်သန်းသန်းဝင်း-ဦးထွန်းဦး၊ ဦးသန်းဝင်း-ဒေါ်စန္ဒာအောင်၊ ဦးသန်းအောင်တို့၏ ချစ်လှစွာသောမွေးသမိခင်ကြီး၊ လီကြည်ဝှက်၊ လီကာကာ၊ မောင်ဟန်စည်သူထက်၊ မမြတ်ဖူးပွင့်ခိုင်၊ မယွန်းမြတ်သီရိ၊ မောင်ကောင်းမင်းခန့်၊ မောင်ဟိန်းထက်ဇော်၊ မောင်ရဲမင်းအောင်၊ ဝင့်ဂျူလိုင်တို့၏ ချစ်လှစွာသောအဘွားသည် ၁၆-၆-၂၀၁၈ (စနေနေ့) ည ၁၀း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးဖူးကျန့်တရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၆-၂၀၁၈(သောကြာနေ့) နံနက်တွင် မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ မေဓာဝီလမ်းမ၊ အမှတ်(၅၈၀) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်လှလှသော် (ရန်ကင်း)
## အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက်အမှတ်(၂၁၈)၊ အခန်း(၂၁)နေ (ဦးဘသော်-ဒေါ်ခင်မော်)တို့၏သမီး၊ (ဦးလှဝင်း-ဒေါ်ခင်စန်းရီ)၊ (ဒေါ်သန်းသန်းသော်)တို့၏ညီမ၊ (ဦးမောင်မောင်ကြည်)-ဒေါ်ရီရီချစ်၊ (ဦးမောင်မောင်ရီ-ဒေါ်သန်းလှ)၊ (ဦးမောင်မောင်စည်)-ဒေါ်စန်းစန်းတင့် တို့၏အစ်မ၊ တူ/တူမ ၂၀ ယောက်တို့၏အဒေါ်၊ မြေး ၁၅ ယောက်တို့၏ အဘွားသည် ၁၆-၆-၂၀၁၈ (စနေနေ့) ည ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၁၈ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (ရန်ကင်း ၁၂ လုံးတန်းနှင့် အမှတ်(၁၂/H)၊ ပုသိမ်လမ်း၊ မြကန်သာဥယျာဉ်အိမ်ရာတို့မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၆-၂၀၁၈ (သောကြာနေ့)တွင် အမှတ်(၁၂/H)၊ ပုသိမ်လမ်း၊ မြကန်သာဥယျာဉ်အိမ်ရာ ဦးအောင်မြင်-ဒေါ်အေးအေးမွန်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမြသန်း (သုဝဏ္ဏ)
**မြန်မာ့သစ်လုပ်ငန်း**
## အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စက်ဆန်း(၉)လမ်း၊ မြန်မာ့သစ်လုပ်ငန်းဝန်ထမ်းအိမ်ရာနေ ဦးရွှေသာ-ဒေါ်အေးလှတို့၏သား၊ ဒေါ်စိုးညွန့်ရီ(မြန်မာ့သစ်လုပ်ငန်း)၏ ခင်ပွန်း၊ ကိုအောင်ဖြိုးပိုင်(UNOPS Myanmar)-မမြရတနာစိုး (Waaneiza Worldwide Manufacturing Co.,Ltd.)၊ မောင်ဖြိုးဝေယံထက် (Fosa Travel Myanmar Co.,Ltd.)၊ မမြစန္ဒီစိုး(CAS-SEABRI Myanmar Project Office သစ်တောသုတေသနဌာန ရေဆင်း)တို့၏ဖခင်၊ ဦးသန်းနိုင်-ဒေါ်လွင်လွင်ဝင်းတို့၏ညီ၊ (ဦးတင်ရွှေ-ဒေါ်နီနီဝင်း)၊ ဒေါ်ဖြူဖြူရွှေ (အလယ်တန်းပြ၊ အထက-၁၊ သဃ်န်းကျွန်း-ငြိမ်း)၊ (ဦးသိန်းရွှေ)-ဒေါ်ချောစုလှိုင်၊ ဦးဝဏ္ဏထွေးတို့၏ အစ်ကိုသည် ၁၇-၆-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၄း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျေးဇူးရှင်မွေးသဖခင်၏ဆန္ဒအရ ယင်းနေ့နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၆-၂၀၁၈ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဘဒ္ဒန္တဥတ္တမာစာရ
## (ဥက္ကဋ္ဌ တိုင်းသံဃနာယက) (မဟာဒွါရ) (ဂန္ထဝါစကပဏ္ဍိတ)
## သိက္ခာတော်(၅၀)ဝါ၊ သက်တော်(၇၀)

ရန်ကုန်မြို့၊ အနောက်ပိုင်းခရိုင်စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ ပန်းတနော်လမ်း၊ လင်းလွန်းပင်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဥတ္တမာစာရသည် (၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်) ၁၂-၆-၂၀၁၈ (အင်္ဂါနေ့) နံနက် ၅း၃၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇဓာတ်ရုပ်ကလာပ်တော်ကို (၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၈ ရက်) ၂၀-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါကျောင်းတိုက် သာသနာ့ဗိမာန်တော်ကြီး၌ သာဓုကီဠပူဇာသဘင် ဆင်ယင်ကျင်းပပြီး မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်၍ အန္တိမအဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (ကျောင်းတိုက်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ဈာပနကော်မတီ

## ဦးခင်ကျော်
## အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ တိုက်(၈)၊ အခန်း(၁၀၁)၊ (၅)ရပ်ကွက်၊ ခရေ(၁)လမ်း၊ မြကန်သာအိမ်ရာနေ (ဦးတင်ကြည်-ဒေါ်တင်ရီ)တို့၏သား၊ ပြင်ဦးလွင်မြို့နေ (ဗိုလ်မှူးကြီးအောင်ခိုင်)-ဒေါ်ကျော့ရီတို့၏ သားသမက်၊ ဒေါ်အေးအေးခိုင်၏ ခင်ပွန်း၊ ဒေါ်တင်တင်မြင့်-ဦးတင်အေးငြိမ်း၊ ဦးဇော်သူရ-ဒေါ်ခင်သန်းနွဲ့၊ (ဦးလတ်မောင်ချို)-ဒေါ်ခင်စန်းမြင့်၊ ဒေါ်ကြည်ကြည်ဝင်း-ဦးသန်းနိုင် (Australia)၊ (ဦးဇော်ဝင်း)၊ ဦးဇော်မင်း-ဒေါ်ခင်အေးစီ၊ ဦးဇော်လင်း-မဝေ (Australia)တို့၏မောင်၊ ဒေါ်မဥ္ဇူတင်ကြည်-ဦးမြမောင်၊ (ဦးမြင့်အောင်)-ဒေါ်စန်းစန်းမာ၊ ဒေါ်သဇင်တင်ကြည်တို့၏ အစ်ကို၊ ဒေါ်အေးမြစန္ဒီကျော်-ဦးရဲနိုင်၊ ဒေါ်သက်မြသဥ္ဇာကျော်-ဦးအာကာဗိုလ်၊ ဒေါ်ခက်မြခိုင်ဇာကျော်တို့၏ ကျေးဇူးရှင်ဖခင်သည် ၁၆-၆-၂၀၁၈(စနေနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၆-၂၀၁၈ (သောကြာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးထိန်လင်း
## အသက်(၅၄)နှစ်
**တပ်တွင်းဒုရဲအုပ်လောင်းသင်တန်းအပတ်စဉ်(၁၅/၉၁)**
**ဒါရိုက်တာ (ထွန်းသက်ပိုင်ကုမ္ပဏီလီမိတက်)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဝရဇာ(၇)လမ်း၊ အမှတ်(၇၄၄-1B)နေ (ဦးကြင်ဆိုင်-ဒေါ်စန်းခင်)တို့၏ သား၊ (ဦးလှထွန်း)-ဒေါ်ကျင်အေး(ဆန်းဆန်းစတိုး)တို့၏ သားသမက်၊ ဒေါ်သန်းသန်းဌေး(ငြိမ်း-မြန်မာ့ဆက်သွယ်ရေး)၊ ဦးတင်ကိုကိုသောင်း-ဒေါ်နီနီအောင်၊ ဦးသန့်ဇင်ဦး(MD-ထွန်းသက်ပိုင်ကုမ္ပဏီ)-ဒေါ်ခင်မမထွန်း၊ ဦးမျိုးကိုကို-ဒေါ်သီသီအေးတို့၏ မောင်/အစ်ကို၊ မောင်သက်ပိုင်(ဆေးတက္ကသိုလ်-၂)၊ မောင်ခန့်ညီညီသောင်း (လေကြောင်းတက္ကသိုလ်၊ မိတ္ထီလာ)၊ မနေဝန်းလဲ့(ဗဟန်း-၂)တို့၏ ချစ်လှစွာသောဦးလေး၊ ဒေါ်တင်မမထွန်း(Finance Manager- Myanmar Arysta Lifescience Co., Ltd.)၏ချစ်လှစွာသောခင်ပွန်း၊ မောင်ရဲထိန်လင်း (ဒဂုံ-၁၊ တက္ကသိုလ်ဝင်တန်းအောင်)၏ချစ်လှစွာသောဖခင် ဦးထိန်လင်းသည် ၁၆-၆-၂၀၁၈ ရက်ည ၁၁း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၁၈ ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးထိန်လင်း
## အသက်(၅၄)နှစ်
**တပ်တွင်းဒုရဲအုပ်လောင်းသင်တန်းအပတ်စဉ်(၁၅/၉၁)**
**ဒါရိုက်တာ (ထွန်းသက်ပိုင်ကုမ္ပဏီလီမိတက်)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဝရဇာ(၇)လမ်း၊ အမှတ်(၇၄၄-1B)နေ (ဦးကြင်ဆိုင်-ဒေါ်စန်းခင်)တို့၏သား၊ (ဦးလှထွန်း)-ဒေါ်ကျင်အေး(ဆန်းဆန်းစတိုး)တို့၏သားသမက်၊ (ဦးကျော်မြင့်)-ဒေါ်သန်းသန်းဦး၊ ဦးထိန်ဝင်း-ဒေါ်သန်းသန်းဆွေ၊ ဦးသိန်းစိုးတို့၏ညီ၊ ဦးမြင့်သန်း-ဒေါ်အေးအေးသင်း၊ (ဦးဇော်မင်း)-ဒေါ်ပန်းမြတ်မွန်၊ ဦးအောင်တိုး-ဒေါ်ခိုင်ခိုင်သင်းတို့၏ ချစ်လှစွာသောအစ်ကို၊ ဒေါ်တင်မမထွန်း (Finance Manager-Myanmar Arysta Lifescience Co., Ltd.)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ရဲထိန်လင်း (ဒဂုံ-၁၊ တက္ကသိုလ်ဝင်တန်းအောင်)၏ချစ်လှစွာသောဖခင် ဦးထိန်လင်းသည် ၁၆-၆-၂၀၁၈ ရက် ည ၁၁း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၁၈ ရက် ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးသန်းဝင်း(ဘိုကလေး)
## အသက်(၆၇)နှစ်
**ကျောင်းအုပ်ကြီး(ငြိမ်း)**
**အလုပ်အမှုဆောင်အဖွဲ့ဝင်၊**
**ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)**

ဘိုကလေးမြို့နေ (ဦးအောင်မြင့်-ဒေါ်မြလွင်)တို့၏ သား၊ (ဦးအေးသန့်)-ဒေါ်စိန်မြတို့၏သားသမက်၊ ဒေါ်မာမာအေး(ကျောင်းအုပ်ဆရာမကြီး၊ အမက-၁၊ လသာ)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဖြိုးညီညီ၊ မောင်ဉာဏ်လင်းအောင်တို့၏မွေးသဖခင် ဦးသန်းဝင်း (ကျောင်းအုပ်ဆရာကြီး-ငြိမ်း)သည် ၁၇-၆-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၆-၂၀၁၈ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အလုပ်အမှုဆောင်များ၊ အသင်းသူ/အသင်းသားများလိုက်ပါပို့ဆောင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ (အသင်းရုံးမှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့
ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)

## ဦးခင်ကျော်
## အသက်(၅၉)နှစ်

ရန်ကုန်မြို့၊တိုက်(၈)၊အခန်း(၁၀၁)၊ (၅)ရပ်ကွက်၊ ခရေ(၁)လမ်း၊ မြကန်သာအိမ်ရာနေ (ဦးတင်ကြည်-ဒေါ်တင်ရီ)တို့၏ သား၊ ပြင်ဦးလွင်မြို့နေ (ဗိုလ်မှူးကြီးအောင်ခိုင်)-ဒေါ်ကျော့ရီတို့၏သားသမက်၊ ဒေါ်အေးအေးခိုင်၏ ခင်ပွန်း၊ ပြင်ဦးလွင်မြို့နေ ဦးချိုထွန်း၊ ဦးမောင်မောင်လွင်-ဒေါ်ဖြူဖြူခိုင်၊ ဒေါ်မာလာခိုင်၊ ဦးမြတ်သူရခိုင်-ဒေါ်ရွှေစင်ခိုင်၊ (ဦးလွင်မျိုးခိုင်)၊ ဦးရန်အောင် - ဒေါ်ကျော့ကေခိုင်တို့၏ အစ်ကိုကြီး၊ ဒေါ်အေးမြစန္ဒီကျော်-ဦးရဲနိုင်၊ ဒေါ်သက်မြသဥ္ဇာကျော်-ဦးအာကာဗိုလ်၊ ဒေါ်ခက်မြခိုင်ဇာကျော်တို့၏ ကျေးဇူးရှင်ဖခင်သည် ၁၆-၆-၂၀၁၈ (စနေနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၆-၂၀၁၈ (သောကြာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း မြို့နယ်အချို့ ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်

## ရေဘေးသင့်ပြည်သူများအား ဌာနဆိုင်ရာနှင့် အသင်းအဖွဲ့များ ကူညီစောင့်ရှောက်မှုပေး

**နေပြည်တော် ဇွန် ၁၇**

ဇွန် ၁၆ ရက်က ရွာသွန်းခဲ့သောမိုးကြောင့် မွန်ပြည်နယ်အတွင်းရှိ မြို့နယ်အချို့ ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ မိုးရွာသွန်းမှုကြောင့် ချောင်းဆုံ၊ မော်လမြိုင်၊ ပေါင်၊ သံဖြူဇရပ်စသည့်မြို့များ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

ချောင်းဆုံမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တောင်မြေပြိုကျပြီး လူနေအိမ်နှစ်လုံးနှင့် ဘုန်းကြီးကျောင်းဆောင် ပျက်စီးဆုံးရှုံးမှုများရှိခဲ့သည်။ ဖြစ်စဉ်တွင် ညောင်လန်းကျေးရွာ ရပ်ကွက်(၈)ရှိ ဦးသိန်းတန်၏ ပျဉ်ကာပျဉ်ခင်း နေအိမ်တစ်လုံး၊ ကလော့ကျေးရွာအုပ်စု အပြိုင်ကျေးရွာ ရပ်ကွက်(၁၂)ရှိ ဦးညွန့်လှိုင်၏ အုတ်ကာ အုတ်ခင်းနေအိမ်အနောက်ဘက်ခြမ်းနှင့် အပြိုင်ကျေးရာ ရပ်ကွက်(၈)ရှိ မွန်ဘုန်းတော်ကြီးကျောင်းဆောင် တောင်မြေပြိုကျခြင်းကြောင့် အနည်းငယ်ပျက်စီးမှုများ ဖြစ်ပွားခဲ့ကြောင်း၊ အဆိုပါသဘာဝဘေးဖြစ်ပွားသည့် နေရာများအား မြို့နယ်မှတာဝန်ရှိသူများနှင့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့ဝင်များက သွားရောက်ကူညီဆောင်ရွက်ပေးခဲ့ပြီး ဘေးအန္တရာယ်ဖြစ်ပွားခံခဲ့ရသည့် အိမ်ထောင်စုဝင် ၁၀ ဦးရှိရာ ကျေးရွာမှတာဝန်ရှိသူများက ကူညီစောင့်ရှောက်မှုများပေးခဲ့ကြောင်း သိရသည်။ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❖



ဘားအံ-မြဝတီ ကားလမ်း တံတားအမှတ်(၁၅)တွင် ရေတိုက်စားမှုကြောင့် ပျက်စီးမှုကို ပြုပြင်နေစဉ်။

## အင်အားအနည်းငယ်ရှိ ငလျင်တစ်ခုလှုပ်

**နေပြည်တော် ဇွန် ၁၇ -** ယနေ့ ည ၈ နာရီ ၁၂ မိနစ် ၃၆ စက္ကန့်အချိန်တွင် တောင်ငူမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၅၁ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ဖြူးမြို့၏ အနောက်တောင်ဘက် ၂၅ မိုင်ခန့်အကွာ) အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၆ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

**ကြေးမုံ**



## ရန်ကုန်၊ Southern နှင့် စစ်ကိုင်း အနိုင်ရ

**ရန်ကုန် ဇွန် ၁၇**

၂၀၁၈ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၆) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပသည်။

**(သုဝဏ္ဏကွင်း)**

| | | |
|---|---|---|
| ရန်ကုန် | - | နှစ်ဂိုး |
| ဖွဲ့ကပင် | - | ဂိုးမရှိ |

ရောဝတီကို အရေးနိမ့်ခဲ့သည့် အရှုံးကို ရန်ကုန်အသင်း ပြန်လည်ကုစားခဲ့ပြီး ဂိုးပြတ်အနိုင်ရလဒ်ရယူနိုင်ခဲ့သည်။ ခြေစွမ်းအရ ကွာခြားမှုမရှိသော်လည်း ရန်ကုန်အသင်းက အဆုံးသတ်သေချာ၍ အနိုင်ရခဲ့ခြင်းဖြစ်သည်။ ရန်ကုန်အသင်းသည် ဖွဲ့ကပင်အသင်းကို နှစ်ကျော့စလုံး အနိုင်ရခဲ့ခြင်းဖြစ်သည်။

ပွဲပယ်ခံထားရသည့် ဆယ်လာနှင့် မင်းကျော်ခန့်မှလွဲ၍ ရန်ကုန်အသင်း လူစုံထုတ်ခဲ့ပြီး ဖွဲ့ကပင်အသင်းမှာလည်း ရန်ကုန်အသင်းထံမှ အမှတ်ရယူနိုင်ရန် အကောင်းဆုံးလူစာရင်းဖြင့် ရင်ဆိုင်ခဲ့သည်။ ရန်ကုန်အသင်းသည် မောင်မောင်လွင်နှင့် ကျော်ဇင်ဦးတို့၏ ဘယ်ခြမ်းမှ အဓိကတိုက်စစ်ဆင်ခဲ့ပြီး မိနစ် ၃၀ တွင် မောင်မောင်လွင်က **စာမျက်နှာ ၇ ကော်လံ ၁ သို့** ○

ရန်ကုန်နှင့် ဖွဲ့ကပင်အသင်း ယှဉ်ပြိုင်နေစဉ်။

ရန်ကုန်မြို့ အောင်မင်္ဂလာအဝေးပြေး ယာဉ်ရပ်နားစခန်းတွင် အရေးပေါ်လူနာများ ကုသခြင်းနှင့် လွှဲပြောင်းခြင်း ဆေးခန်းဖွင့်ပွဲ ကျင်းပ

စာမျက်နှာ - ၅

ရခိုင်ပြည်နယ် ကျောက်ဖြူဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် သိုင်းချောင်းရေလှောင်တမံ

စာမျက်နှာ - ၈

ဆရာကောင်း (ဆေး – ၂) အင်္ဂလိပ်စာ (၁) ဒေါက်တာထွန်းထွန်းနိုင် မှ တည်ထောင်သော
ကောင်းထက်ကျော်
တန်းစုံကိုယ်ပိုင်အထက်တန်းကျောင်း
အဆင့်မြင့်စာသင်ဝိုင်းများ (၈၊၉၊၁၀ တန်း)
စခန်းသွင်းဘော်ဒါ (၉၊၁၀ တန်း)
ယခုနှစ် တက္ကသိုလ်ဝင်တန်းအောင်စာရင်းတွင် ကောင်းထက်ကျော်၏ သမိုင်းမှတ်တိုင်တစ်ခု
၆ဘာသာစုံဂုဏ်ထူးရှင် (၄) ဦး
၅ဘာသာဂုဏ်ထူးရှင် (၂၅) ဦး
၄ဘာသာဂုဏ်ထူးရှင် (၄၂) ဦး
၃ဘာသာဂုဏ်ထူးရှင် (၅၀) ဦး
၂ဘာသာဂုဏ်ထူးရှင် (၄၀) ဦး
၁ဘာသာဂုဏ်ထူးရှင် (၅၃) ဦး
ဂုဏ်ထူးရှင်စုစုပေါင်း (၂၁၄) ဦး
ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ တက္ကသိုလ်ဝင်တန်း ဖြေဆိုသူ ဆယ်၊ ရာဂဏန်း ဦးရေ ရှိသည့် အစိုးရကျောင်း၊ ကိုယ်ပိုင်ကျောင်းများ အားလုံးတွင် ကောင်းထက်ကျော်ကိုယ်ပိုင်အထက်တန်းကျောင်းသည် အောင်ချက် "၉၂.၉၄%" ဖြင့် ရန်ကုန်တိုင်းဒေသကြီး၏ အောင်ချက် အကောင်းဆုံးကျောင်း
ကိုယ်ပိုင်ကျောင်း - အမှတ်- ၃၂(ခ)၊ ဗိုလ်ချုပ်ပြတိုက်လမ်း (ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အနီး)၊ ဗိုလ်ချို(၁)ရပ်ကွက်၊ ဗဟန်း၊ ဖုန်း -၀၁ ၈၆၀၃၇၀၂၊ ၀၉ ၄၂၁၁၆၈၁၂၇၊ ၀၉ ၄၂၀ ၇၀၀၀၀၈
စာသင်ဝိုင်း - အမှတ်- ၂၆(က)၊ ဒဂုံသီရိလမ်း (သီတာလမ်းနှင့် အောင်မင်္ဂလာလမ်းအနီး) ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း -၀၁ - ၅၅၂၃၉၈၊ ၀၉ ၂၆၂၃၉၉၈၉၉
ဘော်ဒါ - အမှတ် - ၁၂၃၀-၃၁၊ နေမျိုးသူရလမ်း၊ (မဟာသန္တိသုခဘုန်းကြီးကျောင်းအနီး)၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း -၀၉ ၅၁၇၈၃၂၅